ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် တော်သလင်းလပြည့်၊ တနင်္လာနေ့။ Monday 24 September 2018 ၉၄၁၉

ကောင်းမှုကိုပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် အစိုးရယန္တရား ပြုပြင်ပြောင်းလဲမှု

- နိုင်ငံတော်အစိုးရ ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်တည်ဆောက်ရေးတွင် ဒီမိုကရေစီ တန်ဖိုးအရ၊ လူ့အခွင့်အရေးစံနှုန်းအရ လိုက်လျောညီထွေမဖြစ်တော့သည့်ဥပဒေများအား ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေပါသည်။
- နိုင်ငံတော်အစိုးရ ရည်မှန်းထားသည့် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရာတွင် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ၊ တရားရေးဆိုင်ရာ အဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့အစည်းများ၊ တရားရေးဝန်ထမ်းများနှင့် လုံခြုံရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးယန္တရားများကို ပြုပြင်ပြောင်းလဲ အရည်အချင်းမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

ရန်ကုန်စာတိုက်ကြီး အဆောက်အအုံ နှစ် (၁၁၀) ပြည့် အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်စာတိုက်ကြီး အဆောက်အအုံ နှစ် (၁၁၀)ပြည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ရန်ကုန်စာတိုက်ကြီး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်စာတိုက်ကြီး နှစ် (၁၁၀)ပြည့် အခမ်းအနားကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်မျိုးနှင့် ဦးသာဦး၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် ရန်ကုန်မြို့ပြအမွေအနှစ် စောင့်ရှောက်ရေးအဖွဲ့မှ ဒေါ်မိုးမိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် မြန်မာ့စာတိုက်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခမ်းအောင်တို့က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာကြသူ

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖

နှစ်ပေါင်း ၁၁၀ ပြည့်ပြီဖြစ်သော ရန်ကုန်စာတိုက်ကြီး အဆောက်အအုံကို တွေ့ရစဉ်။

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားတွင် ဖတ်ကြားသည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ၏ စာတမ်း

စာမျက်နှာ » ၆

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ဖတ်ကြားသည့် တအာင်း(ပလောင်) အမျိုးသားပါတီ၏ စာတမ်း

စာမျက်နှာ » ၇

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

စာမျက်နှာ » ၁၁

C B BANK

Contact Center : 01 231 777 0

www.cbbank.com.mm

contact@cbbank.com.mm

cbbankmyanmar

TRANSACTION BANKING SERVICES

- Account Receivable Solutions
- Account Payable Solutions
- Liquidity Management Solution
- Account Information Solution
- System Integration Solution
- Reconcilation Solution

ကြေးမုံ

စီးပွားရေးမောင်းနှင်အား ပြုပြင်ဆောင်ရွက်

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလည်ပတ်မောင်းနှင်မှုတွင် အဓိကကျသည့် နိုင်ငံခြားငွေကြေးအပြောင်းအလဲပေါ်တွင် မူတည်ကာ မောင်းနှင်ကြသည်။ လက်ရှိတွင် အဓိကငွေကြေးကိုင်တွယ်သည့် နိုင်ငံကြီး၏စီးပွားရေး စစ်ခင်းမှုကြောင့် ထိုငွေကြေးကိုအမှီပြုသည့် ကမ္ဘာ့နိုင်ငံများအားလုံး စီးပွားရေးကမောက်ကမ ဖြစ်ကြရသည်။ ယင်းအရေးတွင် မြန်မာနိုင်ငံမှာ ငွေကြေးမတည်ငြိမ်မှု ပိုမိုသက်ရောက်မှုရှိနေသည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ပို့ကုန်ထက် သွင်းကုန် ပမာဏများပြားသည်။ ထို့ကြောင့် ကုန်သွယ်မှုလိုငွေပြနေပြီး ကုန်သွယ်မှု မညီမျှသည့် အခြေအနေနှင့်ရင်ဆိုင်ရသည်။ ယင်းအခြေအနေတွင် အမေရိကန်ဒေါ်လာသည် ပြီးခဲ့သည့်လများမှစတင်၍ ပိုမိုခိုင်မာ အားကောင်းလာပြီး မြန်မာကျပ်ငွေသာမက တစ်ကမ္ဘာလုံးရှိ ငွေကြေးတန်ဖိုးများအားလုံး ကျဆင်းလာခဲ့သည်။ မြန်မာနိုင်ငံအဖို့မူ နိုင်ငံရေး၊ စီးပွားရေး အခြားအကြောင်းအချက်များလည်းရှိသဖြင့် အခြားနိုင်ငံများထက် ကျဆင်းမှုပိုမိုမြင့်မားလာရခြင်းဖြစ်သည်။

ထို့ကြောင့် မြန်မာကျပ်ငွေတန်ဖိုး သိသာစွာကျဆင်းခဲ့သည်။ ထိုသို့ကျဆင်းရသည့် အကြောင်းအရင်းတွင် ပြည်ပသက်ရောက်မှုမှ စတင်သည်ဆိုသော်လည်း ပြည်တွင်းအခြေအနေမှာ စီးပွားရေးအခြေအနေမညီမျှမှုပြဿနာများနှင့် စီးပွားရေးနှင့်ပတ်သက်သည့် အခြေခံအားနည်းချက်များရှိနေသောကြောင့်ဟု ဆိုနိုင်ကြောင်း နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားခဲ့သည်။

ယခုဖြစ်စဉ်တွင် အဓိကမှာ ကုန်သွယ်မှုနှင့် နိုင်ငံခြားငွေ ဆက်စပ်မှုဖြစ်သည်။ ကုန်သွယ်မှုတွင် တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံ့စီးပွားရေးကို များစွာထိခိုက်နစ်နာနိုင်သည်။ တရားမဝင်ကုန်သွယ်မှုကြောင့် ပို့ကုန်ဝင်ငွေလျော့နည်းကျဆင်းခြင်း၊ အခွန်ဘဏ္ဍာဆုံးရှုံးခြင်း၊ သဘာဝ သယံဇာတ ပြည်တွင်းအရင်းအမြစ်များပျက်သုဉ်းခြင်း၊ တရားမဝင် တင်သွင်းသော လူသုံးကုန်၊ စားသုံးကုန်များကြောင့် ပြည်တွင်းမှ ထုတ်လုပ်သော အသေးစား၊ အလတ်စားစက်မှုစီးပွားရေးလုပ်ငန်းများ ကြီးမားစွာ ထိခိုက်နစ်နာခြင်း၊ ထိုကုန်ပစ္စည်းများကြောင့် ပြည်တွင်းစားသုံးသူများအတွက် အန္တရာယ်ဖြစ်စေခြင်း စသည့် ဆိုးကျိုးများနှင့် ရင်ဆိုင်ရသောကြောင့် ထိုစိန်ခေါ်မှုများအား ဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းနိုင်ရန် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းသောကြောင့် လူသုံးကုန်၊ စားသုံးကုန်၊ လမ်းပန်းဆက်သွယ်ရေး၊ ခရီးသွားလာရေးမှအစ ပြည်သူများအတွက် အဘက်ဘက်တွင် အခက်အခဲရှိလာသည်။ မြန်မာကျပ်ငွေကျဆင်းခြင်းတွင် ကျပ်ငွေတန်ဖိုး သို့မဟုတ် ငွေလဲလှယ်နှုန်းကို လွှမ်းမိုးထားသည့် အဓိကအချက်များမှာ ကုန်သွယ်မှု လိုငွေ၊ အတိုးနှုန်း၊ ငွေဖောင်းပွမှုနှုန်းနှင့် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများဖြစ်သည်။ လက်ရှိတွင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများရှိနေသော်လည်း ဒေါ်လာဈေးမြင့်တက်မှုကြောင့် ကျပ်ငွေတန်ဖိုးကျဆင်းမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးဖောင်းပွမှုများနှင့် ကြုံတွေ့နေရာတွင် တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံ့စီးပွားရေးကဏ္ဍတွင် အရေးအကြီးဆုံးစိန်ခေါ်မှုဖြစ်သည်။ ယင်းကြောင့်ပင် နိုင်ငံခြားငွေကြေးရိုက်ခတ်မှု အမြင့်ဆုံးဖြစ်လာသည်။ ထို့ကြောင့် ကုန်သွယ်မှုလိုငွေလျှော့ချနိုင်ရေး၊ ပြည်တွင်းစီးပွားရေးဖွံ့စည်းတည်ဆောက်မှု မှန်ကန်ခိုင်မာပြီး သက်ရောက်မှုအမျိုးမျိုးအပေါ် ခံနိုင်ရည်ရှိစေရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍမှ သက်ဆိုင်သူများနှင့်ထိတွေ့ပြီး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေကြောင်း သိရှိရသည်။

သို့ဖြစ်ရာ ငွေကြေးဈေးကွက်ရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများ မှန်ကန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ကြိုးနီစနစ်နှင့် အဂတိလိုက်စားမှုများအား ရှောင်ရှားပြီး လက်ရှိနိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒများ၊ ရည်မှန်းချက်များနှင့်အညီ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုများကို အမြန်ဆုံး ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ကြရန် အထူးလိုအပ်မည်ဖြစ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ၂၀၁၈ ခုနှစ် ဂျပန်ခရီးသွားပြပွဲနှင့် ဝန်ကြီးများအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၃

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Tokyo Big Sight Convention Centre တွင် ကျင်းပသော၂၀၁၈ ခုနှစ် ဂျပန်ခရီးသွားပြပွဲ (Tourism Expo Japan 2018) (JATA) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မြန်မာနိုင်ငံပြခန်းကို ဖွင့်လှစ်ပေးသည်။

ပါဝင်ဆွေးနွေး

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဒုတိယအကြိမ်မြောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့(UNWTO)နှင့် ခရီးသွားဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပါဝင် ဆွေးနွေးသည်။ အဆိုပါဆွေးနွေးပွဲကို "ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း" ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့ပြီး အဓိက နယ်ပယ်ငါးခုဖြစ်သော ရေရှည်တည်တံ့ရေးနှင့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်း တိုးတက်ရေး၊ ကောင်းမွန်သော ခရီးသွားလုပ်ငန်းဆိုင်ရာ မူဘောင်ရေးဆွဲရေး၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား နည်းပညာပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရေးနှင့် ခရီးသွားဧည့်သည်များ၏ ခရီးသွားလာမှုပုံစံများ ပြောင်းလဲလာခြင်းတို့ကို အာဆီယံအဖွဲ့ဝင် ငါးနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံ၊ ဆူဒန်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိုက်စလန်နိုင်ငံ၊ လတ်ဗီးယားနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံတို့မှ ခရီးသွားဝန်ကြီးများ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့(UNWTO) ကမ္ဘာ့ခရီးသွားကောင်စီ(WTTC)၊ အာရှ-ပစိဖိတ် ခရီးသွားလုပ်ငန်းအဖွဲ့ (PATA)နှင့် အာဆီယံခရီးသွားနှင့် ကုန်သွယ်ရေးအဖွဲ့(ATTA)တို့မှ အတွင်းရေးမှူးချုပ်များ၊ CEO များ စုစုပေါင်း ၁၉ ဦးတို့က မိမိတို့၏ အမြင်နှင့် ခံယူချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် World Travel and Tourism Council ၏ ညစာခံကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်သည်။ ဆက်လက်၍ ဂျပန်နိုင်ငံမြေယာအခြေခံအဆောက်အအုံ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး Mr. Keiichi ISHII နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ မြန်မာ-ဂျပန် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု သဘောတူ စာချွန်လွှာလက်မှတ်ရေးထိုးရေး၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်မြို့၌ ချယ်ရီပန်းများ စိုက်ပျိုးရေး၊ ဂျပန်ခရီးသည်များအား ဗီဇာဖြေလျှော့ပေးမည့်ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ခရီးသွားလုပ်ငန်းရှင်များသည် ဂျပန်-မြန်မာ ချယ်ရီပန်းစိုက်ပျိုးရေးအသင်းနှင့် ဂျပန်-မြန်မာ ပါလီမန်ဆိုင်ရာ ချစ်ကြည်ရေးအသင်းတို့၏ဥက္ကဋ္ဌ Mr.AISAWA ICHIRO နှင့် တွေ့ဆုံခဲ့သည်။

စာချွန်လွှာလက်မှတ်ရေးထိုး

တွေ့ဆုံပွဲအပြီးတွင် Japan Tourism Agency သို့ သွားရောက်၍ ဂျပန်-မြန်မာ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်စင်နှင့်အတူ တက်ရောက်ခဲ့သည်။ ၎င်းနားလည်မှုစာချွန်လွှာကို Japan Tourism Agency မှ Commissioner Mr. Hiroshi Tabata နှင့် ဟိုတယ်နှင့် ခရီးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါနားလည်မှု စာချွန်လွှာအရ နှစ်နိုင်ငံကြား ခရီးသွားလုပ်ငန်း သတင်းအချက်အလက်များ ဖလှယ်ရေး၊ ခရီးသွားလုပ်ငန်းဈေးကွက် မြှင့်တင်ရေး၊ ခရီးသွားလူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရန် အထောက်အကူပေးရေးနှင့် နှစ်နိုင်ငံ ပြည်သူများ အပြန်အလှန်ခရီးသွားလာရာတွင် လုံခြုံစိတ်ချဘေးကင်းစေရေးတို့ကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ရှင်းလင်းပြောကြား

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သတင်းမီဒီယာများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ဂျပန်ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်နိုင်ရန် ဗီဇာကင်းလွတ်ခွင့်ပေးမည့် အစီအစဉ်များ၊ အနာဂတ်ခရီးသွား ဈေးကွက်မြှင့်တင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးကျော်မင်းထင်က မြန်မာနိုင်ငံ၏ ပုံရိပ်အမှတ်တံဆိပ်အသစ်ဖြစ်သော စွဲမက်ဖွယ်ရာ ပြည်မြန်မာ(Myanmar- Be Enchanted)ကို မိတ်ဆက်ရှင်းလင်းခဲ့ပြီး မီဒီယာများမှ မေးမြန်းသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

မြန်မာညနေခင်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာပြခန်း၌ ကျင်းပသည့် မြန်မာညနေခင်း အခမ်းအနားသို့ တက်ရောက်သည်။ မြန်မာပြခန်းတွင် မြန်မာ့ရိုးရာစောင်း၊ ဦးရွှေရိုးအကဖြင့် ဖျော်ဖြေခြင်း၊ ချင်း၊ ရခိုင်၊ ရှမ်းရိုးရာအကများဖြင့် ဖျော်ဖြေခြင်း၊ မြန်မာ့တိုင်းရင်းသား ဝတ်စုံများကို ဝတ်ဆင်၍ အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်းအစီအစဉ်များဖြင့် ဆောင်ရွက်ခဲ့ရာ ပြပွဲသို့ ဧည့်ပရိသတ်များစွာ လာရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းကလည်း စားသောက်ဆိုင်ခန်းဖွင့်လှစ်၍ မြန်မာရိုးရာအစားအစာများကို ရောင်းချခဲ့ရာ ပြပွဲသို့ လာရောက်သောဧည့်သည်များက နှစ်သက်စွာ အားပေးခဲ့ကြသည်။

Tourism Expo Japan 2018 တွင် မြန်မာနိုင်ငံအနေဖြင့် ဟိုတယ်နှင့် ခရီးသွားကုမ္ပဏီ ၁၃ ခုတို့မှ ပါဝင်ပြသခဲ့ပြီး မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို မြှင့်တင်ရောင်းချခဲ့သည်။ ယခုနှစ် ပြပွဲတွင် နိုင်ငံပေါင်း ၁၃၆ နိုင်ငံမှ ကုမ္ပဏီနှင့် အဖွဲ့အစည်းပေါင်း ၁၄၄၁ ခုတို့က ပြခန်းများ ပါဝင်ပြသခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

အရာတော်မြို့နယ်တွင် တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းကုသပေး

အရာတော် စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်းပြီး မုံရွာခရိုင် အရာတော်မြို့နယ် ကျွန်းတောကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

တိုင်းရင်းဆေး အခမဲ့ကွင်းဆင်းကုသပေးရေးအဖွဲ့သည် ကျွန်းတောကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ တိုင်းရင်းဆေးပညာဖြင့် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးပြီး ဆေးကုသရန်လိုအပ်သော ဝေဒနာရှင်များအား အကြောပြင်ကုသခြင်း၊ အပ်စိုက်ကုသခြင်း၊ ဆေးစည်း၊ ဆေးကပ်ခြင်း စသည့် ကုသနည်းများဖြင့် ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

"ရာသီဖျားနာရောဂါလောက်ကတော့ စမ်းသပ်၊ ဆေးပေးတယ်။ ကုသပေးဖို့လိုအပ်တဲ့ဝေဒနာရှင်တွေကိုတော့ တစ်ခါတည်းကုသပေးတယ်၊ ရက်ရှည်ကုသပေးဖို့ လိုအပ်တဲ့ဝေဒနာရှင်တွေကိုတော့ တိုင်းရင်းဆေးရုံကိုခေါ်ပြီး ဆက်လက်ကုသပေးဖို့ စီစဉ်ထားပါတယ်" ဟု တိုင်းဒေသကြီးတိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဦးသန်းထွန်းက ပြောသည်။

တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကွင်းဆင်းကုသရာတွင် တိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးဌာနမှ ဦးစီးမှူး ဦးပြေထွန်း၊ တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးသန်းထွန်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ တိုင်းရင်းဆေးဆရာကြီးများက ကွင်းဆင်းကုသပေးခဲ့ရာ အဆိုပါကွင်းဆင်းကုသရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိုက်ထွန်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေး စာလွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပ

ပုဂံ စက်တင်ဘာ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် ပုဂံဒေသရှိ သဗ္ဗညုစေတီတော် ပြုပြင်ထိန်းသိမ်းရေးအတွက် သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေး စာလွှာ လက်မှတ်ရေးထိုးပွဲကို စက်တင်ဘာ ၂၂ ရက်က သဗ္ဗညုဘုရား ပထမပစ္စယံရှိ အာရုံခံလိုဏ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပုဂံဒေသရှိ စေတီပုထိုးပေါင်း ၄၀၀ နီးပါးခန့် ပျက်စီးခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ သဗ္ဗညုဘုရားသည် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားများအနက်မှ တစ်ဆူဖြစ်ပါကြောင်း၊ သဗ္ဗညုဘုရားသည် ပုဂံတွင် စေတီပုထိုးများအနက် အလွန်ထင်ရှားသည့် ဉာဏ်တော်အမြင့်ဆုံးဘုရားတစ်ဆူဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့်အခမ်းအနားသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်မှုကို သဘောတူကြောင်းနှင့် သဗ္ဗညုဘုရားကို တရုတ်-မြန်မာ ပူးပေါင်းပြုပြင်ထိန်းသိမ်းရန်အတွက် နှစ်နိုင်ငံသဘောတူစာလွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားဖြစ်ပါကြောင်းနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်းကူညီသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေးစာလွှာကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြုပြင်ထိန်းသိမ်းရေးစာလွှာ လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်က ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံရှေးဟောင်းအမွေအနှစ်ဒေသမှ စေတီပုထိုးများကို ပြန်လည်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းကို နိုင်ငံတကာမှ ပူးပေါင်းကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရပါကြောင်း၊ ထိုသို့ပျက်စီးသွားသော စေတီပုထိုးများအနက်မှ ပုဂံရှိ ဉာဏ်တော်အမြင့်ဆုံး ဘုရားတစ်ဆူဖြစ်သော သဗ္ဗညုဘုရားအား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပူးပေါင်းပါဝင်ကူညီခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရာတွင် မိမိတို့တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ခေတ်မီနည်းပညာများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ကုန်ကျစရိတ်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဤပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်ရေးနှင့် အပြန်အလှန်နားလည်မှုကို မြှင့်တင်ရန်အတွက် အနာဂတ်တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဧည့်သည်တော်များ တံဆိပ်ခေါင်းပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

❖ **ရွှေဖုံးမှ**

များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခေတ်အဆက်ဆက်ပြသထားသော တံဆိပ်ခေါင်း ပြခန်းများကို လိုက်လံကြည့်ရှုကြသည်။

အသိပညာပေး

ဆက်လက်၍ မြန်မာ့စာတိုက်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ကြီးမှူးပြီး မြန်မာနိုင်ငံသားများအတွက် တိုင်းဒေသကြီးသုံးခု၏ စာပို့သင်္ကေတ အသိပညာဝေငှခြင်း အခမ်းအနားကို ကျင်းပသည်။

ကူညီဆောင်ရွက်

စာပို့သင်္ကေတဆိုင်ရာ ဗဟုသုတကြွယ်ဝခြင်းနှင့် လူမှုရေးနယ်ပယ်တွင် ပိုမိုကောင်းမွန်သော စာပို့လုပ်ငန်းဖြစ်လာစေခြင်းသည် အရေးကြီးသော အခန်းကဏ္ဍဖြစ်၍ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ကလည်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးသုံးခုအတွက် စာပို့သင်္ကေတစာအုပ်ထောက်ပံ့ခြင်းအပါအဝင် တိုင်းဒေသကြီးသုံးခု၏ စာပို့လုပ်ငန်းတိုးတက်လာစေရန် မြန်မာ့စာတိုက်အား ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အသုံးပြုပုံ ပြသ

အခမ်းအနားတွင် စာပို့သင်္ကေတ Ambassador အဖြစ် ခန့်အပ်ခံရသော မိုရီဆာကီဝင်း၏ သီဆိုဖျော်ဖြေမှုနှင့်အတူ တိုင်းဒေသကြီး သုံးခုအတွက် စာပို့သင်္ကေတစာအုပ်၊ ပိုစတာ၊ ပြက္ခဒိန်နှင့် ပို့စကတ်များကို JICA မှ မြန်မာ့စာတိုက်သို့ တင်ပြပေးအပ်မည်ဖြစ်ပြီး ကျောင်းသားကျောင်းသူများကလည်း ပို့စကတ်များတွင် စာပို့သင်္ကေတ အသုံးပြုပုံကို ပြသခဲ့သည်။ **သတင်းစဉ်**

Miss Universe Naypyitaw 2018 ပြိုင်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

Miss Universe Naypyitaw 2018 ပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Horizon LAKE View Resort ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၏ဇနီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်တိုင်း အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြိုင်ပွဲဦးစီးကျင်းပသူများနှင့် ပြိုင်ပွဲဝင်အလှမယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက Miss Universe Naypyitaw 2018 အကြောင်းနှင့် ပြိုင်ပွဲအကြောင်းကို မိတ်ဆက်ပေးပြီး အကဲဖြတ်ဒိုင်များနှင့် တစ်ဦးချင်းမိတ်ဆက်ပေးကာ စပွန်ဆာကုမ္ပဏီများနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင်အလှမယ်များက အကအလှများဖြင့် ပြိုင်ပွဲကို စတင်ဖွင့်လှစ်သည်။

ထို့နောက် ပြိုင်ပွဲဝင်အလှမယ်များ Main Sponsor နှင့်Venue Sponsor ကုမ္ပဏီများသို့ သွားရောက်လည်ပတ်ခဲ့သည့် လှုပ်ရှားမှုဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြိုင်ပွဲဝင်အလှမယ်များက မြန်မာဝတ်စုံများဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အလှမယ်များက Evening Gown ကို ယှဉ်ပြိုင်ကြပြီး ဆန်ခါတင် ရှစ်ဦးရွေးချယ်ခြင်း၊ ဧည့်သည်အဆိုတော်များနှင့်အတူ ဆန်ခါတင်ရှစ်ဦးက ယှဉ်ပြိုင်ခြင်း၊ ဆန်ခါတင်ငါးဦး ရွေးချယ်ခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် Miss Universe Naypyitaw 2017 အလှမယ် ဆုမြတ်ဖူး၏ Final Walk လျှောက်ခြင်းဖြင့် ဖျော်ဖြေပြီး တာဝန်ရှိသူများက Titleနှင့် Miss Universe Naypyitaw 2018 Winner ဆုများကို ချီးမြှင့်ကြကာ အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။ **သတင်းစဉ်**

Miss Universe Naypyitaw 2018 ပြိုင်ပွဲဝင်များကို တွေ့ရစဉ်။

Miss Universe Naypyitaw 2018 Winner ဆုရှင်များနှင့် တာဝန်ရှိသူများ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကျိုင်းတုံမြို့ ရေပေးဝေရေးစခန်းအားကြည့်ရှု တာချီလိတ်ခရိုင်အတွင်းရှိ မသန်စွမ်းများထောက်ပံ့ပွဲ တက်ရောက်

တာချီလိတ် စက်တင်ဘာ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် စက်တင်ဘာ ၂၃ ရက်တွင် ကျိုင်းတုံမြို့ ရေပေးဝေရေးစခန်းကို ကြည့်ရှုပြီး တာချီလိတ်မြို့ရှိ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီလဓမ္မကုန်းသာတောရကျောင်း ဆရာတော် ဘဒ္ဒန္တ အရှင်ကောဝိဒ (ဝစီပိတ်ဆရာတော်)အား ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့် နဝကမ္မအလှူငွေများ ဆပ်ကပ်လှူဒါန်းကာ ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားတွင် ပန်း၊ ဆီမီး၊ ရွှေသင်္ကန်းကပ်လှူ ပူဇော်ပြီး အလှူငွေများ လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးကော်မတီ ရေပေးဝေရေးစခန်းသို့ရောက်ရှိရာ စခန်းတာဝန်ခံများက မြို့တွင်းရပ်ကွက်များရှိ ပြည်သူများအတွက် နမ့်အာချောင်းမှ ရေကိုရေစစ်ကန်အဆင့်ဆင့်ဖြင့် ရေသန့်စင်ပြီးရေရရှိရေး ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ ကျိုင်းတုံမြို့အတွင်းရှိရပ်ကွက်ငါးခုကို နေ့စဉ် ရေဂါလန် ခြောက်သိန်းခန့် ပေးဝေလျက်ရှိရာ ယခုအခါ လက်ရှိသုံးစွဲလျက်ရှိသော နမ့်အာချောင်းမှ ရေသည် သုံးစွဲရန် လုံလောက်မှုမရှိသဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ထောက်ပံ့ငွေကျပ်သိန်း ၂၉၅၀ နှင့် ပြည်နယ်ရန်ပုံငွေများပူးပေါင်း၍ လက်ရှိ ရေပေးဝေရေးစခန်းမှ သုံးမိုင်ခန့်ဝေးကွာသော နမ့်ကွီချောင်းမှရေကို ရေပိုက်သွယ်တန်းပြီး သန့်စင်ကာ ပေးဝေဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချောင်းရေတိုက်စားနေမှုအခြေအနေနှင့် နမ့်အာချောင်းမှ ရေစစ်ကန်အဆင့်ဆင့်ဖြင့် ရေသန့်စင်ပေးဝေမှုများကို ကြည့်ရှုသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်အတွင်းရှိ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ လှူဒါန်းသည်။ ထို့နောက် ကျိုင်းတုံမြို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် မိုင်းဖြတ်မြို့ မြို့နယ်ဦးစီးမှူးရုံးများသို့ သွားရောက်ပြီး ထောက်ပံ့ရေးပစ္စည်းများသိုလှောင်ထားရှိမှုနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပသော မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ယနေ့အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်လာကြသော မသန်စွမ်းသူများအား ထောက်ပံ့ငွေများကို လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့သည်။ ယနေ့ထောက်ပံ့ငွေများ ပေးအပ်ရာတွင် တာချီလိတ်ခရိုင်အတွင်း မသန်စွမ်းသူ ၁၃၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၉၆၀၀၀၀၊ တာချီလိတ်ခရိုင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ငါးဖွဲ့အတွက် ထောက်ပံ့ငွေကျပ် ၁၅ သိန်းနှင့် တာချီလိတ်မြို့ BRP 14 နှင့် BRP15 ကြားမယ်ဟောက်ချောင်းကမ်းပါး အလျားပေ ၆၅၀ မြေထိန်းနံရံ တည်ဆောက်ရေးအတွက် ထောက်ပံ့ငွေကျပ် ၂၇၇၈၃၀၀၀၀ တို့ကို တာဝန်ရှိသူများက လက်ခံရယူပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ တာချီလိတ်ခရိုင်အတွင်း စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၈၃၂၉၀၀၀၀ ဖြစ်သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူလူထုထံသို့ ထောက်ပံ့ငွေ စုစုပေါင်းမှာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွက် ၅၉၄၄ ဒသမ ၉ သိန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အတွက် ၅၇၆ ဒသမ ၆ သိန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွက် ၄၄၅ ဒသမ ၂ သိန်းဖြစ်ပြီး စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၂၁၅၆ ဒသမ ၇ သိန်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မယ်ဟောက်ချောင်းကမ်းပါးမြေထိန်းနံရံ တည်ဆောက်မည့်နေရာကို သွားရောက်ကြည့်ရှုခဲ့ပြီး မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့်လာအိုနိုင်ငံတို့ဆုံရာ ရွှေတြိဂံဒေသသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ထိုးသတ်

ရန်ကုန် စက်တင်ဘာ ၂၃

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့က ကြီးမှူးပြီး Modern Myanmar Synergy Company Limited နှင့် H & S Group တို့ ပူးပေါင်းကျင်းပသည့် နိုင်ငံတကာရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲတက်ရောက်ရန် အားကုန်ထုတ်ယှဉ်ပြိုင်မှုအဖြစ် ၄၈ ကီလိုတန်းတွင် စောထွန်းမြိုင် (ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် ချစ်ဆူးငယ်(ရွှေသထုံ)တို့ သူတစ်ပြန်ကိုယ်တစ်ပြန် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ကြရာ ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်သဖြင့် ဒိုင်များ၏ အမှတ်ပေးစနစ်အရ ချစ်ဆူးငယ်(ရွှေသထုံ)က လည်းကောင်း၊ ထက်လင်းဦး(တိုက်ဂါး)နှင့် သန့်ဇင်ထူး (ခ)နေရိုင်း(ရွှေဘားလား) တို့ ပွဲစဉ်တွင် ခြေကန်ချက်၊ ဒူးတိုက်ချက်များ အားသာမှုရှိသော သန့်ဇင်ထူး(ခ)နေရိုင်း (ရွှေဘားလား)က လေးချီမြောက်တွင် ပြိုင်ဘက်ကိုအလဲထိုး၍ လည်းကောင်း အသီးသီးအနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ထို့နောက် မြန်မာနှင့် ထိုင်းရိုးရာလက်ဝှေ့စိန်ခေါ်ပွဲအဖြစ် တွဲဆိုင်းသုံးဆိုင်း ယှဉ်ပြိုင်ထိုးသတ်ကြရာ စောဖိုးထွန်း (သတ္တိ/မြန်မာ)နှင့် ရောဝီထရာ(ထိုင်း)တို့ ပွဲစဉ်တွင် ရောဝီထရာ (ထိုင်း)က လေးချီမြောက်တွင်လည်းကောင်း၊ ရဲသွေးနီ (တောင်ကလေး/ မြန်မာ)နှင့် ခင်မိုအင်တာမန်း(ထိုင်း)တို့ ပွဲစဉ်တွင် ရဲသွေးနီ၏ တရစပ်ထိုးချက်များကြောင့် ခင်မိုအင်တာမန်းမှာ ပထမအချီမှာပင် အနားတောင်းခဲ့ရပြီး ဆက်လက်ယှဉ်ပြိုင် ထိုးသတ်ရာ ပထမအချီ ၁ မိနစ် ၂၉ စက္ကန့်တွင် ရဲသွေးနီက အလဲထိုးဖြင့်လည်းကောင်း၊ ခနဲကို (သတ္တိ/ဂျပန်)နှင့် ဖစ်(ခ)ဆန်ခွန်း(ထိုင်း)တို့ ပွဲစဉ်တွင် ဖစ်(ခ)ဆန်ခွန်း၏ ဒူးတိုက်ချက်များကြောင့် ပထမအချီ ၁ မိနစ် ၁၅ စက္ကန့်တွင် ခနဲကိုမှာ အနားတောင်းလိုက်ရပြီး ဒုတိယအချီ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ ၁ မိနစ် ၂၃ စက္ကန့်တွင် ဖစ်(ခ)ဆန်ခွန်းက အလဲထိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ယင်းနောက် ၇၅ ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ ထွန်းလင်းခန့် (စစ်ကိုင်း)နှင့် စိုးမောင်ဦး(ရတနာပုံ) တို့ပွဲစဉ်တွင် စိုးမောင်ဦး၏ အားပါသော လက်သီးထိုးချက်များကြောင့် ထွန်းလင်းခန့်မှာ ပထမအချီတွင် အမှတ်စဉ်အရေခံခဲ့ရပြီး ဒုတိယအချီ ၅၄ စက္ကန့်တွင် စိုးမောင်ဦးက အလဲထိုးဖြင့်လည်းကောင်း၊ စောဆဝါး (ဒို့ရိုးရာ)နှင့် ထွန်းနောက်ကြယ် (မုဒုံစတား)တို့ပွဲစဉ်တွင် ဒုတိယအချီ ၂၄ စက္ကန့်တွင် ထွန်းတောက်ကြယ်မှာ ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့ခြင်းကြောင့် စောဆဝါးက လည်းကောင်း အသီးသီးအနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

နောက်ဆုံးတွဲဆိုင်းအဖြစ် အမျိုးသမီးစိန်ခေါ်ပွဲတွင် နော်ဥမ္မာစိုး (ဖီးနစ်)နှင့် စုလှိုင်ဦး (တောင်ဇလပ်) တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

သတင်း-ရာမည
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

စောဖိုးထွန်း(သတ္တိ/မြန်မာ)နှင့် ရောဝီထရာ(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်တွင် ၅၄ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးစိန်ဝင်း ဦးစီးပြီး တပ်ဖွဲ့ဝင် အင်အား ၅၀ တို့က ဥတ္တရသီရိရပ်ကွက်ရှိ ခုတင် ၅၀ ဆေးရုံတွင် စုပေါင်း သန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်ကြစဉ်။ **ခွန်းဆက်နေ**

၅၄ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညို ပိန္နဲပေါက် ပူးပေါင်းစစ်ဆေးရေးဂိတ်မှ တာဝန်ခံ ရဲအုပ်လင်းထိန် ဦးစီးတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၃ ရက်က တောင်ညိုအုပ်စု အမှတ် ၅၂ သစ်စက် အခြေခံပညာမူလတန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကျော်လှိုင်သင်း (နေပြည်တော်)

၅၄ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက်က ပဲခူးမြို့ မဇင်းရပ်ကွက် ကြေးနီကန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် တိုင်းဒေသကြီးသတင်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲမှူး ယာယီရဲမှူးဝင်းအောင် ဦးစီး၍တပ်ဖွဲ့ဝင်အင်အား ၂၀ တို့က ကျောင်းဝင်းအတွင်းရှိ အမှိုက်များနှင့်ချုံနွယ်များအား သန့်ရှင်းရေးဆောင်ရွက်စဉ်။

သန့်ဇင်(ပဲခူး)

လေကြောင်းရဲတပ်ဖွဲ့ စုပေါင်းသွေးလှူဒါန်း သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၃ (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ လေကြောင်းရဲကွပ်ကဲမှု အဖွဲ့ခွဲမှူး (ရန်ကုန်)မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးထူးအောင်၊ လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ ရဲမှူးကြီး မျိုးမင်း၊ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးအောင်မိုးဦးတို့ ဦးစီးသည့် တပ်ဖွဲ့ဝင် ၅၁ ဦးတို့က စုပေါင်းသွေးလှူဒါန်းခြင်းနှင့် တပ်ဖွဲ့ဝင် ၆၂ ဦးတို့က ဆေးရုံကြီးဝင်းအတွင်း၌ အမှိုက်များ၊ ချုံနွယ်များ ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

ရေဝတီတိုင်းဒေသကြီး ဓမ္မာရုံ မုခ်ဦးဖွင့်ပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ဂုဏ်ပြုမှတ်တမ်းလွှာများကို အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်က အလှူရှင်များသို့ပေးအပ်၍ အဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့ရှိ ရေဝတီတိုင်းဒေသကြီး၏ မြို့နယ်အသင်းအသီးသီးနှင့် ရေဝတီတိုင်းဒေသကြီး ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးအကျိုးတော်ဆောင်အဖွဲ့တို့ စုပေါင်း၍ (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ရေဝတီတိုင်းဒေသကြီး ဓမ္မာရုံမုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ယင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ အကျိုးတော်ဆောင်အဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသည့် ရေဝတီတိုင်းဒေသကြီးမှ ဆရာတော်၊ သံဃာတော်များ၊ ရန်ကုန်မြို့ရှိ ရေဝတီတိုင်းဒေသကြီး၏ မြို့နယ်အသင်းအသီးသီးမှ အသင်းဝင်မိသားစုများ၊ ဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အကျိုးတော်ဆောင်အဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အောင်ဆန်းဆရာတော် ဒေါက်တာဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ၊ ဂုဏ်ထူးဆောင်နာယက ဦးသိန်းအောင်နှင့် ဗိုလ်ချုပ်ကိုကိုနိုင်(ငြိမ်း)တို့က မုခ်ဦးကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလှူရှင်များက ဓမ္မာရုံပြုပြင်တည်ဆောက်ထားသည့် ဗုဒ္ဓရုပ်ပွားတော်များ အခန်း ၁၈ ခန်းကို ဆက်လက်ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ပြုလုပ်ရာ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဒေါက်တာရွှေမန်းဦးသူရိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် ဂုဏ်ထူးဆောင် နာယက၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံမှ ပေးပို့သည့် သဝဏ်လွှာကို ကော်မရှင်အဖွဲ့ဝင် ဦးအေးဟန်က ဖတ်ကြားသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်က အလှူရှင်များသို့ပေးအပ်၍ အဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ အောင်ဆန်းဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

မိတ္ထီလာမြို့ သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ညပိုင်းမြင်ကွင်း။

❋ ကျော့ဖုံးမှ

မဟုတ်ဘဲ ညဘက်အချိန်တွေမှာလည်း လာရောက်လည်ပတ်သူတွေနဲ့ ကြိတ်ကြိတ်တိုးစည်ကားပါတယ်" ဟု ၁၃၅ ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် သတင်းပြန်ကြားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိတ္ထီလာတွင် ကျင်းပလျက်ရှိသည့် ၁၃၅ ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ၊ ချားရဟတ်၊ ချားဒုံးပျံ၊ ပင်လယ်လှေ စသည့် ပျော်ပွဲရွှင်ပွဲများအပြင် ဘုရားပွဲဈေးတွင် ဈေးဆိုင်ခန်း ၈၀၀ ကျော်ဖြင့် မြန်မာ့ရိုးရာအစားအစာများ၊ လူသုံးကုန်ပစ္စည်းများ၊ စားဖိုဆောင်သုံးပစ္စည်းများ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများ စသည်တို့ကို ခင်းကျင်းရောင်းချလျက်ရှိရာ နေ့အချိန်တွင်သာမက ညအချိန်တွင်လည်း ဘုရားပွဲတော် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

❋ ၂၀၁၈ MNL မှ

၂၀၁၅ ဘောလုံးရာသီတွင် အမှတ်ပေးချန်ပီယံဖြစ်ပြီးနောက်ပိုင်း ချန်ပီယံဆုနှင့် ဝေးကွာနေသည့် ရန်ကုန်အသင်းသည် ယခုရာသီတွင် ဖလားလက်မဲ့အခြေအနေကို အဆုံးသတ်နိုင်ခဲ့ပြီး ချန်ပီယံဆုအား တစ်ကျော့ပြန် ရယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် အမှတ်ပေးချန်ပီယံဆုကို ငါးကြိမ်မြောက် ရယူနိုင်ခဲ့ပြီး MNL အမှတ်ပေးပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းဖြစ်လာသည်။ ထို့ပြင် နည်းပြ ဦးမျိုးမင်းထွန်းသည် အမှတ်ပေးချန်ပီယံဆုအား တတိယမြောက် ရသည့် ပြည်တွင်းနည်းပြဖြစ်လာပြီး ကစားသမားနှင့် နည်းပြဘဝ နှစ်ခုစလုံးတွင် ချန်ပီယံဆုရသည့် ပထမဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ရန်ကုန်အသင်းသည် Southern အသင်းကို နှစ်ကျော့စလုံး ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် နိုင်ပွဲရရေးအတွက် လူစုံထုတ်လာသလို နိုင်ပွဲရမှ ချန်ပီယံဆုရမည်ဖြစ်သောကြောင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ Southern အသင်းမှာမူ အဓိကကစားသမားများ ပွဲပယ်ခံထားရသောကြောင့် အဝေးကွင်း၌ ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ ဂိုးသမား ပြည့်ဖြိုးအောင် အမှားနည်း၍သာ ယခုထက်ဂိုးပိုမပေးရခြင်းဖြစ်သည်။ ရန်ကုန်အသင်းမှာလည်း ဆန္ဒစောနေသောကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ၂၉ မိနစ်မှ ဂိုးစရခဲ့သည်။ ရန်ကုန်အသင်းအတွက် အဖွင့်ဂိုးကို မောင်မောင်လွင်က ထောင့်ဖြတ်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်း ကစားပုံပိုကောင်းလာပြီး ၄၄ မိနစ်တွင် ကျော်ဇင်ဦးက ဒုတိယဂိုးထပ်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းကသာ ပွဲကို ဆက်လက်စိုးမိုးထားပြီး ၆၁ မိနစ်တွင် မောင်မောင်လွင်၏ ဖြတ်တင်ဘောမှတစ်ဆင့် ကျော်ဇင်ဦးက မြေမကျကန်သွင်းကာ တတိယဂိုး ရယူပေးခဲ့သည်။ သုံးဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းက ပွဲကိုထိန်းကစားသွားပြီး စတုတ္ထအနိုင်ဂိုးကို လူစားဝင်တိုက်စစ်မှူး စိုးမင်းနိုင်က ၇၇ မိနစ်တွင် သွင်းယူခဲ့သည်။ ယင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ယင်းပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဒိုင်လူကြီးများ၊ ပထမဆုရ ရန်ကုန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကြေး ငွေကျပ်သိန်း ၁၀၀၀ နှင့် ချန်ပီယံဆုဖလားကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒု-ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

အခြားပွဲများတွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ပဲခူးကွင်း၌ ဟံသာဝတီအသင်းက ဧရာဝတီအသင်းကို ငါးဂိုး-ဂိုးမရှိ၊ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းက စစ်ကိုင်းအသင်းကို သုံးဂိုး-ဂိုးမရှိ၊ သုဝဏ္ဏကွင်း၌ ရခိုင်အသင်းက မကွေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ရန်ကုန်အသင်းက ၅၁ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၅၀၊ ဇွဲကပင်အသင်းက ၃၇ မှတ်၊ ဟံသာဝတီအသင်းက ၃၆ မှတ်၊ ရတနာပုံအသင်းက ၃၄ မှတ်၊ Southern နှင့် မကွေးအသင်းက ရမှတ် ၃၀ စီ၊ ဧရာဝတီအသင်းက ၂၉ မှတ်၊ ရခိုင်အသင်းက ၂၈ မှတ်၊ စစ်ကိုင်းအသင်းက ၂၁ မှတ်၊ GFA အသင်းက ရမှတ် ၂၀၊ မြဝတီအသင်းက နှစ်မှတ်ရခဲ့သည်။ ယခုရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်ပြီး ရန်ကုန်အသင်းက ချန်ပီယံဆုရကာ ရှမ်းယူနိုက်တက်အသင်းက ဒုတိယ၊ ဇွဲကပင်အသင်းက တတိယ၊ ဟံသာဝတီအသင်းက စတုတ္ထ၊ ရတနာပုံအသင်းက ပဥ္စမနေရာတွင် ရပ်တည်ကာ GFA နှင့် မြဝတီအသင်းမှာ တန်းဆင်းခဲ့ရသည်။

သတင်း-ရှိုင်းထက်ဖော်
ဓာတ်ပုံ-ဖိုးသော်ဇင်

○ မြန်မာ ယူ-၁၆ မှ

ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ အုပ်စုတွင်း ပြိုင်ဘက်အသင်းများထက် ခြေစွမ်းပိုင်းသာလွန်နေသည့် မြန်မာအသင်းသည် ပွဲတိုင်းဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် မြတ်နိုးခင်၊ ဆွေမာအောင်၊ ဇင်မာထွေး စသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက ဖိလစ်ပိုင်အသင်းကို ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ဖိလစ်ပိုင်အသင်းသည် အကောင်းဆုံးအုပ်စု ဒုတိယနေရာ မျှော်လင့်နိုင်ရန်အတွက် ပွဲစကတည်းက ပေးဂိုးနည်းရန် ကြိုးပမ်းသော်လည်း ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးပေးလိုက်ရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပွဲအစ ၁၅ မိနစ်တွင် ဇင်မာထွေးသွင်းယူသည့် ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး နှစ်မိနစ်အကြာတွင် ဖိလစ်ပိုင်နောက်ခံလူ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သောကြောင့် မြန်မာအသင်း ဒုတိယဂိုးရခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက စိတ်ကြိုက်ဖိကစားသွားပြီး ပထမပိုင်းပြီးခါနီးတွင် ဆွေမာအောင်နှင့် ဒုတိယပိုင်းအစတွင် ဇင်မာထွေးတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ၆၄ မိနစ်တွင် ဖိလစ်ပိုင်အသင်း ချေပဂိုးတစ်ဂိုးပြန်သွင်းသော်လည်း ပွဲပြီးခါနီးတွင် တိုက်စစ်မှူး ဆွေမာအောင်က ပဉ္စမဂိုးသွင်းယူခဲ့သည်။

အုပ်စု(င)ပွဲစဉ်များအပြီးတွင် မြန်မာအသင်းက သုံးပွဲကစား သုံးပွဲနိုင် ကိုးမှတ်ဖြင့် ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခဲ့သည်။ မြန်မာအသင်းသည် မလေးရှားကို သုံးဂိုးပြတ်၊ အိမ်ရှင်နီပေါကို ၁၁ ဂိုး-တစ်ဂိုး၊ ဖိလစ်ပိုင်ကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပထမအဆင့် ခြေစစ်ပွဲကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပခဲ့ပြီး ထိပ်ဆုံးခြောက်သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယနှစ်သင်းမှာ နောက်တစ်ဆင့်တက်ခွင့်ရခဲ့ပြီး ဒုတိယအဆင့်ခြေစစ်ပွဲကို လေးသင်းနှစ်အုပ်စုခွဲ၍ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဖော်
ဓာတ်ပုံ-MFF

အိမ်ထောင်ရှင်အလှမယ်ရွေးချယ်ပြိုင်ပွဲ ရှမ်းပြည်နယ် ကျောက်မဲမြို့၌ ကျင်းပ

သီပေါ စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်မှ မြို့မိမြို့ဖများကြီးမှူး၍ အိမ်ထောင်ရှင်အလှမယ်ရွေးချယ်ပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက်က မြို့ကျက်သရေဆောင်ခန်းမ၌ ညနေ ၄ နာရီမှ ည ၁၂ နာရီခွဲအထိ ကျင်းပခဲ့သည်။

အခမ်းအနားကို အပျိုတော်အကဖြင့် စတင်ဖွင့်လှစ်၍ Mrs Graceful Myanmar 2018 CEO; Miss မခိုင်သွယ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အိပ်ထောင်ရှင်အလှမယ်ရွေးချယ်ပြိုင်ပွဲ စတင်ကျင်းပရာ ပထမဆုကို မအေးအေးခိုင်(ကျောက်မဲ)၊ ဒုတိယဆုကို နန်းမေကြည်ဦး(ကျောက်မဲ)နှင့် တတိယဆုကို နန်းမိုဆိုင်(ကျောက်မဲ)တို့က ဆွတ်ခူးရရှိကာ ဆုများကို မခိုင်သွယ်၊ မြို့မိ မြို့ဖများနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ချီးမြှင့်ပေးအပ်သည်။

အလုပ်တာဝန်၊ အိမ်ထောင်တာဝန်များနှင့် အချိန်ကုန်နေကြသော နောင်အနာဂတ်အလင်းတန်း သားသား၊ မီးမီးတို့၏ ပဲ့ကိုင်ရှင် မေမေများ အိမ်တွင်းပုန်းမနေကြဘဲ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထူးချွန်ထက်မြက်ပြီး စံပြ ဇနီးကောင်း၊ စံပြ မိခင်ကောင်းများအဖြစ် ပျော်ရွှင်သာယာသော မိသားစုဘဝများ ပိုင်ဆိုင်စေရန်နှင့် ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်ဆောင်နိုင်သော အမျိုးသမီးများအဖြစ် ရပ်တည်နိုင်ရေး ရည်ရွယ်လျက် အိမ်ထောင်ရှင်အလှမယ်ရွေးချယ်ပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း မြို့မိမြို့ဖ ဦးမျိုးညွန့်က ပြောသည်။

အိမ်ထောင်ရှင်အလှမယ် ရွေးချယ်ပြိုင်ပွဲသို့ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ နမ့်ဆန်၊ သိန်းနီနှင့် လားရှိုးမြို့နယ်များမှ ကိုယ်စားပြု ၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး နှစ်သိမ့်ဆုများအဖြစ် ၂၂ ဆုအထိ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ စာတမ်း

ယနေ့ မြန်မာနိုင်ငံအနေဖြင့် ပြုလုပ်ကျင်းပသည့် (၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ဂုဏ်သရေရှိ လူကြီးမင်းများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီမှ ဦးခွန်အောင်ကျော် ဖြစ်ပါသည်။

ယနေ့ စက်တင်ဘာလ ၁၅ ရက်နေ့သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ဒီမိုကရေစီစနစ်ထွန်းကားလာရေးကို ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ် သတ်မှတ်ရန် နိုင်ငံတကာပါလီမန်အဖွဲ့ (IPU) မှ ၂၀၀၇ ခုနှစ်တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်ဟု သိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို ၂၀၁၁ ခုနှစ်တွင် စတင်ကျင်းပလာခဲ့သည်မှာ ယနေ့ထိတိုင် ရှစ်ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အား ကျင်းပခြင်းသည် "မိမိတို့သည် ဒီမိုကရေစီကို မြတ်နိုးသူနှင့် မိမိတို့နိုင်ငံသည်ဒီမိုကရေစီနိုင်ငံ"ဖြစ်ကြောင်းကို ပြသလိုခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီဟုဆိုပါက "ပြည်သူလူထုက မိမိတို့ကြိုက်နှစ်သက်သည့်အစိုးရအား မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခွင့်ရှိသည့်စနစ်" ဖြစ်သည်ဟု အားလုံးနားလည်လက်ခံထားကြပါသည်။ သို့သော် နိုင်ငံအသီးသီးမှ ကျင့်သုံးနေကြသည့် ဒီမိုကရေစီစနစ်၌ နည်းလမ်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် ကွဲပြားခြားနားသည်ကို ကျွန်ုပ်တို့အနေဖြင့် သတိချပ်စရာအချက်များဖြစ်ပါသည်။ အဓိကအချက်မှာ ကျွန်ုပ်တို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေ၊ သမိုင်းအခြေအနေ၊ ယဉ်ကျေးမှုအခြေအနေ စသည့် ရေခံမြေခံနှင့် သင့်တော်သည့်နည်းလမ်းဖြင့် တည်ဆောက်သွားရမည်ဖြစ်ပါသည်။

ဒီမိုကရေစီစံနှုန်းသည် "လွတ်လပ်မှု၊ တန်းတူမှု၊ စည်းကမ်းရှိမှု"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်နှင့်အညီ ဒီမိုကရေစီ၏ အနှစ်သာရ မပျောက်ကွယ်၊ မပျက်စီးစေရန် ပြည်သူများအကြား ဒီမိုကရေစီစိတ်ဓာတ်ကို အစဉ်မြှင့်တင်ပေးရမည်ဖြစ်သကဲ့သို့ အစိုးရနှင့် ပြည်သူအားလုံး လိုက်နာကျင့်သုံးကြရန်လည်း လိုအပ်ပါသည်။ ပြည်သူအားလုံးသည် ဒီမိုကရေစီစနစ်ကို နားလည်ပြီး အသိပညာပြည့်ဝစွာဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းထိန်းသိမ်းမှသာလျှင် အနှစ်သာရပြည့်ဝပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ရရှိနိုင်မည်ဖြစ်ပါသည်။

ဤနေရာတွင် ကျွန်ုပ်တို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) အနေဖြင့် ပြောကြားလိုသည်မှာ မည်သည့်စနစ်တွင်မဆို ရာနှုန်းပြည့်ကောင်းသည့်စနစ်

ဦးခွန်အောင်ကျော်

ပြည်သူအားလုံးသည် ဒီမိုကရေစီစနစ်ကို နားလည်ပြီး အသိပညာပြည့်ဝစွာဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းထိန်းသိမ်းမှသာလျှင် အနှစ်သာရပြည့်ဝပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ရရှိနိုင်မည်ဖြစ်ပါသည်။

မရှိပါ။ အားသာချက်ရှိသော စနစ်ရှိသကဲ့သို့ အားနည်းချက်များလည်း ရှိတတ်သည့် သဘောသဘာဝကိုလည်း လက်ခံနိုင်မှသာလျှင် ကျွန်ုပ်တို့ တစ်တွေ ဖြေသာလို့ရမည်ဖြစ်ပါသည်။ ယခုလက်ရှိ ကျွန်ုပ်တို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေပြီဖြစ်သော်လည်း ပြဿနာများစွာ ရင်ဆိုင်နေရသည်ကို ဝန်ခံရလိမ့်မည် ဖြစ်သည်။ ဤသည်များသည် ဒီမိုကရေစီရင့်ကျက်မှု မရှိသေးသည့်နိုင်ငံနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းသည့် နိုင်ငံများ၌ ဖြစ်ပေါ်တတ်သည့် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ ယခုအချိန်တွင် ပြဿနာများကို အစိုးရနှင့် ပြည်သူများက ဒီမိုကရေစီနည်းကျကျဖြင့် ဖြေရှင်း၍ရနိုင်သည့် နည်းလမ်းများကိုသာ ရှာဖွေရမည်ဖြစ်ပါသည်။ ပြဿနာများအား ဖြေရှင်းနိုင်ရန်အတွက် ဒီမိုကရေစီစနစ်တွင် အာဏာသည် ပြည်သူကသာပိုင်သည့်အတွက်ကြောင့် ပြည်သူတွင်လည်း တာဝန်ရှိသကဲ့သို့ ပြည်သူမှ ရွေးချယ်တင်မြှောက်ထားသည့် အစိုးရအဖွဲ့တွင်လည်း ပိုမို၍ တာဝန်ရှိမည် ဖြစ်ပါသည်။

ယခုလက်ရှိ ကျွန်ုပ်တို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်မှ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆီသို့ ဦးတည်သွားနေသည့် ကာလပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဖက်ဒရယ်ပြည်ထောင်စုသို့ ဖော်ဆောင်သွားနေသည့်အချိန်တွင် ဒီမိုကရေစီစနစ်ကို ပိုမိုခိုင်မာစေရန် တည်ဆောက်ရမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ် ခိုင်မာမှုမရှိပါက ဖက်ဒရယ်သို့ သွားရာလမ်းသည်လည်း ခိုင်မာမှုရှိမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဖက်ဒရယ်၏ ပုံစံသည် အာဏာခွဲဝေမှု၊ မတူကွဲပြားမှု၊ လူနည်းစုအခွင့်အရေးစသည်တို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး ဤသည်များသည် လူနည်းစုဒီမိုကရေစီကျင့်စဉ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်အတွက် ယခု ကျွန်ုပ်တို့ ကျင့်သုံးနေသည့် ဒီမိုကရေစီစနစ်အား ပိုမိုခိုင်မာစေရန်အတွက် တည်ဆောက်ထားရန် လိုအပ်ပါသည်။

ကျွန်ုပ်တို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) အနေဖြင့် ဒီမိုကရေစီဆောင်ပုဒ်ဖြစ်သည့် "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး" ဆိုသည့်အတိုင်း မြန်မာ့ဒီမိုကရေစီစနစ်ကြီး ထွန်းကားလာစေရန်အတွက် မှန်ကန်သည့်အမြင်၊ မျှတသည့်ကျင့်စဉ်များနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ လက်တွဲပူးပေါင်း၍ ကြိုးစားအားထုတ်သွားမည်ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် ယနေ့ (၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှလည်း မြန်မာနိုင်ငံဖက်ဒရယ်ပြည်ထောင်စုအတွက် ရလဒ်ကောင်းများ ပေါ်ထွက်ကာ နိုင်ငံတော်ကြီး အမြန်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

တွံတေးမြို့ရှိ ပုစွန်မွေးမြူသူများအတွက် နည်းပညာသစ်များအခမဲ့ဖြန့်ဝေ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး အစိုးရကြီးကြပ်ဆောင်ရွက်မှုဖြင့် တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာပိုင်အိုးနီးယားစတား ကုမ္ပဏီများအုပ်စုတို့ ပူးပေါင်းကာ တိုင်းဒေသကြီးအတွင်း ပုစွန်မွေးမြူသူတောင်သူများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုစွန်မွေးမြူရေးနည်းပညာများ အခမဲ့ဖြန့်ဝေပေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက တွံတေးမြို့ ဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပသည်။

"ကျွန်တော်တို့နိုင်ငံ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ငါးလုပ်ငန်းအဖွဲ့ချုပ်တွေ ရှိပါတယ်။ အဖွဲ့ချုပ်တွေအောက်မှာ မြို့နယ်အဆင့်အဖွဲ့တွေရှိပါတယ်။ ဒီအဖွဲ့အစည်းတွေက နည်းပညာတွေဖြန့်ဝေပေးနိုင်ဖို့လိုအပ်ပါတယ်။ နည်းပညာအသုံးချမွေးမြူမှုအပိုင်းမှာ အားနည်းပါတယ်။ ကုန်ထုတ်လုပ်မှုနဲ့နည်းပညာသုတေသနတွေလည်း ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ပုစွန်မွေးမြူရေးဟာ ပုစွန်မျိုးကောင်းမျိုးသန့်ရရှိမှု၊ အစာအရည်အသွေး၊ ဆေးဝါး၊ ကန် သန့်ရှင်းမှု၊ ဇီဝလုံခြုံရေး ဒါတွေဟာ အရေးကြီးတဲ့အချက်တွေပါ။ ကောင်းမွန်တဲ့စီမံအုပ်ချုပ်မှုတွေကောင်းမှ စီးပွားဖြစ်ပုစွန်ထုတ်လုပ်မှုဟာလည်း အောင်မြင်မှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးဟန်ထွန်းက ပြောသည်။

အခမ်းအနားတွင် ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပုစွန်တောင်သူများကို ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ ပုစွန်မွေးမြူရေးပညာရှင်များက ပုစွန်မွေးမြူရေးနည်းစနစ်များ ဟောပြောပို့ချခြင်း၊ ပုစွန်မွေးမြူရေး နည်းပညာသစ်လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခြင်း၊ ပုစွန်မွေးမြူရေးနှင့်ပတ်သက်၍ အမေး၊ အဖြေများ ပြုလုပ်ပေးခြင်း၊ ဆေးဝါးနှင့်ပုစွန်အစာများအကြောင်း ရှင်းလင်းပြသခြင်းတို့ကို ဆောင်ရွက်ကြသည်။

တွံတေးမြို့နယ်သည် ပုစွန်မွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်နေသည့် ဒေသတစ်ခုဖြစ်ပြီး ပုစွန်မွေးမြူသူ ၇၁ ဦးရှိသည်။ ပုစွန်ကန် ၁၃၆ ကန် (ဧကအားဖြင့် ၆၃၂ ဧက)ရှိကြောင်း၊ ငါးမွေးမြူသူ ၂၀၄၇ ဦးရှိပြီး ငါးကန် ၃၇၅၇ ရှိကြောင်း သိရသည်။

ပုစွန်မွေးမြူထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ပုစွန်ထွက်ရှိရာ မြို့နယ်များအပြင် အခြားသော ဆားမလောက်နှင့် ကဝမြို့နယ်များသို့လည်း သွားရောက်ကာ နည်းပညာပြန့်ပွားရေး အစီအစဉ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ကမ္ဘာပေါ်တွင် ပုစွန်မွေးမြူထုတ်လုပ်မှုကို တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် အီကွေဒေါနိုင်ငံတို့မှ အများဆုံးထုတ်လုပ်လျက်ရှိပြီး အီကွေဒေါနိုင်ငံမှာ ပုစွန်ရောဂါတစ်မျိုးဖြစ်သည့် EMS ရောဂါဖြစ်ပွားမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပုစွန်ကန်များအတွင်း ပုစွန်သေပျောက်မှုနှုန်းနည်းပြီး ပုစွန်ကြီးထွားမှုအားကောင်းကာ ထုတ်လုပ်မှုအများဆုံးနိုင်ငံလည်း ဖြစ်ကြောင်း သိရသည်။

မြင့်မောင်စိုး



1st Asiania Indoor Skydiving Championship ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအသင်း ဆုတံဆိပ်များဆွတ်ခူးရရှိ

ရန်ကုန် စက်တင်ဘာ ၂၃

1st Asiania Indoor Skydiving Championship ပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chongqing မြို့တွင် စက်တင်ဘာ ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၉ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲသို့ မြန်မာနိုင်ငံလေထီးခုန်အဖွဲ့ချုပ်နှင့် Indoor Skydiving (MEC) မှ အားကစားသမားများက မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားပြု Indoor Skydiving အသင်းအနေဖြင့် မနန်းဦးခင် (MEC) နှင့် မနွေးပြည့်စုံလင်း (MEC) တို့အတွဲမှ 2 ways Senior Female Asiania ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် 2 ways Senior Open ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုကိုလည်းကောင်း၊ မသဲနဒီအောင် (Pride International School Myanmar) နှင့် မနှင်းသဇင်မောင် (Pride International School Myanmar) တို့အတွဲမှ 2 ways Junior Asiania ပြိုင်ပွဲနှင့် 2 ways Junior Open ပြိုင်ပွဲများတွင် ငွေတံဆိပ်ဆုများကိုလည်းကောင်း၊ ပြိုင်ပွဲဝင်အားကစားသမား လေးဦးစလုံးပါဝင်သော အတွဲသည် 2 ways Female Asiania ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် 4 ways Female Open ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုတို့ကိုလည်းကောင်း ဆုများအသီးသီး ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် တရုတ်၊ ပြင်သစ်၊ စင်ကာပူ၊ လတ်ဗီးယား၊ ဟန်ဂေရီ၊ ယူအေအီး၊ ကာတာ၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **အေးမင်း**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ဖတ်ကြားသည့် တအာင်း(ပလောင်) အမျိုးသားပါတီ၏ စာတမ်း

ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ အနယ်နယ်အရပ်ရပ်မှ ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ ဒီမိုကရေစီအငွေ့အသက်ဖြင့် ကျက်သရေမင်္ဂလာအပေါင်းခညောင်းကြပါစေ။ ကျွန်မကတော့ တအာင်း (ပလောင်) အမျိုးသားပါတီကိုယ်စား စာတမ်းဖတ်ကြားသွားမယ့် တအာင်း (ပလောင်) အမျိုးသားပါတီ ဗဟိုကော်မတီအဖွဲ့ဝင်၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်နှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးပဲ ဖြစ်ပါတယ်။

ဂုဏ်သရေရှိပုဂ္ဂိုလ်များရှင် -

"ဒီမိုကရေစီ"ဟု ပြောဆိုလိုက်လျှင် ပြည်သူမှတစ်ဆင့် အာဏာဆင်းသက်လာတဲ့ "ပြည်သူအုပ်ချုပ်သည့်စနစ်" ဖြစ်တယ်ဆိုတာ တစ်ကမ္ဘာလုံးက လက်ခံနေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုထိ ဒီမိုကရေစီထက် ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်မရှိသေးတာဖြစ်တဲ့အတွက် ကမ္ဘာမှာရှိတဲ့ နိုင်ငံ တော်တော်များများက ဒီစနစ်ကိုလက်ခံကျင့်သုံးလာကြတာ ဖြစ်ပါတယ်။ ဒီနေရာမှာ အာဏာက ပြည်သူမှ ဆင်းသက်လာတယ်လို့ ဘယ်လိုပြောနိုင်မလဲဆိုတာကို စဉ်းစားရတာပါ။ ဒါ အခု အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ် စာတမ်းရဲ့ ခေါင်းစဉ်ဖြစ်တဲ့ "Oversight"ဆိုတဲ့ ဝိုင်းဝန်းထိန်းညှိဆောင်ရွက်နိုင်မှု၊ စောင့်ကြပ်ကြည့်ရှုနိုင်မှုကို ပြောတာပါ။

ဒီမိုကရေစီရှင်သန်ဖို့ ဘယ်သူတွေက ဘယ်လို ထိန်းညှိဆောင်ရွက်ပေးရမလဲ၊ လွှတ်တော်ဆောင်ပုဒ်မှာတော့ "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"လို့ ဖော်ပြထားတာဟာ ပြည်သူတွေရဲ့ "Oversight"

> "အရပ်ဘက်အဖွဲ့အစည်းများ အားကောင်းလာပါက ပြည်သူများအတွက် ဒီမိုကရေစီ လူ့အခွင့်အရေးနဲ့ ကောင်းမွန်သောစနစ်တို့အတွက် လိုအပ်တဲ့စွမ်းရည်များ မြှင့်တင်ပေးနိုင်တဲ့အပြင် ပြည်သူလူထုနှင့်အတူ အစိုးရ၏ လုပ်ဆောင်ချက်များအား စောင့်ကြည့်နိုင်၊ ထိန်းညှိပေးနိုင်မှာလည်း ဖြစ်ပါတယ်"

ဒေါ်နန်းမိုး

လုပ်ဆောင်နိုင်မှုကို ဖော်ပြထားတာဖြစ်ပါတယ်။ ဒါပေမယ့် လက်တွေ့ဘယ်လောက် အသက်ဝင်ထိရောက်တယ်ဆိုတာတော့ နိုင်ငံရဲ့ ဒီမိုကရေစီ စစ်မှန်မှု၊ ရင့်ကျက်မှုအပေါ်မှာ၊ အုပ်ချုပ်တဲ့သူတွေရဲ့ လက်ခံနိုင်မှုနဲ့ လူထုရဲ့ နားလည်လက်ခံနိုင်မှုအပေါ်မှာ အများကြီးမူတည်နေပါတယ်။

ဦးစွာ လွှတ်တော်မှာ ဝိုင်းဝန်းထိန်းညှိခြင်းကိုကြည့်ကြပါစို့။ အုပ်ချုပ်ရေးအခန်းကဏ္ဍအား တာဝန်ယူထားသော ဝန်ကြီးဌာနအလိုက် လုပ်ဆောင်မှုများအား ထိန်းကျောင်းခြင်း၊ လွှတ်တော်ခွင့်ပြုချက်ဖြင့်သာ လူထုအကျိုးပြုလုပ်ဆောင်ချက်များအား အတည်ပြုအကောင်အထည်ဖော်ခြင်း၊ လွှတ်တော်မှ အတည်ပြုထားတဲ့ ဥပဒေအတိုင်းသာလျှင် လိုက်နာအကောင်ထည်ဖော်ခြင်းတို့ဖြင့် လွှတ်တော်ကဏ္ဍ၏ ထိန်းညှိမှုကိုပေါ်လွင်စေပါတယ်။ ဒီမိုကရေစီနိုင်ငံများမှာ စစ်ဘက်ရေးရာများအပါအဝင် နိုင်ငံရေးရာ ဆုံးဖြတ်သင့်သည့် မူဝါဒများအား လွှတ်တော်အတွင်း၌ ဆွေးနွေးဆုံးဖြတ်၍ ကြီးကြပ်မှုရယူကြရပါတယ်။

နိုင်ငံသားများ ဥပဒေကျင့်သုံးလိုက်နာမှုကောင်းမွန်ခြင်း၊ နိုင်ငံသားအားလုံးကို ကာကွယ်ပေးနိုင်သည့် ဥပဒေများ ပြုပြင်ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်း၊ နိုင်ငံရေးရာများအား စီမံခန့်ခွဲပေးနိုင်သည့် အုပ်ချုပ်ရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍအားလုံးတို့အား ဟန်ပြမဟုတ်ဘဲ အမှန်တကယ် အပြန်အလှန်ထိန်းကျောင်းနိုင်ခြင်းတို့ ရှိမည်ဆိုပါက ဒီမိုကရေစီနိုင်ငံတစ်ခု၏ လွှတ်တော်ဟု ခေါ်ဆိုနိုင်လောက်မည်ဖြစ်ပေသည်။ ၎င်းလုပ်ဆောင်ချက်များသည် ဒီမိုကရေစီ အားကောင်းရှင်သန်လာစေရေးအတွက် လွှတ်တော်ကဏ္ဍမှ ထိန်းညှိပေးနိုင်မှုအချို့ပဲ ဖြစ်ပါတယ်။

ပြည်သူအခြေပြု ဒီမိုကရေစီနိုင်ငံတစ်ခုအနေဖြင့် "Civil Oversight" ဟု ခေါ်သည့် နိုင်ငံသားများ၏ စောင့်ကြည့်ထိန်းညှိပေးနိုင်မှု အခန်းကဏ္ဍသည်လည်း အလွန်အရေးပါလှပါတယ်။ ၎င်းအတွက် အရေးပါလှတဲ့သတင်းအချက်အလက်များအား ရယူနိုင်ရန်အတွက် သတင်းမီဒီယာများ၏ အခန်းကဏ္ဍမှာလည်း အလွန်အရေးပါလှပါသည်။ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာများ၏ လွတ်လပ်မှု၊ ဘက်မလိုက်ဘဲ နိုင်ငံသားများအားလုံးထံ သတင်းမှန်ပေးပို့နိုင်မှုက နိုင်ငံသားများ၏ ဒီမိုကရေစီအပေါ် ထိန်းညှိဆောင်ရွက်ပေးနိုင်မှုအား အထောက်အကူဖြစ်စေပါတယ်။

ပဉ္စမမဏ္ဍိုင်များဖြစ်တဲ့ ပြည်သူလူထုတို့၏ အခန်းကဏ္ဍ မြင့်မားလာရေးတွင် အထက်ပါ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် မီဒီယာမဏ္ဍိုင်များအားကောင်းသော်လည်း မြန်မာနိုင်ငံကဲ့သို့သော ဒီမိုကရေစီအသွင်ကူးပြောင်းလာခါစ နိုင်ငံများအနေဖြင့် ပြည်သူများ၏ ဒီမိုကရေစီအပေါ် လက်ခံနားလည်နိုင်မှု အားနည်းနေပါက ထိရောက်သော ထိန်းညှိမှုကို လုပ်ဆောင်နိုင်ရန် ခက်ခဲနေဦးမှာ ဖြစ်ပါတယ်။ ထိုသို့ ထိန်းညှိနိုင်ရေးအတွက် လိုအပ်တဲ့ စွမ်းရည်များအား မြှင့်တင်ပေးနိုင်ရေးမှာ အစိုးရတစ်ရပ်တည်း လုပ်ဆောင်ပေးနိုင်ရန် ခက်ခဲမည်အမှန်ပဲ ဖြစ်ပါတယ်။ ထိုအတွက် "Civil Society Organization" များဖြစ်သည့် အရပ်ဘက်အဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍသည်လည်း အလွန်ပဲအရေးပါလှပါတယ်။ အရပ်ဘက်အဖွဲ့အစည်းများ အားကောင်းလာပါက ပြည်သူများအတွက် ဒီမိုကရေစီ လူ့အခွင့်အရေးနဲ့ ကောင်းမွန်သောစနစ်တို့အတွက် လိုအပ်တဲ့စွမ်းရည်များ မြှင့်တင်ပေးနိုင်တဲ့ အပြင် ပြည်သူလူထုနှင့်အတူ အစိုးရ၏ လုပ်ဆောင်ချက်များအား စောင့်ကြည့်နိုင်၊ ထိန်းညှိပေးနိုင်မှာလည်း ဖြစ်ပါတယ်။

ဒီမိုကရေစီ၏ အနှစ်သာရတွေဖြစ်တဲ့ ပုံမှန်ရွေးကောက်ပွဲကျင်းပနိုင်ခြင်း၊ နိုင်ငံသားများ၏ အခွင့်အရေးများအား လေးစားလိုက်နာခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အပြန်အလှန်ထိန်းကျောင်းနိုင်ခြင်း၊ နိုင်ငံရေးတန်းတူညီမျှမှုနှင့် လွတ်လပ်မှုရှိခြင်း၊ နိုင်ငံသားများ လိုက်နာရမည်များကို သိရှိလိုက်နာခြင်းတို့ကို အမှန်လုပ်ဆောင်နိုင်ရန်မှာ အုပ်ချုပ်သူများအပြင် အုပ်ချုပ်ခံပြည်သူတို့တွင်လည်း ဒီမိုကရေစီစံနှုန်း ပြည့်ဝရမည်ဖြစ်ပါတယ်။ လူများစုက လူနည်းစုတို့အား ဖိနှိပ်အနိုင်ယူခြင်းသည်လည်း ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ အများစု၏ သဘောတူညီမှုဖြင့် အကောင်အထည်ဖော်သည်ဆိုတိုင်း လူနည်းစု၏ဆန္ဒကို မေ့ပစ်၍မရကောင်းပေ။

ထို့ကြောင့် ဒီမိုကရေစီစနစ် ရှင်သန်ကြီးထွားလာစေရန်မှာ လွှတ်တော်အတွင်း ထိန်းကျောင်းပေးနိုင်ခြင်း (Parliamentary Oversight) ရှိရမည်မှာ အမှန်ဖြစ်ပါတယ်။ လွှတ်တော်မှ ကောင်းစွာထိန်းညှိပေးနိုင်ရန်မှာ နိုင်ငံသားများအား ကာကွယ်ပေးသည့် ဥပဒေကောင်းများထွက်ပေါ်လာစေရန်နဲ့ ကာကွယ်ရေးအပါအဝင် အုပ်ချုပ်ရေးကဏ္ဍကို ထိန်းညှိနိုင်ရန် လိုအပ်ပါတယ်။ နိုင်ငံသားများ၏ အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်စေရန်မှာ အရည်အချင်းပြည့်ဝသည့် နိုင်ငံသားများ၏ ထိန်းညှိမှုဖြစ်သည့် (Civil Oversight) ကောင်းမွန်စွာ ပြုလုပ်နိုင်မည်ဆိုပါက ဒီမိုကရေစီစနစ်ပိုမိုရှင်သန်လာမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။

"ပြည်သူအခြေပြု ဒီမိုကရေစီ အဓွန့်ရှည်တည်တံ့ပါစေ"

၂၀၁၈ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (တတိယ)ပွဲစဉ် ပညာရှင်အဆင့်တွင် နိုင်နိုင်လင်းဗိုလ်စွဲ

မော်လမြိုင် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Myanmar Zew Mann Co.,Ltd. ၏ အဓိက ကူညီပံ့ပိုးမှုဖြင့် ၂၀၁၈ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(တတိယ)ပွဲစဉ် စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ မော်လမြိုင်မြို့ရှိ ရွှေနတ်တောင်ဂေါက်ကွင်း၌ ကျင်းပသည်။

စတုတ္ထနေ့အပြီးတွင် ဆုပေးပွဲအခမ်းအနားဆက်လက်ကျင်းပရာ ပြိုင်ပွဲအားလက်ခံကျင်းပပေးသော ရွှေနတ်တောင်(တပ်နယ်)ဂေါက်ကွင်းအား အမှတ်တရလက်ဆောင်နှင့် လှူဒါန်းငွေကျပ်သိန်း ၂၀ ကို Myanmar Golf Tour ကိုယ်စား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး(၃) ဦးမျိုးသီဟက ပေးအပ်ပြီး ရွှေနတ်တောင်(တပ်နယ်) ဂေါက်ကွင်းကိုယ်စား အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးဗိုလ်မှူးကြီးတင်ထွဋ်က လက်ခံသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး(၂)ဦးအောင်မြင့်ဦးမှ ပြိုင်ပွဲအား အဓိက ကူညီပံ့ပိုးပေးသော Myanmar Zew Mann Co.,Ltd. အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဇော်က လက်ခံရယူသည်။ ဆက်လက်၍ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်သီဟက ဝါသနာရှင်အဆင့်(အမျိုးသမီး) ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၄၄ ဖြင့်(ဒုတိယ)ရရှိခဲ့သော မေဦးခိုင်နှင့် စုစုပေါင်းရိုက်ချက် ၂၃၅ ဖြင့်(ပထမ) ရရှိခဲ့သော ဧကရီဝင်းထွန်းအား ဆုများချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေးက ဝါသနာရှင်အဆင့်(အမျိုးသား)တွင် စုစုပေါင်းရိုက်ချက် ၂၉၀ ဖြင့်(ဒုတိယ)ရရှိခဲ့သော မောင်မဲနှင့် စုစုပေါင်း ရိုက်ချက် ၂၈၉ ဖြင့် (ပထမ)ရရှိသော သီဟဌေးအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပညာရှင်အဆင့်တွင် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက် ကာ စုစုပေါင်းရိုက်ချက် ၂၈၀ ဖြင့်(ပထမ)ဆုရရှိသွားသော နိုင်နိုင်လင်းအား အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမိုးအောင်က လည်းကောင်း၊ ဂုဏ်ပြုချက်လက်မှတ်အား မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဇော်က ဆုများချီးမြှင့်ကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

၂၀၁၈ ပြည်တွင်း ဂေါက်သီးရိုက်ပြိုင်ပွဲများကို MWD Bank, INNWA Bank, Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar), Mottama Holding Co.,Ltd. နှင့် Myanmar Zew Mann Co.,Ltd တို့မှအဓိကကူညီပံ့ပိုးပြီး သွားလာရေးအဆင်ပြေစေရန် ရွှေမန်းသူ ကားလိုင်းမှ အခမဲ့ ကူညီဆောင်ရွက်ပေးခဲ့သည်။

သတင်း-ဖိုးသော်ဇင်
ဓာတ်ပုံ-မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်

ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးက ကြီးမှူးကျင်းပသည့် အသက် ၆ လမှ ၃ နှစ်အရွယ် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သင်တန်းတွင် ကလေးငယ်တို့၏ ဦးနှောက်ဖွံ့ဖြိုးမှု၊ ကလေးငယ်တို့၏ သဘောသဘာဝများအကြောင်း၊ ပြုစုပျိုးထောင်ရန်နည်းလမ်းများ၊ ကျန်းမာရေးနှင့် လိုအပ်သော အစာအာဟာရများအကြောင်း၊ မသန်စွမ်းကလေးငယ်များ ပြုစုပျိုးထောင်ရန် နည်းလမ်းများ၊ သင်ထောက်ကူပစ္စည်းများ၊ အသုံးပြုပုံများ၊ ကလေးသူငယ်များအပေါ် လွဲမှားစွာ ပြုကျင့်ခြင်း၊ အကြမ်းဖက်ခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းများနှင့် ကလေးသူငယ် ဥပဒေအကြောင်းအရာများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၀ ရက်မှ ၂၁ ရက်အထိဖွင့်လှစ်သည့် အဆိုပါသင်တန်းကို တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၏ ဘတ်ဂျက်ငွေ ခွဲဝေသုံးစွဲမှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပရဟိတဂေဟာများမှ သင်တန်းသား သင်တန်းသူ ၂၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သီသီမင်း

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အိုအေစာရင်းများနှင့်ပတ်သက်၍

■ သက်ဇင်မိုး

နိုင်ငံတော်ဘတ်ဂျက်

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များဖြင့် ဖွဲ့စည်းထားပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်၏ ဘတ်ဂျက်ရေးဆွဲမှုကို ၂၀၁၁ ခုနှစ်မှစ၍ ပြည်ထောင်စုဘတ်ဂျက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဘတ်ဂျက်များအဖြစ် ခွဲခြားရေးဆွဲခဲ့ပါသည်။ ဘတ်ဂျက်ဟု အင်္ဂလိပ်စကားကို မွေးစားစကားအဖြစ် သုံးနှုန်းရသည်မှာ တိုတောင်းပြီး အများနားလည်နိုင်သောကြောင့် ဖြစ်ပါသည်။ အရအသုံးခန့်မှန်းခြေငွေစာရင်းဟု သုံးနှုန်းရပါက တစ်ကြိမ်တစ်ခါအတွက် အဆင်ပြေသော်လည်း မကြာခဏ သုံးနှုန်းရသည့်အခါ အဆင်မပြေပေ။ ထို့ကြောင့် အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင်ပါဝင်သည့် အသုံးအနှုန်းများကို အတိုကောက်သုံးနှုန်း ပြောဆိုကြလေ့ရှိပါသည်။ ဥပမာ အရအသုံးခန့်မှန်းခြေငွေစာရင်းကို Budget၊ ဝန်ကြီးဌာနဦးစီးဌာနများကို MD၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများကို SEE၊ စည်ပင်သာယာရေးကော်မတီများကို DC၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းကို UFA စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲကြပေသည်။

ပြည်ထောင်စုဘတ်ဂျက်တွင် ပါဝင်သောအဖွဲ့အစည်းများ

ပြည်ထောင်စုဘတ်ဂျက်တွင် ပါဝင်သောအဖွဲ့အစည်းများကို အောက်ပါအတိုင်း ခွဲခြားတွေ့ရှိရမည်ဖြစ်သည်-

(က) ဗဟိုအဖွဲ့အစည်းများ၊
(ခ) ဝန်ကြီးဌာန ဦးစီးဌာနများ၊
(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်သော နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၊
(ဃ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၊
(င) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊
(စ) နေပြည်တော်ကောင်စီ၊
(ဆ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊
(ဇ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်တိုင်းဒေသကြီးဘတ်ဂျက်တွင် လည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးတိုင်းဒေသကြီးဘတ်ဂျက်တွင် လည်းကောင်း ပါဝင်ပါသည်။

ဘတ်ဂျက်တွင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

လွတ်လပ်ရေးရပြီးနောက်ပိုင်းမှစ၍ ယနေ့အထိ ခေတ်အဆက်ဆက်ရေးဆွဲခဲ့သော နိုင်ငံတော်ဘတ်ဂျက်များတွင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများသည် အသွင်အမျိုးမျိုးဖြင့် ပါဝင်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ်မတိုင်မီအထိ လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိသောဘုတ်၊ ကော်ပိုရေးရှင်းများအသွင်ဖြင့် ပါဝင်ခဲ့ပြီး ၁၉၆၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ပြည်ထောင်စု၏ တစ်စုတစ်ပေါင်းတည်းသော ငွေစာရင်း ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော ဘုတ်/ကော်ပိုရေးရှင်းများအသွင်ဖြင့် ပါဝင်ခဲ့ပါသည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ နိုင်ငံပိုင်ကော်ပိုရေးရှင်းများအဖြစ် ဆက်လက်ပါဝင်ခဲ့ပြီး ၁၉၈၉ ခုနှစ်မှစ၍ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအဖြစ် ပါဝင်ခဲ့ပါသည်။

Cash Budget နှင့် Commercial Budget

မြန်မာနိုင်ငံ၏ ဘတ်ဂျက်ရေးဆွဲသည့်စနစ်မှာ တစ်နှစ်တာအတွက် အရအသုံးစာရင်းများကို ခန့်မှန်းလျာထားရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဘတ်ဂျက်တွင်ပါဝင်သော ဌာနအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အတွက်လျာထားသော ရငွေများ၊ သုံးငွေများကို တာဝန်ယူတာဝန်ခံ၍ ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှစ်စဉ် ဘတ်ဂျက်ဥပဒေ ပြဋ္ဌာန်းပေးရခြင်းဖြစ်သည်။ လျာထားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရရှိလာသော ရငွေများ၊ သုံးစွဲသော သုံးငွေများသည် အမှန်တကယ် ငွေသား/ချက်/ငွေပေးအမိန့်/စာရင်းပြောင်း စသည်တို့ဖြင့် ရရှိရမည်ဖြစ်ပြီး သုံးငွေကိုလည်း အလားတူသုံးစွဲပေးချေရမည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ပေးရန်ရှိ၊ ရရန်ရှိများကို စာရင်းဖော်၍ မရပါ။ ၎င်းကို ငွေသားအခြေခံ ဘတ်ဂျက်စနစ်(Cash Based Budget) ဟု ခေါ်ပါသည်။

ဤနေရာတွင် MD များအနေဖြင့် ပေးရန်ရှိ၊ ရရန်ရှိများ ဖြစ်ပေါ်နိုင်မှု နည်းပါးသော်လည်း SEE များတွင် ပေးရန်ရှိ၊ ရရန်ရှိများရှိမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် SEE များအတွက် ပြည်ထောင်စုဘတ်ဂျက်တွင်ရေးဆွဲရာတွင် ငွေသားအခြေခံဘတ်ဂျက် (Cash Based Budget) အဖြစ် ရေးဆွဲတင်ပြ၍ ပေးရန်ရှိ၊ ရရန်ရှိများကို ကုန်သွယ်မှုဘတ်ဂျက်(Commercial Budget) အဖြစ် သီးခြားရေးဆွဲတင်ပြရပါသည်။ ထိုသို့သီးခြားရေးဆွဲထားရှိမှသာ SEE များ၏ ဘဏ္ဍာရေးအခြေအနေအမှန်ကို သိရှိနိုင်ပေသည်။ ယခုအခါ ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုဘတ်ဂျက်တင်ပြရာတွင် ပြည်ထောင်စုဘတ်ဂျက်တွင်ပါဝင်သော SEE များ၏ ငွေသားဘတ်ဂျက်အပြင် ကုန်သွယ်မှုဘတ်ဂျက်ကိုပါ ပူးတွဲတင်ပြပေးလျက်ရှိပါသည်။

ဘတ်ဂျက်ကိုမည်သို့အကောင်အထည်ဖော်ကြပါသနည်း

ဘတ်ဂျက်တွင်ပါဝင်သော ဌာနအဖွဲ့အစည်းများက ဘတ်ဂျက်ပါအရအသုံးများကို အကောင်အထည်ဖော်နိုင်ရန် ဘဏ်စာရင်းများ ဖွင့်လှစ်ဆောင်ရွက်ကြရပါသည်။ စာရင်းရှုပ်ထွေးမှုမရှိရန်နှင့် စာရင်းထိန်းသိမ်းမှု လွယ်ကူရန်အတွက် အစိုးရဌာနအဖွဲ့အစည်းအားလုံးသည် နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်တွင်သာ ဘဏ်စာရင်းများ ဖွင့်ကြရပါသည်။ ဤသို့ဖွင့်လှစ်သည့်အခါ ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာန ဦးစီးဌာနများ၏စာရင်းကို အတိုကောက်အားဖြင့် MD Account ဟုခေါ်ပြီး SEE များ၏စာရင်းများကို SEE Account (SEE A/C) ဟု ခေါ်ပါသည်။ စာရင်းနှစ်မျိုးစလုံးမှာ ဌာနဆိုင်ရာငွေထုတ်စာရင်းများ ဖြစ်ကြပါသည်။

၂၀၁၂ ခုနှစ် မတိုင်မီအထိ SEE များသည် SEE A/C ဖြင့်သာ ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်သော SEE များအတွက် ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ်အရ SEE A/C အပြင် OA A/C ကိုပါ ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ OA A/C ကိုလည်း အတိုကောက် ခေါ်ကြခြင်းဖြစ်ပြီး စာရင်းအမည်အပြည့်အစုံမှာ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း အခြားစာရင်းရှင် State Economic Enterprise[Union Fund Account (Other Account)] SEE [UFA-OA] ဖြစ်ပါသည်။ Other Account ဟုဆိုခြင်းကြောင့် လူအများက ထိုစာရင်းသည် ဘတ်ဂျက်တွင် မပါဝင်ဘဲ ရငွေများသွင်းခြင်း၊ သုံးငွေများ လွတ်လွတ်လပ်လပ် ထုတ်ယူသုံးစွဲခြင်းများ ပြုနိုင်သည်ဟု ထင်တတ်ကြပါသည်။ အမှန်မှာ OA စာရင်းများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းအတွင်းမှာသာ ရှိရပါသည်။ ဘတ်ဂျက်တွင်လည်း ပါဝင်ပါသည်။ OA စာရင်းသို့ပေးသွင်းသောရငွေများသည် ဘတ်ဂျက်တွင်လျာထားသော ရငွေများဖြစ်ပြီး OA မှ ထုတ်ယူသုံးစွဲသော သုံးငွေများသည်လည်း ဘတ်ဂျက်တွင်လျာထားသော သုံးငွေများသာ ဖြစ်ပါသည်။ OA စာရင်းမှ ထုတ်ယူမှု၊ OAစာရင်းသို့ ပေးသွင်းမှုများကို ဘတ်ဂျက်ဥပဒေအတိုင်းသာ ဆောင်ရွက်ရပါသည်။

> ❛ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ OA စာရင်းများသည် အချို့သူများ ထင်သကဲ့သို့ လက်ကျန်များစွာရှိနေပြီး ၎င်းတို့သဘောဖြင့် သုံး၍ရသော စာရင်းများ မဟုတ်ပေ။ ၎င်းလက်ကျန်များကိုကြည့်ပြီး အခြားနေရာတွင် သုံးစွဲရန်မှာလည်း ဘတ်ဂျက်အတွက် သုံးထားပြီးသော ငွေရပ်ဖြစ်၍ ဘတ်ဂျက်အသုံးစရိတ် ခွဲဝေမှုဖြင့်သာ ပြန်ပေးနိုင်မည်ဖြစ်ပြီး အသုံးစရိတ်မြင့်တက်လာမှုနှင့် ရင်ဆိုင်ရမည်ဖြစ်ပေသည် ❜

SEE A/C မှာဘာတွေပါသလဲ၊ OA A/C မှာဘာတွေပါသလဲ

ယခင်က SEE A/C တစ်ခုတည်းဖြစ်၍ SEE များ၏ အရအသုံးအားလုံးသည် ၎င်းစာရင်းကို အသုံးပြုပါသည်။ SEE A/C နှင့် OA A/C ဖြစ်လာသည့်အခါ SEE A/C တွင် သွင်းရန် ရငွေများမှာ ဒဏ်ကြေးငွေအဖြစ် သိမ်းယူရငွေများ၊ စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်သွင်းငွေများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းတွင် ခွင့်ပြုထားငွေမှ ပိုထုတ်မိငွေအတွက် ပြန်သွင်းငွေ၊ ပြန်အမ်းငွေမှ ရငွေများ၊ လုပ်ငန်းဆောင်ရွက်မှုနှင့် တိုက်ရိုက်မသက်ဆိုင်သော ပုံသေပိုင်ပစ္စည်းများ ငှားရမ်းခရငွေတို့ဖြစ်ပါသည်။ SEE A/C မှ ထုတ်သုံးရန် သုံးငွေများမှာ နှစ်စဉ်ထုတ်ပြန်ထားသော ဘတ်ဂျက်အမှာစာတွင် ထည့်သွင်းဖော်ပြထားသည့်အတိုင်း ထုတ်သုံးရန် ဖြစ်ပါသည်။ OA A/C တွင် သွင်းရန် ရငွေများမှာ ထုတ်လုပ်သည့်ကုန်ပစ္စည်းများရောင်းချရငွေ (သို့မဟုတ်) လုပ်ငန်းဆောင်ရွက်မှုမှရငွေ၊ အခြားရငွေများ ခေါင်းစဉ်အောက်တွင် ဖက်စပ်လုပ်ငန်းများမှ အမြတ်ဝေစုနှင့် အကျိုးတူဝေစုရငွေများ၊ လိုင်စင်ကြေးနှင့် ဝင်ကြေးရငွေများ ဖြစ်ပါသည်။ OA A/C မှ ထုတ်ယူသုံးစွဲရန် သုံးငွေများမှာ သက်ဆိုင်ရာ SEE ၏ ဘဏ္ဍာရေးအခြေ အနေအရ သာမန်အသုံးစရိတ်အားလုံးကျခံခြင်း၊ ငွေလုံး ငွေရင်းအသုံးစရိတ်နှင့် သာမန်အသုံးစရိတ်ကျခံခြင်း၊ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ကြွေးမြီအသုံးစရိတ်အားလုံးကျခံခြင်းဟူ၍ ကွဲပြားသွားသည့်အပေါ်မူတည်၍ ထုတ်ယူသုံးစွဲနိုင်ပါသည်။

OA A/C လက်ကျန်များ

SEE များတွင် အမြတ်ဖြစ်ပေါ်သည့်အခါ ဘဏ္ဍာရေးနှစ်ကုန်ချိန်တွင် အသားတင်အမြတ်၏ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်ပေးဆောင်ရပါသည်။ အသားတင်အမြတ်၏ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်သို့ ထည့်ဝင်ငွေ (အမြတ်ဝေစု) အဖြစ် ပေးဆောင်ရပါသည်။ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေပေးဆောင်ပြီးနောက် OA A/C များ၌ လက်ကျန်ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ်အရ ၎င်းလက်ကျန်များကို နောင်လာမည့် ဘဏ္ဍာရေးနှစ်သို့ စာရင်းအရ ဆက်လက်သယ်ဆောင်ခွင့်ပြုပါသည်။ ယင်းသို့သယ်ဆောင်ခွင့်ပြုထားသော်လည်း အထက်တွင်တင်ပြထားသကဲ့သို့ OA A/C ရငွေ သုံးငွေများသည် ဘတ်ဂျက်တွင်ပါဝင်သဖြင့် သယ်ဆောင်ခွင့်ရသော OA A/C လက်ကျန်များသည် စာရင်းအရသာ သယ်ဆောင်ရခြင်းဖြစ်ပြီး ငွေသားအဖြစ် သယ်ဆောင်နိုင်ခြင်းမရှိပေ။

ထိုအချက်ကို ဘတ်ဂျက်ကို နားလည်သဘောပေါက်မှသာ သိရှိနိုင်မည်ဖြစ်ပါသည်။ ဘတ်ဂျက်ကို နားလည်သဘောပေါက်ခြင်းမရှိပါက OA လက်ကျန်များကို ငွေသားဖြင့် ဆက်လက်သယ်ဆောင်သွားသည် ဟုထင်ခြင်း၊ တစ်နှစ်ထက်တစ်နှစ် စုဆောင်းရရှိလာသော OA လက်ကျန်များသည် များစွာရှိနေပြီဟု ထင်ခြင်း၊ အဆိုပါများပြားလှသောလက်ကျန်များကို သက်ဆိုင်ရာ SEE က ကြိုက်သလိုသုံးနေသည်ဟု ထင်ခြင်း၊ အဆိုပါလက်ကျန်များကို နိုင်ငံအတွင်းအခြားကဏ္ဍများ၌ အသုံးချနိုင်လျှင် ကောင်းမည်ဟုထင်ခြင်းတို့ ဖြစ်တတ်ပါသည်။

ဘတ်ဂျက်၏သဘော

ဤနေရာတွင် ဘတ်ဂျက်၏သဘောကို ရှင်းလင်းတင်ပြလိုပါသည်။ ဘတ်ဂျက်၏ သဘောကို ရှင်းလင်းမည်ဖြစ်သဖြင့် ဘတ်ဂျက်တွင်ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် သာမန်စာရင်းပိုင်း၊ ငွေလုံးငွေရင်းစာရင်းပိုင်း၊ ကြွေးမြီစာရင်းပိုင်းများကို ရှင်းလင်းမည်မဟုတ်ပါ။ ဘတ်ဂျက်၏ အခြေခံသဘောကို ရှင်းလိုခြင်းဖြစ်ပါသည်။ အခြေခံအားဖြင့် ဘတ်ဂျက်သည် ရငွေကိုအခြေခံ၍ ရေးဆွဲရခြင်းဖြစ်ပြီး ရငွေမရှိဘဲ သုံးငွေမရှိနိုင်ပါ။

ရငွေအခြေအနေအရသုံးငွေများကို မည်သို့ခွဲဝေသုံးစွဲမည်ကို ရေးဆွဲရခြင်းဖြစ်ပါသည်။ သုံးငွေကို ရငွေထက်လျှော့နည်း၍ သုံးနိုင်ပါက ပိုငွေပြဘတ်ဂျက်ဖြစ်ပါမည်။ သုံးငွေကို ရငွေနှင့် တူညီစွာသုံးနိုင်ပါက ဘက်ညီဘတ်ဂျက်ဖြစ်ပါမည်။ သုံးငွေသည် ရငွေထက်ပိုသုံးပါက လိုငွေပြဘတ်ဂျက်ဖြစ်ပါမည်။ ပိုငွေပြနှင့် ဘက်ညီဘတ်ဂျက်တို့သည် ပြဿနာရှိမည်မဟုတ်ပါ။ လိုငွေပြဘတ်ဂျက်သည် ပြဿနာရှိပါသည်။ ပြဿနာဆိုသည်မှာ ရငွေထက်ပိုသုံးခြင်းဖြစ်ရာ ပိုသုံးသည့်ငွေတစ်နည်းအားဖြင့် ဘတ်ဂျက်လိုငွေအတွက် ရငွေဘက်သို့ ဖြည့်ပေးရပါမည်။ ဤသို့ဖြည့်ပေးရန် အစိုးရက ငွေချေးယူရပါသည်။ နှစ်တိုင်း လိုငွေဖြစ်နေလျှင် နှစ်တိုင်းချေးရပါမည်။ နှစ်တိုင်းလိုငွေဖြစ်နေမှု၏ အကျိုးဆက်မှာ ကြွေးမြီ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာမှု ဖြစ်ပါသည်။

ဘတ်ဂျက်၏ နောက်ထပ်သဘောတစ်ခုမှာ ဌာနအဖွဲ့အစည်းတစ်ခုသည် ရငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဘတ်ဂျက်ဥပဒေတွင် ခွဲဝေထားသည့်အတိုင်း သုံးနိုင်ခြင်း ဖြစ်ပါသည်။

ယင်းသို့သုံးနိုင်ရန် မည်သို့စီမံထားပါသနည်း

ဘတ်ဂျက်ဥပဒေပြဋ္ဌာန်းပြီးသည်နှင့် ဥပဒေပါအသုံးစရိတ်များကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဘဏ္ဍာရေးခွင့်ပြုမိန့်အဖြစ် ဌာနအားလုံးသို့ ထုတ်ပြန်ပေးပါသည်။ ယင်းသို့ ထုတ်ပြန်ပေးသည့်အချိန်တွင် မြန်မာ့စီးပွားရေးဘဏ်သို့လည်း အကြောင်းကြားပါသည်။ ထိုအခါ မြန်မာ့စီးပွားရေးဘဏ်သည် အထက်တွင်တင်ပြခဲ့သည့် ဌာနဆိုင်ရာငွေထုတ်စာရင်းများဖြစ်သော MD A/C၊ SEE A/C တို့တွင် ငွေထုတ်ယူနိုင်အောင် ခွဲဝေပေးထားသည့် ပမာဏအတိုင်း စာရင်းတင်ထားပေးပါသည်။ ထိုသဘောမှာ စာရင်းတွင်လက်ကျန်မရှိသော်လည်း ငွေထုတ်နိုင်သည့် သဘောဖြစ်ပါသည်။ ထို့ကြောင့်လည်း ငွေထုတ်စာရင်း ဟုခေါ်ခြင်းဖြစ်ပါသည်။ သို့မှသာ ရငွေရှာနိုင်သည့်ဌာန၊ မရှာနိုင်သည့်ဌာန မည်သည့်ဌာနမဆို သုံးနိုင်မည် ဖြစ်ပါသည်။

ဗဟိုအဖွဲ့ အစည်းများ၊ ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး စသည့်ဌာနများသည် ရငွေရှာဖွေသည့်ဌာနများမဟုတ်ပါ။ သို့ရာတွင် ၎င်းတို့ သုံးစွဲနိုင်ရန် ဘတ်ဂျက်ခွဲဝေပေးထားပါသည်။ အဆိုပါဘတ်ဂျက်များကို ခွဲဝေပေးနိုင်ခြင်းမှာ အခွန်အကောက်ဆိုင်ရာ ရငွေများကို ရှာဖွေပေးသော ဌာနများ၏ ရငွေများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုမှ ရလာသောရငွေများနှင့် အခြားရငွေများ အခြေအနေအပေါ်မူတည်၍ ခွဲဝေပေးနိုင်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ မြန်မာ့စီးပွားရေးဘဏ်က စာရင်းဖွင့်လှစ်ပေးထားသော ဌာနဆိုင်ရာငွေထုတ်စာရင်းများ (MD&SEE A/C) မှာ စာရင်းလက်ကျန်ရှိရန်မလိုဘဲ ထုတ်ယူနိုင်သောစာရင်းများဖြစ်ပါသည်။ ဘတ်ဂျက်ဥပဒေအရ ခွဲဝေပေးသောဘဏ္ဍာငွေများကို ဌာနအလိုက် စာရင်းတင်ပေးထားပါသည်။ အဆိုပါပမာဏအတွင်း သုံးလတစ်ကြိမ် ထုတ်ယူရန် အစီအစဉ်ကို ရေးဆွဲထုတ်ယူသုံးစွဲရခြင်းဖြစ်ပါသည်။ ယင်းကို (Drawing Limit) ဟုခေါ်ခြင်း ဖြစ်ပါသည်။

OA စာရင်း၏သဘော

ယခုအထိ ရှင်းလင်းတင်ပြလျက်ရှိသည့် OA စာရင်းများဆိုသည်မှာ SEE များ၏ UFA(OA) စာရင်းများကို ဆိုလိုပါသည်။ SEE များ၏ UFA(OA) အပြင် အခြား OA များလည်း ရှိပါသည်။ ၎င်းကို နောက်ပိုင်းမှ ရှင်းပါမည်။

စာမျက်နှာ ၉ သို့ ❂

✪ စာမျက်နှာ ၈ မှ

SEE များ၏ UFA(OA) စာရင်းများကို ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုခဲ့စဉ်က အောက်ပါရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်-

(က) စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရန်၊

(ခ) မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိ ရပ်တည်နိုင်ရန်။

၎င်း OA စာရင်းများသည် ဌာနဆိုင်ရာငွေထုတ်စာရင်း (MD၊ SEE) တို့နှင့် သဘောသဘာဝ မတူတော့ပါ။ စာရင်းလက်ကျန်မရှိဘဲ ထုတ်ယူနိုင်မှုမရှိပါ။ စာရင်းလက်ကျန်ရှိရမည့်အပြင် ဘတ်ဂျက်က ခွဲဝေထားသည့် အသုံးစရိတ်အတိုင်းသာ အဆိုပါလက်ကျန်ထဲမှ ထုတ်ယူသုံးစွဲနိုင်ခြင်း ဖြစ်ပါသည်။ နောက်တစ်ချက်မှာ OA မှ ထုတ်ယူခြင်း၊ OA သို့ပေးသွင်းခြင်းများသည် ငွေထုတ်စာရင်းမှထုတ်ယူခြင်း၊ ပေးသွင်းခြင်းများထက် ပိုမိုလွယ်ကူမြန်ဆန်မှုရှိပါသည်။ စီးပွားရေးဆန်ဆန် ဆောင်ရွက်ရခြင်းကြောင့် ဖြစ်ပါသည်။ Drawing Limit မလိုအပ်ပါ။ အဆင့်ဆင့်တင်ရန် မလိုပါ။

စာရင်းသဘောအရ MD၊ SEE A/C များသည် နှစ်စတွင် ဘတ်ဂျက်ခွဲဝေရရှိသော အသုံးစရိတ်များဖြင့် စတင်ခဲ့ပြီး နှစ်အတွင်း ရငွေများ၊ သုံးငွေများ ဝင်ထွက်ခြင်းဆောင်ရွက်၍ နှစ်ကုန်တွင် စာရင်းသဘောအရ ပိုလျှံငွေပြန်လည်အပ်နှံရသဖြင့် သုညဖြစ်သွားလေသည်။ UFA (OA) A/C များမှာမူ နှစ်စတွင် ၎င်း၏ ယခင်နှစ်လက်ကျန်ဖြင့် စတင်ပြီးနှစ်အတွင်း ရငွေများ၊ သုံးငွေများ ဝင်ထွက်ခြင်းဆောင်ရွက်၍ နှစ်ကုန်တွင် ကျန်ရှိသည့်လက်ကျန်ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူ၍ ရှေ့နှစ်သို့ ဆက်လက်သယ်ဆောင်သွားလေသည်။ ဤသည်မှာ ငွေထုတ်စာရင်းနှင့် OA စာရင်းတို့ ကွာခြားချက်ပင် ဖြစ်သည်။

OA လက်ကျန်များသည် စာရင်းအရ ဖော်ပေးထားသော လက်ကျန်များသာဖြစ်ခြင်း

UFA(OA) စာရင်းများ၏ နှစ်ကုန်လက်ကျန်များကို ရှေ့ဘဏ္ဍာရေးနှစ်သို့ ဆက်လက်သယ်ဆောင်ခြင်းမှာ စာရင်းအရသာဖြစ်ပေသည်။ ငွေအရ ကျန်မည်မဟုတ်တော့ပေ။ ဘတ်ဂျက်တွင် ပါဝင်သောရငွေများသာဖြစ်သဖြင့် ဘတ်ဂျက်အရသုံးစွဲခဲ့သော အသုံးစရိတ်များအတွက် သုံးပြီးဖြစ်ပေသည်။ သက်ဆိုင်ရာ SEE တစ်ခုတည်း၏ ရှုထောင့်မှကြည့်ပါက အမြတ်ရရှိသည့်အဖွဲ့အစည်းများသည် OA လက်ကျန်ရှိမည်ဖြစ်ပြီး စာရင်းအရ ရှေ့နှစ်သို့ သယ်ဆောင်သွားလေသည်။ သို့ရာတွင် ထိုအမြတ်များသည် ဘတ်ဂျက်အတွင်း အခြားသောဌာနများအတွက်ပါ ခွဲဝေသုံးစွဲပြီးဖြစ်သဖြင့် စာရင်းအရသာ သယ်ဆောင်နိုင်ခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် တစ်နှစ်ပြီး တစ်နှစ်စုဆောင်းလာပါက နှစ်ကြာလာလျှင် လက်ကျန်များ လာမည်ဖြစ်သည်။

၎င်းလက်ကျန်သည် ထို SEE မည်မျှထိ မြတ်ခဲ့သည်ကို ပြသနေသည်။ အကယ်၍သာ ဘတ်ဂျက်ပြင်ပမှ လွတ်လွတ်လပ်လပ် ဆောင်ရွက်ရတော့မည်ဆိုပါက ၎င်း SEE ကို နိုင်ငံတော်က မည်မျှမတည်ပေးရမည်ဆိုသည်ကို ထိုလက်ကျန်ပမာဏကိုကြည့်၍ ချင့်ချိန်ရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် OA စာရင်းမှ ငွေများကို နိုင်ငံတော်က ဘတ်ဂျက်အသုံးစရိတ်အဖြစ် ယူသုံးထားပြီး ပေးရန်ရှိအဖြစ်သတ်မှတ်၍ စာရင်းဖော်ထားခြင်း ဖြစ်သည်။ SEE အားလုံးသည် ရာနှုန်းပြည့် နိုင်ငံတော်ပိုင် သာဖြစ်သဖြင့် နိုင်ငံတော်က OA လက်ကျန်များ စာရင်းပေါ်နေမှုကို လိုအပ်သလို စီမံခန့်ခွဲဆောင်ရွက်နိုင်ပေသည်။ SEE တစ်ခုသည် ပုဂ္ဂလိကသို့ လုံးလုံးလျားလျား ကူးပြောင်းဆောင်ရွက်တော့မည်ဆိုလျှင် သို့မဟုတ် အများပိုင်ကုမ္ပဏီအဖြစ်သို့ လုံးလုံးလျားလျား ကူးပြောင်းဆောင်ရွက်တော့မည်ဆိုလျှင် ၎င်းအတွက် လိုအပ်သော တန်ဖိုးဖြတ်မှု၊ မတည်ရင်းနှီးငွေကိစ္စ၊ ပင်စင်ကိစ္စ၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိစ္စ စသည်တို့ကို သုံးသပ်ဆောင်ရွက်ရသည့်အချိန်တွင် OA လက်ကျန်အခြေအနေသည် သုံးသပ်မှုကို အထောက်အကူပြုနိုင်သည့် အချက်တစ်ချက်ဖြစ်သည်။

အခြားသော OA စာရင်းများ

SEE များ၏ UFA (OA)အပြင် အခြား OA များလည်းရှိပါသည်။ ယင်းတို့မှာ ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများကဖြစ်စေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများကဖြစ်စေ ပြည်ပအကူအညီရငွေချေးငွေများအရလည်းကောင်း၊ လျှုဒါန်းငွေများအရလည်းကောင်း၊ စာရင်းအဝင်အထွက်များကို သီးခြားထိန်းသိမ်းထားရှိရန် လိုအပ်ချက်အရလည်းကောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အချိန်အတိုင်းအတာတစ်ခုအတွင်း ဖွင့်လှစ်ရသော OA စာရင်းများဖြစ်ပါသည်။ အချို့အဖွဲ့အစည်းများတွင် ထူးခြားသော အခြေခံစာရင်းပြုဌာနများ၏ ပြန့်ကျဲနေသည့်အနေအထားအရ ဘတ်ဂျက်မှသုံးစွဲသည့် အသုံးစရိတ်များကို OA စာရင်းများ ထပ်မံဖွင့်လှစ်၍ ဆောင်ရွက်ကြရသည်လည်းရှိပါသည်။ (ဥပမာ-ကာကွယ်ရေးဝန်ကြီးဌာန ကြည်း-ရေ-လေ တပ်ရင်းတပ်ဖွဲ့များ၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာန စသည်)

OA စာရင်းများ၏ ဘတ်ဂျက်တွင် ပါဝင်ပုံကို အောက်ပါဇယားချပ်ဖြင့် လေ့လာနိုင်ပါသည်-



OA စာရင်းများကိုပိတ်ရန်သင့်၊ မသင့်

နိဂုံးချုပ်အားဖြင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ OA စာရင်းများသည် အချို့သူများ ထင်သကဲ့သို့ လက်ကျန်များစွာရှိနေပြီး ၎င်းတို့သဘောဖြင့် သုံး၍ရသော စာရင်းများမဟုတ်ပေ။ ၎င်းလက်ကျန်များကိုကြည့်ပြီး အခြားနေရာတွင် သုံးစွဲရန်မှာလည်း ဘတ်ဂျက်အတွက် သုံးထားပြီးသော ငွေရပ်ဖြစ်၍ ဘတ်ဂျက်အသုံးစရိတ်ခွဲဝေမှုဖြင့်သာ ပြန်ပေးနိုင်မည်ဖြစ်ပြီး အသုံးစရိတ်မြင့်တက်လာမှုနှင့် ရင်ဆိုင်ရမည်ဖြစ်ပေသည်။ အဆိုပါ OA စာရင်းများကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်လိုပါက သေချာသုံးသပ်၍ ဆောင်ရွက်သင့်ပါသည်။ OA စာရင်းများကို ပိတ်၍ ယခင်အတိုင်း SEE A/C သာပြန်ထားလျှင် ရသော်လည်း ဗဟိုချုပ်ကိုင်သည့်ပုံစံဖြင့် စီးပွားရေးလုပ်ငန်းမဆန်သော ဦးစီးဌာနဆန်သော လုပ်ငန်းများ ပြန်ဖြစ်သွားပေမည်။ ဈေးကွက်စီးပွားရေးစနစ်နှင့်လည်း ကိုက်ညီမှုမရှိနိုင်ပေ။ UFA (OA) ကိုပိတ်ရန်၊ မပိတ်ရန်ထက် SEE ပြုပြင်ပြောင်းလဲရေးကိုသာ လွှတ်တော်တွင် ဆွေးနွေးကြသကဲ့သို့ မဟာဗျူဟာချမှတ်၍ ဆောင်ရွက်သင့်သည်ကို စဉ်းစားသင့်ပါသည်။

SEE UFA (OA) များမှလွဲ၍ ကျန် OA များမှာလည်း လုပ်ငန်းလိုအပ်ချက်အရ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ရခြင်း၊ စာရင်းစစ်ဆေးခံရခြင်းတို့ကို ဆောင်ရွက်ရပါသည်။ မည်သို့ပင်ဆိုစေ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ ငွေစာရင်းထိန်းသိမ်းရေး ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးအခြေခံကျင့်စဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ပါက OA စာရင်းများသည် ဘဏ္ဍာရေးစီမံခန့်ခွဲမှုအတွက် အကျိုးပြုသော စနစ်တကျဖွင့်လှစ်ထားသည့် စာရင်းများသာဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ခေးပြေူး ရုပ်ရှင်ဇာတ်ကား စက်တင်ဘာ ၂၈ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် စက်တင်ဘာ ၂၃

လာဗင်ဒါ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ကျော်သားကြီး ရိုက်ကူးသည့် "ခေးပြေူး" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး စက်တင်ဘာ ၂၈ ရက်မှစတင်ကာ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ကျော်သားကြီးက "ခေးပြေူးဆိုတာက သူကရပ်ရွာထဲမှာ ခေးကိုခိုးမိတယ်ဆိုတဲ့ အချိန်ကစပြီး ခေးပြေူးဆိုပြီး နာမည်တွင်သွားတယ်။ ဇာတ်ကားမှာ ခေးပြေူးဆိုတဲ့ပုံစံလေး လည်းပေါ်အောင် ဒီဗိုင်းလေးလည်း ကြည့်ရတာလည်း မရိုးအောင် ဒီဗိုင်းဆရာကို ပုံလေးဆွဲခိုင်းပြီး ဖန်တီးထားတယ်။ ဒီဇာတ်ကားမှာ ရွာမှာရှိတဲ့ သူတွေက လူတစ်ယောက်က စကားပြောလိုက်ရင် ဒီစကားကို ဘာမှန်းညာမှန်းမသိဘဲ အမှန်ထင်တယ်။ သူတို့တွေ လိုက်ယောင်ကြရင်းနဲ့ ခေးပြေူးကို ဘိုးတော်ပြေူးဆိုပြီး ဖြစ်သွားတာပေါ့။ ဒီဇာတ်ကားလေးက ဖျော်ဖြေရေး သက်သက်အနေနဲ့ပဲ ရိုက်ထားတာပါ။ ဒီဇာတ်ကားကို သွားရေးလာရေး အဆင်ပြေအောင် သန်လျင်မှာပဲရိုက်ထားတာ။ ရိုက်ထားတာကလည်း နှစ်နှစ်လောက်ရှိနေပြီ။ ဒီဇာတ်ကားလေးက ဒရာမာလေးလည်းရောထားတယ်။ပရိသတ်အနေနဲ့ လာအားပေးပါလို့ ပြောချင်ပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် ရွှေသမီးက "ဒီဇာတ်ကားထဲမှာ ဦးဇော်ဝင်းနိုင်ရဲ့တူမ ဂျမ်းရတီဆိုတဲ့ ကောင်မလေးနေရာက သရုပ်ဆောင်ထားပါတယ်။ ရွာမှာ အလှအပလည်း ကြိုက်တယ်။ နာမည်ကြီးချင် ပေါ်ပြူလာဖြစ်ချင်တဲ့ သူပေါ့။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ရိုက်ခဲ့တယ် ဆိုပေမယ့် အခုပြန်ကြည့်တဲ့အခါ သရုပ်ဆောင်ရတာ ကွက်တိကျသွားတယ်လို့မြင်တယ်။ ဒီဇာတ်ကားမှာ အဝတ်အစားကို ဒီဗိုင်းလေးတွေ ထွင်ပြီးဝတ်တယ်။ နှစ်နှစ်လောက် အချိန်ဆိုပေမယ့် ဒီဗိုင်းလေးတွေက ရိုးသွားတာမရှိဘူး။ ဦးခင်လှိုင်တို့နဲ့ တွဲပြီး သရုပ်ဆောင်ရတော့ အမီတော့ လိုက်ရတယ်။ တွဲဖက်ပြီးသရုပ်ဆောင်ရတဲ့အခါ ကျန်နေခဲ့လို့လည်း မရဘူး။ ရှေ့ကိုရောက်နေလို့လည်း မရဘူး။ တစ်ပြေးညီသွားနိုင်မှ ဇာတ်ကားက ဆွဲဆောင်မှုရှိတာ။ မနည်းမီအောင်တော့ လိုက်ရတယ်"ဟု ပြောသည်။

ဒါရိုက်တာ ကျော်သားကြီး

သရုပ်ဆောင် ရွှေသမီး

သရုပ်ဆောင် ခင်လှိုင်

သရုပ်ဆောင် Kညီ

သရုပ်ဆောင် ခင်လှိုင်က "အဲဒီဇာတ်ကားလေးကို ရိုက်ကတည်းက သဘောကျတယ်။ နာမည်လည်း ဆန်းတယ်။ ရိုက်တုန်းကလည်း ထူးထူးခြားခြားလေးတွေ လုပ်ခဲ့ရတယ်။ ရွာဆိုက်ဆိုပေမယ့် ဒါရိုက်တာကနေ ဒီဇာတ်ကားမှာ ရွာလိုမျိုးမဝတ်ဘဲနဲ့ ကိုရီးယားမင်းသားရှူး ပုံစံလေးဝတ်ပေးပါဆိုလို့ ထူးထူးခြားခြားလေး အဝတ်အစားလည်း သုံးဖြစ်တဲ့ကားပါ။ ရွာကားဆိုရင် ဖလန်ထည်မျိုးဝတ်ရတာများတယ်။ အခုကားမှာတော့ ကိုရီးယားမင်းသားရှူးဆိုတော့ အဝတ်စားက တော်တော်လေး ဝတ်ရပါတယ်။ ဒီဇာတ်ကားက ကျေးလက်ဟာသကားဖြစ်ပါတယ်။ ကျေးလက်ဟာသကတော့ မရိုးဘူး၊ မြို့ဟာသဆို အမြဲတမ်းအသစ်အဆန်းဖြစ်နေဖို့ မလွယ်ဘူး။ လွန်ခဲ့တဲ့နှစ်နှစ်လောက်က ရိုက်တဲ့ကားဖြစ်ပေမယ့် ဟောင်းတဲ့ကားလို့ မထင်ရဘူး"ဟု ပြောသည်။

သရုပ်ဆောင် Kညီက "ခေးပြေူး ဇာတ်ကားမှာ မြင့်မြတ်သူငယ်ချင်း စကားထစ်တဲ့ သူတစ်ယောက်အနေနဲ့ သရုပ်ဆောင်ထားပါတယ်။ မြင့်မြတ်နဲ့လည်း သူငယ်ချင်းဖြစ်တဲ့အတွက် ဒီဇာတ်ကားမှာလည်း သူငယ်ချင်းဆိုတော့ သရုပ်ဆောင်ရတာ မုဝင်ပါတယ်။ သာမန်စကားပြောတာ မဟုတ်ဘဲ စကားကို အထစ် အထစ်ပြောတာမျိုး သရုပ်ဆောင်ထားတယ်။ သရုပ်ဆောင်ရတာ အခက်အခဲတော့ မရှိပါဘူး။ သူငယ်ချင်းတွေထဲမှာလည်း ရှိတယ်။ အပြင်လောကမှာလည်း ရှိတယ်။ သူတို့ကို အတုယူရတယ်။ ဒီဇာတ်ကားက တောရွာလေးတစ်ခုမှာဖြစ်နေတဲ့ အဖြစ်ပျက်လေးကို ဟာသလေးနှောပြီး ရိုက်ထားတာပါ။ ဇာတ်ကားကြည့်တဲ့ ပရိသတ်အနေနဲ့ အမောပြေမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

သတင်း- မင်းသစ်(MNA)
ဓာတ်ပုံ- နေလင်း

ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ထပ်မံဖွဲ့စည်း

ပဲခူး စက်တင်ဘာ ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြန်မာ့ဘောလုံးဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်မျိုးဆက်သစ်ကစားသမားများ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းပေးလျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျန်ရှိသည့်မြို့နယ်များတွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ် ထပ်မံဖွဲ့စည်းပေးခဲ့သည်။

မြန်မာ့ဘောလုံး ရွှေခေတ်ဘောလုံးသမားဟောင်းကြီးများဖြစ်သည့် ဦးတင်အောင် (ဂိုး)နှင့် ဦးလှရွှေလေးတို့ ဦးဆောင်သည့် မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းရေးကော်မတီသည် စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ဒုတိယအကြိမ်သွားရောက်ကာ ရွှေတောင်၊ နတ်တလင်း၊ ဇီးကုန်း၊ ကြို့ပင်ကောက်၊ အုတ်ဖို၊ လက်ပံတန်း၊ မိုးညိုနှင့် မင်းလှမြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းခဲ့သည်။

ရှိုင်းထက်ဇော်

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ (Panel Discussion on Making Good Movie: Pre-Production) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(Film Development Centre)၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ ဦးဆောင်ဆွေးနွေးသူ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါ်ဆွေဇင်ထိုက်က ရုပ်ရှင်ကားများ ရိုက်ကူးထုတ်လုပ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးဆောင်ဆွေးနွေးသူ ဒေါ်ဆွေဇင်ထိုက်၊ ဒါရိုက်တာ ဦးဇော်မြင့်ဦး၊ ဇာတ်ညွှန်းပညာရှင် အယ်လ်မင်းပြည့်မွန်နှင့် ဒါရိုက်တာ ခရစ်စတီးနားခီတို့က ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ထုတ်လုပ်သူ၊ ဇာတ်ညွှန်း၊ ဒါရိုက်တာများ၏ ကြိုတင်ပြင်ဆင်ရမည့် အတွေ့အကြုံများကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် သုခမိန်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးကျော်ကျော်၊ ဆရာဦးမြင့်သိန်းဖေနှင့် လူငယ်ဒါရိုက်တာ ကိုသော်ဇင်တို့က သိလိုသည်များကိုမေးမြန်းကြရာ ဒေါ်ဆွေဇင်ထိုက်၊ ဒါရိုက်တာဦးဇော်မြင့်ဦး၊ ဇာတ်ညွှန်းပညာရှင် အယ်လ်မင်းပြည့်မွန်နှင့် ဒါရိုက်တာ ခရစ်စတီးနားခီတို့က ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဆရာဦးမြင့်သိန်းဖေက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရာတွင် အတွေ့အကြုံများရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ထုတ်လုပ်သူများ၊ ဒါရိုက်တာများ၊ ဇာတ်ညွှန်းရေးသူများ၊ လူငယ်ဒါရိုက်တာများ၊ ရုပ်ရှင်ချစ်မြတ်နိုးသူများနှင့် မီဒီယာများတက်ရောက်ကြသည်။

သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - ရဲထွန်း

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ထုတ်လုပ်သူ၊ ဒါရိုက်တာနှင့် ဇာတ်ညွှန်းပညာရှင်များ၏ အတွေ့အကြုံများ

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၏ ဦးဆောင်ဆွေးနွေးသူ ဒေါ်ဆွေဇင်ထိုက်၊ ဒါရိုက်တာ ဦးဇော်မြင့်ဦး၊ ဇာတ်ညွှန်းပညာရှင် အယ်လ်မင်းပြည့်မွန်နှင့် ဒါရိုက်တာ ခရစ်စတီးနားခီတို့အား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းထားသည်။

ဒေါ်ဆွေဇင်ထိုက်

ဒါရိုက်တာ ဦးဇော်မြင့်ဦး

အယ်လ်မင်းပြည့်မွန်

ဒါရိုက်တာ ခရစ်စတီးနားခီ

ဒေါ်ဆွေဇင်ထိုက်
(ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင်)

ရုပ်ရှင်မရိုက်ခင်မှာ ကြိုတင်ပြင်ဆင်တဲ့ကဏ္ဍ အကြီးကြီးရှိတယ်။ မြန်မာ့ရုပ်ရှင်လောကမှာ အဲဒီကဏ္ဍက မှေးမှိန်နေတယ်။ ဒါကြောင့်မို့ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဒီကဏ္ဍကို သေသေချာချာလုပ်ရမှာဖြစ်တယ်။ ဘာတွေကို ဆင်ခြင်ပြီးတော့၊ ဘာတွေကို တူးဖော်ပြီးတော့ ဘယ်လိုဟာတွေကို ဦးစားပေးရမလဲဆိုတာကို ဆွေးနွေးရမှာဖြစ်ပါတယ်။ ရုပ်ရှင်ဇာတ်ကားကို ရိုက်မယ်ဆိုရင် ကွန်မက ဇာတ်လမ်းကို အရင်တောင်းတယ်။ ပရိုဂျူဆာလုပ်ပေးမလားဆိုရင် ဇာတ်ညွှန်းကို အရင်တောင်းတယ်။ ဇာတ်ညွှန်းမရရင် ဇာတ်လမ်းအကျဉ်းချုပ်ကို အရင်တောင်းပါတယ်။ ကြိုတင်ပြင်ဆင်မှုအတွက် ဒီဇိုင်းဆွဲပေးပါတယ်။ ဇာတ်လမ်းထဲမှာပါတဲ့အတိုင်း သွားရိုက်မယ့် ရိုက်ကွင်းနေရာတွေ၊ သရုပ်ဆောင်မယ့်စရိုက် လက္ခဏာတွေကို ကြိုတင်ပြင်ဆင်ရမယ်။ ဇာတ်ညွှန်းကို ရထားမယ်ဆိုရင်၊ အခန်းစဉ်တွေကို ရွေးထားတယ်ဆိုရင် ရိုက်ကွင်းနေရာတွေမှာ စုလို့ရတယ်။ တစ်နေရာက တစ်နေရာ ရွှေ့လို့ရတယ်။ အဲဒီအကြောင်းတွေကိုဆွေးနွေးမှာပါ။

မြန်မာစကားပြောတဲ့ ရုပ်ရှင်တွေကို မြန်မာစကားပြောတဲ့လူထုက ကြည့်ဖို့ဆိုပြီး ရိုက်ကြတယ်။ ကြည့်တယ်ဆိုပြီး ကျေနပ်နေကြတယ်။ မြန်မာစကားပြောတဲ့ရုပ်ရှင်တွေကို မြန်မာစကားမပြောတဲ့သူတွေရဲ့ ဈေးကွက်ထဲကို ဝင်အောင်ပို့နိုင်ဖို့ လိုပါတယ်။ မြန်မာစကားပြောတဲ့ရုပ်ရှင်တွေကို မကြည့်ဘူးဆိုတဲ့ ပြည်တွင်းကလူတွေကိုလည်း ပြန်ပြီးဆွဲဆောင်နိုင်ဖို့ လိုပါတယ်။ ဒါမျိုးတွေ လုပ်နိုင်မယ်ဆိုရင် ဈေးကွက်က တက်သွားမယ်လို့ထင်တယ်။ အဓိကအကြောင်းရင်းက နိုင်ငံတကာ အလေ့အကျင့်ကိုလည်း သိရမယ်။ အဆင့်အတန်းရှိတဲ့၊ ပရိသတ်ကိုစေတနာရှိတဲ့၊ လေးစားတဲ့အနေနဲ့ ကောင်းတဲ့ဇာတ်ကားတွေ ရိုက်ဖို့လိုတယ်လို့ ထင်ပါတယ်။

ဒါရိုက်တာ ဦးဇော်မြင့်ဦး

တော်တော်လေးကို ဆွေးနွေးယူရမယ့်ကိစ္စမျိုးပါ။ ရုပ်ရှင်လောကမှာ နည်းနည်းလေး အားနည်းနေတဲ့ ကြိုတင်ပြင်ဆင်မှုအပိုင်းမှာ အားလုံးစိတ်ဝင်စားလာအောင် တပ်လှန့်လိုက်တဲ့ သဘောပါပဲ။ အဲဒီတော့မှ စိတ်ဝင်စားလာပြီး ဒါတွေကို ဘယ်လိုလုပ်ကြမလဲ၊ နောက်ပိုင်းမှအသေးစိတ်ကိုသွားကြမယ်။ ရုပ်ရှင်မှာ ကြိုတင်ပြင်ဆင်မှုအပိုင်းက အရေးကြီးပါတယ်။ အခုခေတ်လူငယ်ဒါရိုက်တာတွေက သိနေပြီ။ သိလို့လည်း ကြိုးစားပြီး ကြိုတင်ပြင်ဆင်မှုကဏ္ဍကို အချိန်ယူတယ်။ အချို့ဒါရိုက်တာတွေက အကြောင်းကြောင်းကြောင့် ကြိုတင်ပြင်ဆင်မှုကဏ္ဍကို ကောင်းကောင်း မလုပ်နိုင်ကြဘူး။ ဒါပေမယ့် သေချာလုပ်ခဲ့တဲ့ကားတွေ ရှိပါတယ်။ အဲဒီကားတွေက ရုံပေါ်ရောက်ရင် သိပ်သိသာပါတယ်။ ပရိသတ် သေချာပေါက် ကြိုက်ပါတယ်။ အဓိကကတော့ လက်ရှိရုပ်ရှင်လောကမှာ လုပ်နေကြတဲ့သူတွေ ဒါလေးကို ပြန်ပြီးတော့ ခေါင်းထဲ ရောက်လာအောင် လုပ်စေချင်ပါတယ်။ ဒီဆွေးနွေးပွဲတွေကို လုပ်သင့်ပါတယ်ဆိုပြီး အစည်းအဝေးမှာတင်ပြပြီး လုပ်ဖြစ်တာပါ။ ဒီပွဲတွေလုပ်တာ တစ်စုံတစ်ခု အကျိုးရှိသွားမယ်ဆိုရင် ကျေနပ်ပါတယ်။

ဇာတ်ညွှန်းပညာရှင်
အယ်လ်မင်းပြည့်မွန်

ကြိုတင်ပြင်ဆင်မှု အပိုင်းမှာ ဇာတ်ညွှန်းက တော်တော်အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်ပါတယ်။ ဇာတ်ညွှန်းရေးတဲ့နေရာမှာ အရင်ခေတ်နဲ့မတူတာက အိမ်ထဲမှာနေလို့မရဘဲ အပြင်ထွက်ပြီး ပတ်ဝန်းကျင်ကိုလေ့လာရတယ်၊ သူတို့ရဲ့အသံအစစ်တွေ၊ ခံစားမှုတွေ ယူရတယ်၊ အဲဒီအပေါ်မှာမှ ပြန်ပြီးပြုပြင်ပြီး ပြန်လုပ်ရတာမျိုးပါ။ အဲဒါမျိုးတွေကို များများလုပ်စေချင်တယ်။ ဒါကြောင့် တက်ရောက် ဆွေးနွေးဖြစ်တာပါ။ ရုပ်ရှင်လောကမှာ ဒီထက်ပိုကောင်းတဲ့နည်းလမ်းတွေရှာပြီး ဘာတွေလိုအပ်နေလဲ၊ ဘယ်လိုလုပ်ကြရင် ကောင်းမလဲဆိုတာမျိုး သွားဖို့လိုပါတယ်။ ဒီလိုပွဲမျိုးတွေ များများလုပ်ပေးဖို့ လိုတယ်။ နောက်ထပ် ဇာတ်ညွှန်းဆွေးနွေးပွဲတွေ လုပ်သွားဖို့ရှိပါတယ်။ ဇာတ်ညွှန်းက အင်မတန်မှ အရေးကြီးတဲ့အရာဖြစ်ပါတယ်။ အရေးကြီးတာကို အရေးကြီးတဲ့အလျောက် ဆောင်ရွက်နိုင်ကြပါစေလို့ ပြောချင်ပါတယ်။

ဒါရိုက်တာ ခရစ်စတီးနားခီ

တခြားဆွေးနွေးမယ့်သူတွေဆီက ပြောတာတွေကို နားထောင်လို့ရမယ်၊ ကိုယ်မသိသေးတာတွေရှိရင် ကိုယ့်အတွက် အကျိုးအများကြီးရှိမယ်။ ဒီလုပ်ငန်းထဲမှာပဲ နေကြတဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် လုပ်ငန်းအတွေ့အကြုံတွေ မတူဘူး။ အတွေ့အကြုံတွေကို တစ်ယောက်နဲ့တစ်ယောက် ဝေမျှကြမယ်။ သူတို့ပြောတာတွေကို နားထောင်ချင်တယ်။ ကိုယ့်ဘက်က ပြောနိုင်တဲ့အရာ၊ ဝေမျှနိုင်မယ့်အရာကိုလည်း ဘယ်သူ့အတွက်ပဲ အကျိုးရှိရှိ လာဝေမျှပေးချင်ပါတယ်။ ထုတ်လုပ်မှုအပိုင်းအနေနဲ့ ကိုယ်တိုင်လည်း ရုပ်ရှင်ကားထုတ်လုပ်ပြီး ရိုက်ထားတာဖြစ်တဲ့အတွက် ဘယ်လိုနည်းနဲ့ ထုတ်လုပ်တယ်၊ ဘယ်လို သွားနေလဲ၊ ဘယ်လို လည်ပတ်နေတယ်၊ ဘယ်လို လုပ်ကိုင်နေလဲဆိုတာကို ဝေမျှပေးမှာပါ။ ကိုယ်ပြောလိုက်တဲ့ အရာလေးက အခြားတစ်စုံတစ်ဦး တစ်ယောက်အတွက် အကျိုးရှိသွားရင် ကောင်းမယ်လို့ထင်ပါတယ်။

တွေ့ဆုံမေးမြန်း - ရီရီမြင့်
ဓာတ်ပုံ - ရဲထွန်း

ရေစကြိုမြို့တွင် ဆုကြေးစား အသက် ၂၁ နှစ်အောက်နှင့် အလွတ်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကျင်းပ

ရေစကြို စက်တင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ၂၀၁၈ ခုနှစ် ရေစကြိုမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ဆုကြေးစား အသက် ၂၁ နှစ်အောက်နှင့် အလွတ်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက်က မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပကြောင်း သိရသည်။

ဘောလုံးပြိုင်ပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဖေ၊ ရေစကြိုမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဆန်း(အောင်သိဒ္ဓိ)နှင့် အဖွဲ့ချုပ်အဖွဲ့ဝင်များ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမင်းဇော်နှင့် ကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်ဘောလုံးအသင်းများ တက်ရောက်ကြပြီး ပထမနေ့ပြိုင်ပွဲအဖြစ် Yadanar Soe Moe အသင်းနှင့် Thar Pone FC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် အမှတ်ခွဲဝေယူသွားကြောင်း သိရသည်။

အဆိုပါ ၂၀၁၈ ခုနှစ် ရေစကြိုမြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ဆုကြေးစား အသက် ၂၁ နှစ်အောက်နှင့် အလွတ်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ရေစကြိုမြို့နယ် ဘောလုံးအဖွဲ့ချုပ်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အသက် ၂၁ အောက် မြို့နယ်လက်ရွေးစင်ရွေးချယ်နိုင်ရေးအတွက် ကလပ်အသင်းတစ်သင်း လျှင် အသက် ၂၁ နှစ်အောက် ကစားသမားကိုးဦးနှင့် ဆုကြေးစား အလွတ်တန်း ကစားသမား ကိုးဦးတို့ဖြင့် ဖွဲ့စည်း၍ ကလပ်အသင်း ကိုးသင်းတို့ ပါဝင်လျက် အမှတ်ပေးနှစ်ကျော့စနစ်ဖြင့် စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမင်းဇော်က ပြောသည်။

ဖေထွေးဇော်(ရေစကြို)

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၃

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးကျော်မြင့်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးကျော်မြင့်

အားလုံးသာလီစွာပါ။

ကျွန်တော်က ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်ပါ။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ မဲဆန္ဒနယ် သုံးနေရာမှာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မှာ ရခိုင်ပြည်နယ် လွှတ်တော်နေရာအတွက် ဦးသိန်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြည်သူ့လွှတ်တော်နေရာအတွက် ဒေါ်သက်သက်အေးနဲ့ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မြေမှာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အတွက် ဦးမောင်လှကျော်တို့က ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒနဲ့ လုပ်ငန်းစဉ်တွေကို တင်ပြသွားမှာဖြစ်ပါတယ်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီအရေး လူထုအရေးတော်ပုံကာလက ပေါ်ပေါက်လာတဲ့ပါတီဖြစ်ပါတယ်။ ပါတီကို ရခိုင်-မြန်မာပဏ္ဍိတ် ဆရာကြီးဦးဦးသာထွန်းနဲ့ ဒေါက်တာဦးစောမြအောင်တို့က ဦးစီးဦးဆောင်ပြုပြီး ဖွဲ့စည်းတည်ထောင်ခဲ့ကြတာဖြစ်ပါတယ်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဒီမိုကရေစီရေး၊ တိုင်းရင်းသားလူမျိုးများအားလုံးတန်းတူရေး၊ အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရှိရေးတို့အပေါ်မှာ အခြေခံတဲ့ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ခြင်းဖြင့်သာ ရခိုင်ပြည်သူတွေရဲ့အကျိုးကို ဆောင်ရွက်နိုင်မှာဖြစ်တယ်ဆိုတဲ့ မူဝါဒကို ချမှတ်ခဲ့ကြပါတယ်။ အဲဒီနောက် ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ၁၁ နေရာမှာ အနိုင်ရရှိကာ မြန်မာနိုင်ငံမှာ တတိယအများဆုံးအနိုင်ရပါတီအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ မိမိတို့ပါတီရဲ့မူဝါဒကို အကောင်အထည်ဖော်ရာမှာ တခြားသောတိုင်းရင်းသားတွေနဲ့လက်တွဲပြီး ဆောင်ရွက်မှ အောင်မြင်နိုင်မှာဖြစ်တဲ့အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) မှာ ဦးဆောင်ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) တို့ဟာ အနာဂတ်ပြည်ထောင်စုကို တိုင်းရင်းသားလူမျိုးများအားလုံး လူမျိုးရေးတန်းတူညီမျှမှု၊ နိုင်ငံရေးတန်းတူညီမျှမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိစေရမည့်အပြင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ အာမခံချက်ရှိတဲ့ ပြည်ထောင်စုကို တည်ဆောက်ကြမယ်ဆိုတဲ့ မူတွေနဲ့ပတ်သက်လို့ ဗိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာချက်ကိုလည်း ၂၉-၈-၁၉၉၀ ရက်နေ့မှာ ထုတ်ပြန်နိုင်ခဲ့ကြတယ်။

၁၉၉၀ ပြည့်နှစ်အလွန်ကာလတွေမှာလည်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရပါတီတွေနဲ့ ဖွဲ့စည်းထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)မှာ ပါဝင်လှုပ်ရှားခဲ့ပြီး ပါတီရဲ့မူဝါဒကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးပမ်းခဲ့တယ်။

၁၉၉၂ ခုနှစ်မှာတော့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မှတ်ပုံတင်ဖျက်သိမ်းခံခဲ့ရပါတယ်။

၂၀၁၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအပြီး ပေါ်ထွန်းလာတဲ့ အစိုးရသစ်လက်ထက်မှာ ပြောင်းလဲလာတဲ့ နိုင်ငံရေးဖြစ်စဉ်တွေကြောင့် ၂၀၁၂ ခုနှစ်မှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပါတီရဲ့ မူလရည်မှန်းချက်တွေကို ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့အတွက် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကို ဒုတိယအကြိမ် ပြန်လည်ဖွဲ့စည်းပြီး မှတ်ပုံတင်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ မိမိတို့ပါတီရဲ့ မူဝါဒတွေနဲ့ တူညီတဲ့ တိုင်းရင်းသားပါတီတွေနဲ့ ဖွဲ့စည်းထားတဲ့ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်(UNA)အဖွဲ့မှာ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့ပါတယ်။

အဲဒီနောက်မှာတော့ ရခိုင်ပြည်သူတစ်ရပ်လုံးရဲ့ဆန္ဒကို လေးစားတဲ့အနေနဲ့ သော်လည်းကောင်း၊ ရခိုင်အမျိုးသားတွေရဲ့ အကျိုးစီးပွားကို ပိုမိုဆောင်ကြဉ်းပေးနိုင်မယ်လို့ ယုံကြည်တဲ့အတွက်လည်းကောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီနဲ့ ပူးပေါင်းခဲ့ပါတယ်။

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအပြီး နောက်ပိုင်းကာလမှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ မိမိပါတီရဲ့ မူဝါဒတွေကို ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့အတွက် ၂၀၁၇ ခုနှစ်မှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကို ထပ်မံဖွဲ့စည်းပြီး တတိယအကြိမ် မှတ်ပုံတင်ခဲ့ပါတယ်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ၁၉၈၈ ခုနှစ် စတင်ဖွဲ့စည်းတည်ထောင်စဉ်ကပင် ခေါင်းဆောင်ကြီးများ ချမှတ်ထားခဲ့တဲ့ မူဝါဒတွေကို ဆက်လက်စွဲကိုင်ပြီး လုပ်ငန်းစဉ် ၁၆ ရပ်ကိုလည်း ချမှတ်ထားပါတယ်။ အဲဒီလုပ်ငန်းစဉ် ၁၆ ရပ်ထဲက အချိန်ကန့်သတ်ချက်ရှိတဲ့အတွက် အရေးကြီးတဲ့လုပ်ငန်းစဉ်တွေကိုပဲ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

- ပထမဆုံးအနေနဲ့ ဒီနေ့ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဖြစ်ပေါ်နေတဲ့ပြဿနာဟာ ခုဆိုရင် တစ်နိုင်ငံလုံးရဲ့ပြဿနာဖြစ်လို့ လာနေပါပြီ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလတွေမှာ ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအခြေအနေတွေ၊ အဲဒီအခြေအနေပေါ်မှာ အခြေခံပြီးချမှတ်ခဲ့တဲ့ မူဝါဒတွေရဲ့ အားနည်းချက်တွေ၊ တရားဥပဒေစိုးမိုးမှု နည်းပါးတာတွေနဲ့ လာဘ်ပေးလာဘ်ယူမှုစတဲ့ ကိစ္စတွေကို အကြောင်းပြုပြီး ကြီးထွားလာခဲ့တဲ့ ခိုးဝင်ဘင်္ဂါလီပြဿနာဟာ ရခိုင်ပြည်နယ်အတွက်သာမဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် စိုးရိမ်ဖွယ်ရာအခြေအနေတွေ ဖြစ်လာနေပြီဖြစ်တယ်။ ဒီပြဿနာကို ဖြေရှင်းရာမှာ အတိမ်းအစောင်း တစ်ခုခု ဖြစ်ခဲ့ရင် ပထမဆုံး ထိခိုက်ခံစားရမှာက ဒေသခံရခိုင်လူမျိုးတွေပဲဖြစ်တယ်။ ဒါကိုလည်း ရှေ့အဖြစ်အပျက်တွေက သက်သေပြခဲ့ပြီးဖြစ်တယ်။ ဒါကြောင့် ဒီပြဿနာကို ဖြေရှင်းတဲ့ကိစ္စမှာ ဒေသခံရခိုင်ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ နိုင်ငံတော်ရဲ့ ပိုင်နက်နယ်မြေနဲ့ အချုပ်အခြာအာဏာကို ကာကွယ်ရေးအတွက် ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ချမှတ်ထားပါတယ်။
- ဒုတိယအနေနဲ့ ဒီနေ့မြန်မာနိုင်ငံဟာ ပြည်ပအန္တရာယ်တွေနဲ့ ရင်ဆိုင်နေရတယ်လို့ ပြောနိုင်ပါတယ်။ ဒီလိုအချိန်မျိုးမှာ ပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားတွေအားလုံး စည်းလုံးညီညွတ်ဖို့လိုပါတယ်။ ဒါဆိုရင် ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် အဓိကပါဝင်ပတ်သက်နေကြတဲ့ အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဟာ ဦးစွာတွေ့ဆုံပြီး သဘောထားကြီးကြီးနဲ့ နိုင်ငံ့အကျိုးအတွက် ဦးစားပေးပြီး တိုက်ရိုက်တွေ့ဆုံဆွေးနွေးဖို့လိုပါတယ်။ ဆွေးနွေးတဲ့အခါမှာလည်း အင်အားကြီးတဲ့အဖွဲ့ကစတင်ပြီး သဘောထားကြီးကြောင်း ပြသဖို့လည်းလိုအပ်မှာဖြစ်ပါတယ်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ကတော့ ပြည်တွင်းစစ်ရပ်စဲပြီး ထာဝရတည်တံ့ခိုင်မြဲတဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ဖို့ကိုလည်း ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အနေနဲ့ ချမှတ်ထားပါတယ်။
- တတိယအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ဆက်စပ်ပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ဒီမိုကရေစီအခြေခံမူများနဲ့သော်လည်းကောင်း၊ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုမူတွေနဲ့သော်လည်းကောင်း ကိုက်ညီမှုမရှိတဲ့ အချက်အလက်တွေကိုလည်း ပြင်ဆင်ရေးဆွဲဖို့ လိုအပ်တဲ့အတွက် ပါတီမှာလုပ်ငန်းစဉ်တွေကို ချမှတ်ထားပါတယ်။
- နောက်တစ်ချက်ကတော့ ရခိုင်ပြည်နယ်အနှံ့အပြားမှာလည်း စက်မှုဇုန်တွေ၊ အထူးစီးပွားရေးဇုန်တွေ၊ အစိုးရစီမံကိန်းကြီးတွေစတဲ့ အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေသိမ်းဆည်းခံရမှုအများအပြားရှိခဲ့ပြီး တောင်သူလယ်သမားတွေဟာ ဒုက္ခအမျိုးမျိုးတွေကို ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ရခိုင်ပြည်သူ ပြည်သားအများစုဟာ လယ်ယာကိုအခြေခံတဲ့ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားပြီး အသက်မွေးဝမ်းကျောင်း ပြုကြရတာဖြစ်တဲ့အတွက် တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့ဆိုတာဟာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်(ALD)ရဲ့ အရေးအကြီးဆုံး မူဝါဒတွေထဲက တစ်ခုဖြစ်ပါတယ်။ ဒ့ါကြောင့် လယ်ယာမြေပြဿနာများကိုလည်း ဖြေရှင်းပေးနိုင်ဖို့ လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က ဦးစားပေး ဆောင်ရွက်သွားမယ့် မူဝါဒတစ်ရပ်အဖြစ် ချမှတ်ထားပါတယ်။
- ငါးချက်မြောက်အနေနဲ့ ပြောရရင် ဒီနေ့ ရခိုင်ပြည်နယ်မှာ လူငယ်အများအပြားဟာ အလုပ်အကိုင်ရှားပါးမှု ပြဿနာအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ရခိုင်ပြည်နယ်ကနေ နိုင်ငံတွင်းက အခြားဒေသများ အပါအဝင် နိုင်ငံတကာကို ထွက်ခွာသွားနေကြရတယ်။ ဒါကြောင့် အမျိုးသားတွေသာ လုပ်ကိုင်ခဲ့ကြတဲ့ ကျောက်ခွဲ၊ ကျောက်ထု၊ ကျောက်သယ်၊ လယ်ထွန်၊ သစ်ခုတ်ကိစ္စတွေအပြင် အိမ်ပြင်၊ အိမ်မိုးကအစ အမျိုးသမီးတွေက အစားထိုးဝင်ရောက်လုပ်ကိုင်နေကြရတာတွေကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေရပါတယ်။ ဒါကြောင့် ရခိုင်ပြည်သူပြည်သားတွေ အိမ်ပြန် အလုပ်လုပ်နိုင်ဖို့၊ ခုခေတ်လူငယ်တွေနဲ့ သင့်တော်ပြီး ကောင်းမွန်တဲ့လုပ်ခလစာရရှိဖို့၊ ရခိုင်ပြည်မှာ ရခိုင်သူ ရခိုင်သားတွေ မိသားစုနဲ့ အတူနေ၊ အတူလုပ်နိုင်ဖို့ ကောင်းမွန်သင့်တော်တဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးဖို့လိုတယ်လို့ ကျွန်တော်တို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က ယုံကြည်ပါတယ်။ ဒါကြောင့် ဒီပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက်ကိုလည်း ဦးစားပေးလုပ်ငန်းစဉ်အဖြစ် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က ချမှတ်ထားပါတယ်။
- နောက်ဦးစားပေးလုပ်ငန်းစဉ်တစ်ခုအနေနဲ့ ရခိုင်ပြည်နယ်အနှံ့အပြားမှာ ဖွံ့ဖြိုးရေးစီမံကိန်းတွေ၊ အစိုးရရဲ့ စီးပွားရေးစီမံကိန်းကြီးတွေ စတဲ့ အကြောင်းအမျိုးမျိုးကြောင့် စည်းကမ်းမဲ့ သစ်တောတွေကို ခုတ်တာတွေ၊ ကျောက်တောင်တွေကိုဖြိုတာတွေစတဲ့ ဖြစ်စဉ်တွေကြောင့် သဘာဝရဲ့ဂေဟစနစ်ကို ပျက်စီးစေသလို အခုလက်ရှိမှာပဲ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့က ရေနက်ဆိပ်ကမ်းရှိတဲ့ သံဇစ်မြစ်ရေဟာ အရောင်ပြောင်းပြီး အညိုရောင်တွေဖြစ်ပေါ်နေတဲ့ကိစ္စနဲ့ ပတ်သက်လို့ ထိရောက်တဲ့ အရေးယူဆောင်ရွက်မှုတွေကို အခုထိ မတွေ့ရသေးပါဘူး။ ဒီလိုကိစ္စတွေကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသလို ဒေသခံရခိုင်လူမျိုးတွေရဲ့ စီးပွားရေး၊ ကျန်းမာရေးတွေကိုလည်း ထိခိုက်လာနိုင်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လုပ်ငန်းစဉ်တွေကို ဒေသခံ အရပ်ဘက်အဖွဲ့အစည်းတွေ၊ ဒေသခံပြည်သူတွေနဲ့ လက်တွဲဆောင်ရွက်နိုင်ဖို့ ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်က ချမှတ်ထားပါတယ်။



- နောက်တစ်ချက်ကတော့ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုဆိုတာဟာ မှန်ကန်စွာလုပ်ကိုင်ရင် ဒေသခံပြည်သူတွေအတွက် အကျိုးရှိနိုင်သလို၊ ကောင်းမွန်မှန်ကန်တဲ့ မူဝါဒအကောင် အထည်ဖော်မှုတွေမရှိရင် အတိဒုက္ခရောက်ကြရတာကို ကမ္ဘာနဲ့တစ်ဝန်း တွေ့မြင်နေကြရပါတယ်။ အထူးသဖြင့် သဘာဝသယံဇာတကို တူးဖော်ထုတ်ယူသုံးစွဲခြင်း၊ ဒေသခံနယ်မြေတွေကို ပြောင်းလဲပြုပြင်ခြင်း စတာတွေ ပြုလုပ်ရတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဝင်လာရင် ပြည်သူတွေရဲ့ ဘဝ နေထိုင်မှုအနေအထားတွေဟာ အကောင်းဘက်ထက်ဆိုးရွားတဲ့ အကျိုးဆက်တွေကို ခံစားကြရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရခိုင်ပြည်သူတွေဟာ အဲဒီလိုဖြစ်လာနိုင်ခြေရှိတဲ့၊ ဖြစ်နေတဲ့ အကျိုးဆက်တွေကို ရှောင်ရှားဖြေရှင်းနိုင်ဖို့၊ ပြည်သူတွေရဲ့ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ဖို့ ကောင်းမွန်တဲ့ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းတွေရှိရမယ့်အပြင် အဲဒီဥပဒေတွေကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဖို့လိုပါတယ်။ ဒါတွေကို အကောင်အထည်ဖော်ဖို့အတွက်ကိုလည်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဦးစားပေး မူဝါဒလုပ်ငန်းစဉ်အဖြစ် ချမှတ်ထားပါတယ်။
- ရခိုင်ပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် ရေလုပ်ငန်းတွေ၊ လယ်ယာမြေလုပ်ငန်းတွေ၊ သဘာဝအရင်းအမြစ်နဲ့ ကုန်စည်ကူးသန်း ရောင်းဝယ်ရေး အစရှိတဲ့ ကဏ္ဍအသီးသီးမှာ ပြည်သူတွေကိုယ်တိုင် ပါဝင်ဆုံးဖြတ်နိုင်တဲ့ ယန္တရားတစ်ရပ်ကို သက်ဆိုင်ရာကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းအကောင်အထည်ဖော်ဖို့ လုပ်ငန်းစဉ်တွေကိုလည်း ချမှတ်ထားပါတယ်။
- ဒီနေ့ ရခိုင်ပြည်နယ်မှာ မူးယစ်ဆေးဝါးအန္တရာယ်ဟာ အထူးသဖြင့် လူငယ်တွေအတွက် စိုးရိမ်ဖွယ်ရာ အနေအထားတစ်ခုကို ရောက်ရှိနေပါတယ်။ ကွမ်းယာဆိုင်မှာကအစ ဝယ်ယူရရှိနိုင်တဲ့ မူးယစ်ဆေးဝါးတွေဟာ ရခိုင့်သွေးသစ်လူငယ်တွေ၊ အနာဂတ်ခေါင်းဆောင်တွေရဲ့ အညွန့်တလူလူတက်နေတဲ့ ရွှေရောင်အနာဂတ်တွေကို ဆုံးရှုံးနေတာတွေဟာ ရင်နာစရာကောင်းလှပါတယ်။ လက်လီ၊ လက်ကား ရောင်းဝယ်ဖောက်ကားနေသူတွေကအစ ရခိုင်ပြည်နယ်ရဲ့ အနာဂတ်ကို ဖျက်ဆီးနေတဲ့ မူးယစ်ရာဇာတွေအဆုံး ဖယ်ရှားရှင်းလင်းနိုင်ဖို့ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေကိုလည်း အဓိကဦးစားပေး အချက်အနေနဲ့ ချမှတ်ထားပြီး သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းအကောင်အထည်ဖော်သွားပါမယ်။
- လူငယ်တွေ၊ အလုပ်သမားတွေ၊ အမျိုးသမီးနဲ့ ကလေးသူငယ်များရဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်သွားဖို့၊ ဒ့ါအပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခွင့်အလမ်းများ တိုးတက်မြင့်မားကောင်းမွန်ဖို့နဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားဖို့ကိုလည်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) အနေနဲ့ လုပ်ငန်းစဉ်များ ချမှတ်ထားပါတယ်။
- ရခိုင်ပြည်နယ်ဟာ မြန်မာနိုင်ငံမှာ အဆင်းရဲဆုံးပြည်နယ်အဖြစ် စာရင်းဝင်နေတာဟာ ဆယ်စုနှစ်အတော်ကြာခဲ့ပါပြီ။ သယံဇာတပေါကြွယ်ဝပြီး နိုင်ငံရေး ပထဝီအနေအထား၊ စီးပွားရေးပထဝီအနေအထားအရ အချက်အချာကျလှတဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ ခုလို ဆင်းရဲတွင်းထဲက ရုန်းထွက်မရ ဖြစ်နေတယ်ဆိုတာဟာ အင်မတန်ရင်နာစရာကောင်းသလို အဓိပ္ပာယ်လည်း မရှိပါဘူး။ ဒါကြောင့် ဒီဆင်းရဲတွင်းနက်နေတဲ့ အနေအထားက ရုန်းထနိုင်ဖို့၊ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ချမှတ်ထားတဲ့ မူဝါဒနဲ့ လုပ်ငန်းစဉ်တွေကို လက်တွေ့ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ အဝေးရောက် ရခိုင်ပြည်သူများအပါအဝင် ရခိုင်ပြည်နယ်မှာ ရှိနေကြတဲ့ ရခိုင်ပြည်သူများအနေနဲ့ ကျွန်တော်တို့နဲ့အတူ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်သွားဖို့ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ခုလို ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒနဲ့ လမ်းစဉ်တွေဟာ ရခိုင်-မြန်မာပဏ္ဍိတ် ဆရာကြီးဦးဦးသာထွန်း၊ ဒေါက်တာ ဦးစောမြအောင်တို့လို ပုဂ္ဂိုလ်တွေကစပြီး အမြော်အမြင်ရှိရှိ ချမှတ်ထားခဲ့ပြီး ရခိုင်ပြည်သူပြည်သားတွေရဲ့ အကျိုးစီးပွားကို အပြည့်အဝအကာအကွယ်ပေးမှာ ဖြစ်တဲ့အတွက် ရခိုင်ပြည်သူတွေဟာ ခုကြားဖြတ်ရွေးကောက်ပွဲမှာ ကျွန်တော်တို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို မဲပေးကြဖို့ ပြောကြားလိုပါတယ်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကို မဲပေးမယ်ဆိုရင်တော့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အမှတ်အသားကတော့ ရွှေရောင်ဗျာလဖြစ်ပါတယ်။ ရခိုင်ပြည်သူ ပြည်သားတွေနဲ့အတူ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရဖို့၊ ကိုယ့်ပြည်ကို လူမျိုးခြားတွေရဲ့ အန္တရာယ်က ကာကွယ်နိုင်ဖို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD)ကို မဲပေးကြဖို့ အခိုင်အမာ တိုက်တွန်းလိုက်ပါတယ်။

ရခိုင်ပြည်သူတွေ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ဖို့အတွက် ညီညီညွတ်ညွတ် နိုးထကြပါစို့။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ကုန်သွယ်ရေးစစ်ပွဲ၏ အကျိုးဆက်အဖြစ် အမေရိကန် ပင်လယ်ဆိပ်ကမ်းများ အရှုံးပေါ်လာနိုင်

ဝါရှင်တန် စက်တင်ဘာ ၂၃
အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲ ဖြစ်ပွားခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ အထိနာလာရသည့်ဖြစ်စဉ်များ ပေါ်ပေါက်လာရာ အမေရိကန် ပင်လယ်ဆိပ်ကမ်းများအနေဖြင့် စီးပွားရေးအရ အကြီးအကျယ် ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံလာနိုင်မှုအတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးအရ တစ်နိုင်ငံနှင့်တစ်နိုင်ငံ လက်စားချေ တုံ့ပြန်ကြခြင်းဖြင့် သင်္ဘောတင်လုပ်ငန်းများ ထိခိုက်နိုင်ပြီး ပင်လယ်ဆိပ်ကမ်းများ၏ ဝင်ငွေကျဆင်းလာနိုင်သည်ဟု စိုးရိမ်ပူပန်မှုများ ပေါ်ထွက်လာသည်။

ကမ္ဘာ့စီးပွားရေး မဟာအင်အားကြီးနှစ်နိုင်ငံအကြား အပြန်အလှန် လက်တုံ့ပြန်မှုများရှိနေရာ အလွန်အမင်း စိုးရိမ်ဖွယ်ရာကောင်းသော အခြေအနေဖြစ်ကြောင်း အမေရိကန် ပင်လယ်ဆိပ်ကမ်း အာဏာပိုင်အဖွဲ့များ၏ သဟာယအသင်း အကြီးအကဲ ကွတ်နာဂဲလ်က ပြောကြားသည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်သွယ်မှုစည်းကြပ်ခွန်များ တိုးမြှင့်ကောက်ခံခြင်းကြောင့် အမေရိကန် ပင်လယ်ဆိပ်ကမ်းများအနေဖြင့် ဝင်ငွေဒေါ်လာ ဘီလီယံ ၁၆၀ ခန့်အထိ ထိခိုက်ရကြောင်း နာဂဲလ်က ပြောကြားသည်။

ယနေ့ကာလအထိ ဖြစ်ပွားခဲ့ဖူးသမျှ ကုန်သွယ်ရေးစစ်ပွဲ အမျိုးမျိုးကိုကြည့်လျှင် ကုန်သွယ်ရေး စည်းကြပ်ခွန်အသစ်များ ကောက်ယူနိုင်ရန် ရည်ရွယ်သော လုပ်ဆောင်လာမှုများနှင့်အတူ ထုတ်ကုန်အချို့တင်ပို့မှု သိသိသာသာ ကျဆင်းသွားရခြင်းကြောင့် ပင်လယ်ဆိပ်ကမ်းလုပ်ငန်းအချို့၏ ဝင်ငွေကျဆင်းသွားရသည့် သာဓကများကို တွေ့မြင်ရကြောင်း ၎င်းက ပြောကြားသည်။

အင်အားကြီးမားလှသည့် အမေရိကန်စီးပွားရေးကို ကျားကန်ပေးထားသော ပင်လယ်ဆိပ်ကမ်းပေါင်းမှာ နိုင်ငံတစ်ဝန်းတွင် ၁၀၀ ခန့်ရှိသည်။ ယင်းပင်လယ်ဆိပ်ကမ်းများသည် ပစိဖိတ်သမုဒ္ဒရာနှင့် အတ္တလန္တိတ်သမုဒ္ဒရာတို့၏ ပင်လယ်ကမ်းရိုးတန်းဒေသများရှိ ပင်လယ်ဆိပ်ကမ်းများ၊ မက္ကဆီကို ပင်လယ်ကွေ့နှင့် မဟာရေအိုင်ကြီးများဒေသတို့ရှိ ပင်လယ်ဆိပ်ကမ်းများနှင့် ပို့ကုန်၊ သွင်းကုန်အရ အပြန်အလှန် ချိတ်ဆက်ထားသည်။

၂၀၁၈ ခုနှစ်၏ ပထမ ခြောက်လတာကာလအတွင်း နယူးအော်လန်း ပင်လယ်ဆိပ်ကမ်းသည် လွန်ခဲ့သည့် အလားတူ ကာလနှင့်ယှဉ်ပါက သံမဏိ ထုတ်ကုန်တန်ချိန် ၃၅၀၀၀၀ ဝင်ရောက်မှု ကျဆင်းသွားခဲ့သည်။ ရေနံလုပ်ငန်းအပေါ် အခြေပြုသော ဒေသတစ်ခုအတွင်း အဓိကလိုအပ်သော ကုန်ကြမ်းတစ်မျိုးဖြစ်သည့် သံမဏိတင်သွင်းနိုင်မှု သိသိသာသာ ကျဆင်းမှုကို ထင်ဟပ်သော ဖြစ်စဉ်ဖြစ်သည်။

အေအက်ဖ်ပီ

ဘာလင်တံတိုင်း ပြန်လည်တည်ဆောက်ရေး အနုပညာစီမံကိန်းကို အာဏာပိုင်များပယ်ချ

ဘာလင် စက်တင်ဘာ ၂၃
ဂျာမနီနိုင်ငံမြို့တော် ဘာလင်၌ အနုပညာစီမံကိန်းတစ်ရပ်အဖြစ် ဘာလင်တံတိုင်းကြီး၏ အစိတ်အပိုင်းတစ်ခုကို ပြန်လည်တည်ဆောက်ရန် ခွင့်ပြုချက်တောင်းခံခဲ့သော်လည်း အာဏာပိုင်များက ပယ်ချလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံမှ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော အီလျာခါဇန်နိုစကီးနှင့် ယဉ်ကျေးမှုအစီအစဉ် မြှင့်တင်ရေးအဖွဲ့အစည်းတစ်ရပ်တို့သည် ဘာလင်မြို့တော်၌ ဘာလင်တံတိုင်းကြီး၏ အစိတ်အပိုင်းတစ်ခုကို ပြန်လည်တည်ဆောက်ခွင့်ပြုရန် ခွင့်ပြုချက်တောင်းခံလာခြင်းအပေါ် ဘာလင်မြို့တော် အာဏာပိုင်များက ငြင်းဆိုလိုက်ကြောင်း၊ လုံခြုံရေးရှုထောင့်အရလည်းကောင်း၊ မီးလောင်နိုင်သည့်ဘေးအန္တရာယ်အရလည်းကောင်း ယင်းသို့ပယ်ချခြင်းဖြစ်ကြောင်း ဂျာမနီနိုင်ငံရှိ ဒီပီအေသတင်းဌာနက သတင်းထုတ်ပြန်သည်။

အနုပညာစီမံကိန်းအရ ဘာလင်ရှိ အန်တာဒင်းလင်ဒန်ရိပ်သာလမ်းဘေး၌ တည်ရှိသော ရပ်ကွက်တစ်ခုတွင် အမြင့် ၃ ဒသမ ၆၀ မီတာ(၁၂ပေခန့်)ရှိ ကွန်ကရစ်ကျောက်ချပ်ကြီး အချပ်ပေါင်း ၉၀၀ စိုက်ထူရန် ခွင့်ပြုချက်တောင်းခံခဲ့သည်။

အနုပညာဖန်တီးချက်ပြကွက်တစ်ခုအဖြစ် ဘာလင်မြို့လယ်၌ တံတိုင်းသစ် ပြန်လည်တည်ဆောက်ပြီးစီးသည့်အခါ လာရောက်ကြည့်ရှုလေ့လာလိုသူများထံမှ ဝင်ကြေးအဖြစ် တစ်ဦးလျှင် ဝင်ကြေး ၁၅ ယူရို(အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅) ကောက်ခံရန် စီစဉ်ထားခဲ့သည်။

အေအက်ဖ်ပီ

၂၀၁၉ ခုနှစ် အင်ဒိုနီးရှားရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများ စတင်

ဂျကာတာ စက်တင်ဘာ ၂၃
လာမည့်နှစ် ဧပြီ ၁၇ ရက်တွင် ကျင်းပမည့် အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများကို စက်တင်ဘာ ၂၃ ရက်တွင် စတင်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

သမ္မတရာထူးနေရာအတွက် လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒိုက ဒုတိယဗိုလ်ချုပ်ကြီးဟောင်း ပရာဘိုဝို ဆူဘီယန်တိုနှင့် ယှဉ်ပြိုင်ရွေးကောက်ခံမည်ဖြစ်သည်။

ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုစတင်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၃ ရက်တွင် မြို့တော် ဂျကာတာရှိ ရင်ပြင်တစ်ခု၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် သမ္မတလောင်းများက တရားမျှတသော မဲဆွယ်စည်းရုံးမှုများကိုသာ လုပ်ဆောင်ကြမည်ဖြစ်သည်ဟု ဝန်ခံကတိပြုခဲ့ကြသည်။

ရွေးကောက်ပွဲဝင် သမ္မတလောင်းများက နိုင်ငံအတွင်း အဓိကရင်ဆိုင်နေရသည့် ပြဿနာများဖြစ်သည့် ဆင်းရဲမှု မြင့်တက်လာခြင်းကို မည်သို့ ကိုင်တွယ်ဖြေရှင်းသွားမလဲဆိုသည်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရန် မည်သည့်နည်းလမ်းကောင်းများကို ရွေးချယ်ကျင့်သုံးမလဲဆိုသည့် အတွေးအမြင်မတူသော ၎င်းတို့၏ အယူအဆများကို ပြည်သူများသို့ချပြကာ မဲဆွယ်စည်းရုံးနိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လူဦးရေ သန်း ၂၆၀ ခန့်ရှိပြီး ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများအနက် အဆင့်လေးခုမြောက် နိုင်ငံဖြစ်သည်။ ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခွင့်ရရှိသော အခွင့်အရေးကို အသုံးချပြီး ကမ္ဘာ့နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ကာ နိုင်ငံ၏စီးပွားရေးကဏ္ဍကို မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

ဂျပန်ကုမ္ပဏီ ၂၀၀၀ နီးပါးသည် အင်ဒိုနီးရှားနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံကာ ဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၉ ခုနှစ်ရွေးကောက်ပွဲရလဒ်ထွက်ပေါ်မှုကို ဂျပန်စီးပွားရေးလုပ်ငန်းရှင်များက စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

ဥပဒေမဲ့ အင်တာနက်ဝက်ဘ်ဆိုက်များကို တရုတ်အာဏာပိုင်များ ဖြိုခွင်းလျက်ရှိ

ရှန်ဟိုင်း စက်တင်ဘာ ၂၃
ပြည်သူတို့အား ဘေးဥပဒ်ဖြစ်စေနိုင်သော သတင်းအချက်အလက်များ တိုက်ဖျက်ရေးလှုပ်ရှားမှု အစီအစဉ်တစ်ရပ်အရ အင်တာနက်ဝက်ဘ်ဆိုက်များနှင့် အွန်လိုင်းအကောင့် ၄၀၀၀ ကျော်ကို တရုတ်အာဏာပိုင်များက ပိတ်သိမ်းလိုက်ကြောင်း၊ တရုတ်နိုင်ငံ၏ ညစ်ညမ်းရုပ်ပုံနှင့် စာသားများ ပိတ်ပင်ရေးနှင့် တရားမဝင်ထုတ်ဝေမှု တားဆီးရေးရုံး၏ ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ကိုးကားလျက် ဆင်ဟွာသတင်းဌာနက စက်တင်ဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံတွင် အင်တာနက်အသုံးပြုမှုကို အစိုးရက တင်းတင်းကျပ်ကျပ်ထိန်းချုပ်ထားပြီး ဥပဒေမဲ့ အွန်လိုင်းလှုပ်ရှားမှုများကို ဖြိုခွင်းလာခဲ့သည်မှာ ကာလအတန်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ညစ်ညမ်းရုပ်ပုံနှင့် စာသားများ ဖော်ပြခြင်း၊ လောင်းကစားခြင်း၊ ဘာသာရေးအရ သွေးထိုးလှုံ့ဆော်ခြင်းနှင့် ကောလာဟလများ ဖြန့်ချိခြင်းတို့ကဲ့သို့ လှုပ်ရှားမှုများကို တရားမဝင် အွန်လိုင်းလှုပ်ရှားမှုများအဖြစ် သတ်မှတ်သည်။

မေလတွင် အစပြုခဲ့သော လှုပ်ရှားမှုအစီအစဉ်အရ အာဏာပိုင်များသည် ဥပဒေချိုးဖောက်မှု ဖြစ်စဉ်ပေါင်း ၁၂၀ အထိကို အရေးယူကိုင်တွယ်ခဲ့ပြီး ဥပဒေမဲ့ လုပ်ဆောင်မှုများအတွက် အရေးယူဆောင်ရွက်နိုင်ရန် ကုမ္ပဏီပေါင်း ၂၃၀ ကို ညွှန်ကြားခဲ့သည်။ အာဏာပိုင်များသည် ဩဂုတ်လကုန် အခြေပြစာရင်းအရ ပြည်သူတို့အား ဘေးဥပဒ်ဖြစ်စေနိုင်သော သတင်းအချက်အလက် လွှင့်တင်မှုပေါင်း ၁၄၇၀၀၀ ကို အွန်လိုင်းပေါ်မှ ဖယ်ရှားခဲ့ကြောင်း အဆိုပါရုံး၏ ကြေညာချက်တွင် ဖော်ပြသည်။

ပြည်သူတို့၏ အကျင့်စာရိတ္တ စံတန်ဖိုးများ ထိခိုက်စေနိုင်သော အွန်လိုင်းလှုပ်ရှားမှုများကို နှိမ်နင်းသွားရန် အာဏာပိုင်များက ကြိုးပမ်းလျက်ရှိကြောင်း၊ မူပိုင်ခွင့်ထိပါးသော လုပ်ဆောင်ချက်များကိုလည်း အရေးယူကိုင်တွယ်လျက်ရှိကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းမှလွှင့်တင်သော ကိလေသာနှိုးဆွသည့် ရုပ်ရှင်ကားများ တိုက်ရိုက်ထုတ်လွှင့်မှုကိုတရုတ်အာဏာပိုင်များက အရေးယူနှိမ်နင်းခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။ **ဆင်ဟွာ**

အဆန်စီယို၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် ရီးယဲလ်မက်ဒရစ်က အက်စ်ပန်ညိုကို အနိုင်ရ

ရီးယဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ် (၅) အဖြစ် အက်စ်ပန်ညိုအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ အဆန်စီယို၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် ရီးယဲလ်မက်ဒရစ်အသင်းက အနိုင်ရရှိခဲ့သည်။

ရီးယဲလ်မက်ဒရစ်ကွင်းလယ်ကစားသမား အဆန်စီယိုသည် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီက အက်စ်ပန်ညိုအသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ဖူးသူဖြစ်ပြီး လက်ရှိတွင် အသင်းဟောင်းဟုဆိုရမည့် အက်စ်ပန်ညိုအသင်းဘက်ကို တစ်ဂိုးသွင်းယူကာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် အနိုင်သုံးမှတ်ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အက်စ်ပန်ညိုအသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် လက်ရှိလာလီဂါအမှတ်ပေးဇယားတွင် ရမှတ် ၁၃ မှတ်ဖြင့် ဘာစီလိုနာအသင်းနှင့် ပွဲစဉ် (၅) မကစားမီအချိန်အထိ အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်စ်ပန်ညိုအသင်းတို့၏ ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူခဲ့သည့် ကွင်းလယ်ကစားသမား အဆန်စီယိုသည် ယခုနှစ်ဘောလုံးရာသီတွင် ဘာနေဗျူးအတွက် ပထမဆုံးသွင်းဂိုးလည်း ဖြစ်လာခဲ့သည်။

ငွေကြယ် - ရေးသားသည်

ရှော်လ်ကေးကို အနိုင်ရရှိပြီး ဘိုင်ယန်မြူးနစ်အသင်း ဘွန်ဒက်လီဂါအမှတ်ပေးဇယားတွင် ဆက်လက်ဦးဆောင်

ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်လီဂါပွဲစဉ် (၄) အဖြစ် ရှော်လ်ကေးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းသည် ပထမပိုင်းပွဲကစားချိန် ၈ မိနစ်တွင် တိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်၏ သွင်းဂိုးနှင့် ဒုတိယပိုင်းပွဲကစားချိန် ၆၄ မိနစ်တွင် တိုက်စစ်မှူး လီဝန်ဒေါ့စကီး၏ သွင်းဂိုးများ ရရှိခဲ့ခြင်းကြောင့် ရှော်လ်ကေးအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် လက်ရှိဘွန်ဒက်လီဂါလေးပွဲကစားအပြီးတွင် လေးပွဲစလုံးအနိုင်ရရှိထားကာ ရမှတ် ၁၂ မှတ်အထိ ရယူထားနိုင်ခဲ့သည့်အသင်းဖြစ်ပြီး ဒုတိယနေရာက ဟာသာဘာလင်အသင်းကို နှစ်မှတ်ဖြတ်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားနိုင်ဆဲဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမန်ဘွန်ဒက်လီဂါဖလားကို ၂၈ ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့သည့်အသင်းဖြစ်ပြီး လက်ရှိတွင်လည်း ဘောလုံးရာသီခြောက်ရာသီဆက်တိုက် ဘွန်ဒက်လီဂါဖလားကို ရယူထားနိုင်သည့်အသင်းလည်း ဖြစ်သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ယခု ၂၀၁၈-၂၀၁၉ တွင် ဘွန်ဒက်လီဂါဖလားကို ရယူနိုင်မည်ဆိုပါက ယခုနှစ်ရာသီဆက်တိုက် ဘွန်ဒက်လီဂါချန်ပီယံအဖြစ် အောင်ပွဲခံနိုင်မည်ဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် လာမည့်ဘွန်ဒက်လီဂါပွဲစဉ်များအဖြစ် အော့စ်ဘတ်အသင်း၊ အမှတ်ပေးဇယားဒုတိယနေရာမှ ဟာသာဘာလင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ငယ်စဉ်ဘဝက ကစားခဲ့သည့် မယ်လ်မိုအသင်းတွင် အီဘရာဟီမိုဗစ် ပြန်ကစားမည်ဟုဆို

မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းတွင် ကစားလျက်ရှိသည့် တိုက်စစ်မှူးအီဘရာဟီမိုဗစ်သည် ငယ်စဉ်ဘဝက ကစားခဲ့သည့် မယ်လ်မိုအသင်းတွင် ပြန်လည်ကစားရန် ဆန္ဒရှိနေကြောင်း သိရသည်။

ဆွီဒင်တိုက်စစ်မှူးဟောင်း အီဘရာဟီမိုဗစ်သည် အေဂျက်အသင်း၊ အင်တာမီလန်အသင်း၊ ဘာစီလိုနာအသင်း၊ အေစီမီလန်အသင်း၊ ပီအက်စ်ဂျီအသင်း၊ မန်ယူအသင်းတို့တွင်လည်း ပါဝင်ကစားခဲ့ပြီး ကစားခဲ့သည့် အသင်းတိုင်းနှင့် ဆုဖလားများရယူနိုင်ခဲ့သည့် မှတ်တမ်းတစ်ရပ်လည်း စိုက်ထူနိုင်ခဲ့သူဖြစ်သည်။

သို့ရာတွင် ငယ်စဉ်က ကစားခဲ့သည့် မယ်လ်မိုအသင်းတွင်မူ ၁၉၉၉ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ပွဲပေါင်း ၄၇ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၈ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် လက်ရှိတွင် အယ်လ်အေဂလက်ဆီအသင်းတွင် ပါဝင်ကစားလျက်ရှိပြီး ကစားသမားဘဝ သွင်းဂိုး ၅၀၀ ပြည့်သွင်းဂိုးကိုလည်း အယ်လ်အေဂလက်ဆီအသင်းနှင့်အတူ သွင်းယူကာ သမိုင်းမှတ်တမ်းသစ်တစ်ရပ်စိုက်ထူနိုင်ခဲ့ပြီလည်း ဖြစ်သည်။

အီဘရာဟီမိုဗစ်သည် အင်တာမီလန်အသင်းနှင့်အတူ အီတလီစီးရီးအေဖလား သုံးကြိမ်၊ ဘာစီလိုနာအသင်းနှင့် စပိန်လာလီဂါဖလားတစ်ကြိမ်၊ အေစီမီလန်အသင်းနှင့် အတူ အီတလီစီးရီးအေဖလားတစ်ကြိမ်၊ ပီအက်စ်ဂျီအသင်းနှင့်အတူ ပြင်သစ်ပထမတန်းဖလား လေးကြိမ်၊ မန်ယူအသင်းနှင့်အတူ အီးအက်ဖ်အယ်လ်ဖလားတစ်ကြိမ် စသည်ဖြင့် ရယူနိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ကစားသမားဘဝတွင် အင်တာမီလန်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့တွင် အများဆုံးကစားခဲ့ပြီး အင်တာမီလန်အသင်းနှင့်အတူ ၈၈ ပွဲတွင် ၅၇ ဂိုးနှင့် ပီအက်စ်ဂျီအသင်းတွင် ၁၂၂ ပွဲတွင် ၁၁၃ ဂိုးသွင်းယူနိုင်ခဲ့သည်။

ဝက်စ်ဟမ်းနှင့် ချယ်လ်ဆီး ဂိုးမရှိသရေပွဲဖြစ်ခဲ့

ပရီမီယာလိဂ်ပွဲစဉ် (၆) ၏ တနင်္ဂနွေညအစောပိုင်းပွဲစဉ်ဖြစ်သည့် ဝက်စ်ဟမ်းအသင်းနှင့် ချယ်လ်ဆီးအသင်းတို့၏ ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။

ဧည့်သည်အဖြစ် လာရောက်ကစားခဲ့ရသည့် ချယ်လ်ဆီးအသင်းသည် ဝက်စ်ဟမ်းအသင်း၏ အိမ်ကွင်းတွင် ဘောလုံးပိုင်ဆိုင်မှု ၇၁ ရာခိုင်နှုန်းအထိ ရှိခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ချယ်လ်ဆီးအသင်းအနေဖြင့် ဂိုးမသွင်းနိုင်ခဲ့ခြင်းမှာ ယခုနှစ်ဘောလုံးရာသီတွင် ဂိုးမသွင်းနိုင်သည့် ပထမဆုံး ပွဲစဉ်လည်းဖြစ်လာခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ယခု ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်တွင် သရေတစ်မှတ်သာ ရရှိခဲ့သော်လည်း ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ လီဗာပူးအသင်းနှင့် နှစ်မှတ်အကွာ ဒုတိယနေရာမှ မန်စီးတီးအသင်းနှင့် ရမှတ်တူဂိုးကွာခြားချက်ဖြင့် အဆင့်(၃)နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိပရီမီယာလိဂ်ရာသီတွင် မန်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ထင်တိုင်းမပေါက်ခဲ့သော်လည်း လီဗာပူးအသင်းမှာမူ ရာသီအစမှ လက်ရှိပွဲစဉ်ခြောက်ပွဲကစားပြီးချိန်အထိ ရာနှုန်းပြည့်နိုင်ပွဲရယူထားနိုင်ဆဲဖြစ်သည်။

ဒုတိယကမ္ဘာစစ်လက်ကျန်ဟုယူဆရသည့် တင့်ကားပျက်တစ်စီး ဖားကန့်မြို့နယ်၌ တွေ့ရှိ

ဖားကန့် စက်တင်ဘာ ၂၃
ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဝါရာဇွတ်ကျေးရွာအနီး နန်ဆန်ချောင်းအတွင်း၌ ဒုတိယကမ္ဘာစစ်လက်ကျန်ဟုယူဆရသည့် တင့်ကားပျက်တစ်စီးကို စက်တင်ဘာ ၂၂ ရက်တွင် နယ်မြေခံတပ်မှ တပ်မတော်သားများက တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တင့်ကားပျက်အား ဖားကန့်မြို့နယ် ကာမိုင်းမြို့ ဝါရာဇွတ်ကျေးရွာ၏ အနောက်မြောက်ဘက် လီဒိုလမ်းမကြီးနှင့် သုံးဖာလုံခန့်အကွာ နန်ဆန်ချောင်းအတွင်း၌ နယ်မြေခံတပ်မှ တပ်မတော်သားများက တွေ့ရှိခဲ့ခြင်းဖြစ်ကာ စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက နယ်မြေခံတပ်မှ တပ်မတော်သားများက ဘက်ဟိုးယာဉ်တစ်စီးဖြင့် ဆယ်ယူခဲ့ပြီး ညနေ ၄ နာရီတွင် ချောင်းကမ်းပါးပေါ်သို့ တင်ဆောင်နိုင်ခဲ့သည်။

အဆိုပါ တင့်ကားပျက်မှာ အလျား ၁၆ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိပြီး ယခုအခါ ဆယ်ယူထားပြီးဖြစ်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာသို့ ဆက်လက်တင်ပြထားကြောင်း သိရသည်။
ဝင်းနိုင်(ကချင်မြေ)

မုဒုံမြို့၌ လူသတ်မှု နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

မော်လမြိုင် စက်တင်ဘာ ၂၃
မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မုဒုံမြို့မရဲစခန်းနယ်မြေတွင် လူသတ်မှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့က နာရီပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီခန့်၌ မုဒုံမြို့ ဘဲရမ်းကျေးရွာအဝင် လူမနေဆောက်လုပ်ရေးဝင်းအဟောင်းအတွင်း အဝင်လမ်းတွင် ကိုသန်းထွန်းဝင်း(၃၅)နှစ် ဘဲရမ်း(၁)လမ်း မုဒုံမြို့နယ်နေသူသည် ဦးခေါင်းနောက်စေ့ တစ်လက်မခန့် ပေါက်ပြဲဒဏ်ရာ တစ်ချက်နှင့် မျက်နှာဝဲဘက်ညိုမဲဒဏ်ရာတို့ရရှိကာ သေဆုံးနေကြောင်း သိရသဖြင့် သေဆုံးသူ၏ဇနီး မသူဇာလင်းက မုဒုံမြို့မရဲစခန်းသို့ တိုင်တန်းခဲ့သည်။

စခန်းမှူး ဒုရဲမှူး ခင်မောင်ထွန်းက ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၅၀ မိနစ်တွင် ပြစ်မှုကျူးလွန်သူ အေးလွင်(ခ)အငယ်လေး ရခိုင်ကုတ်ကျေးရွာ ကြာအင်းအုပ်စု မော်လမြိုင် မြို့နယ်နေသူအား လေးနာရီအတွင်း ဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။
ကျော်ကျော်(မလှိုင်)

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၃
ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၁ ရက် ည ၁၁ နာရီခွဲက အင်းစိန်မြို့နယ် ကမ်းနား(အနောက်) ရပ်ကွက် ခနသိဒ္ဓိလမ်းရှိ မဥမ္မာသိန်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၁ ပြား၊ ငွေကျပ် ၂၁၇၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

မဘိမ်း

အလားတူ စက်တင်ဘာ ၂၀ ရက် နံနက် ၂ နာရီခွဲတွင် တပ်မတော်က မဘိမ်းမြို့နယ် နမ့်မဲသစ်တောကြိုးဝိုင်းအနီး သန့်ဇော်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၁ ကီလို သိမ်းဆည်းရမိခဲ့သည်။ ထို့ပြင် စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် မဘိမ်းမြို့နယ် ဒေသအခေါ် ဇကတောင်တွင် ဇကတောင်မှ ကွန်းတောကျေးရွာသို့ လမ်းလျှောက်လာသူ ယောဆက်အား စစ်ဆေးရာ ၎င်းကမူးယစ်ဆေးဝါးများ ဝှက်ထားသည့်နေရာကို လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်းသိရ၍ လိုက်လံပြသစေခဲ့ရာ တောအတွင်းရှိ လိုဏ်ဂူအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၇၅၀၊ ဘိန်းဖြူ သုည ဒသမ ၇၈ ကီလိုနှင့် ငွေကျပ် ၂၃၀၀၀၀ တို့ကို လည်းကောင်း။

နမ့်ခမ်း

ထို့အတူ စက်တင်ဘာ ၂၂ ရက် နံနက် ၄ နာရီခွဲက နမ့်ခမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့ အမှတ် ၁၄ ရပ်ကွက် မူဆယ်-နမ့်ခမ်း-ဗန်းမော်သွားကားလမ်းတွင် အိုက်သိန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁၅၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကျိုင်းတုံမြို့၌ ICE ၁၀၀ ကီလိုဂရမ် ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

ကျိုင်းတုံ စက်တင်ဘာ ၂၃
ကျိုင်းတုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူးသန်းထွန်းအောင် ဦးစီးရဲတပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု(၂၈) (ကျိုင်းတုံ)မှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ် ကတ်ဖအုပ်စု ကတ်ဖကျေးရွာနှင့် နောင်ငင်းကျေးရွာကြား ကျိုင်းတုံ-မိုင်းလားသွားလမ်းမပေါ်တွင် စက်တင်ဘာ ၂၃ ရက် နံနက် ၃ နာရီခွဲက ရှောင်တခင် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေစဉ် မိုင်းလားမြို့မှ ကျိုင်းတုံမြို့တွင်းသို့ မောင်းနှင်လာသော မော်တော်ယာဉ်အား စစ်ဆေးရန် ရပ်တန့်စေရာ မော်တော်ယာဉ်မှာ ရုတ်တရက်နောက်သို့ပြန်ဆုတ်ပြီး ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါနှစ်ဦးက ကားပေါ်မှ ခုန်ဆင်း၍ ထွက်ပြေးလွတ်မြောက်သွားခဲ့သဖြင့် ကျန်နေခဲ့သည့် မော်တော်ယာဉ်ကို စစ်ဆေးရာ ပီနံအိတ်အတွင်း လက်ဖက်ခြောက်အိတ်ဖြင့် ထုပ်ထားသည့် ICE ၁၀၀ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ အမှုနှင့်စပ်လျဉ်း၍ ကျိုင်းတုံမြို့မရဲစခန်းက ပိုင်ရှင်ဖြစ်သူများကို အမြန်ဖော်ထုတ်ဖမ်းမိနိုင်ရေး ဆောင်ရွက်နေပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)

ထီးချိုင့်မြို့နယ် မဲဇာချောင်းအတွင်း သစ်ဖောင်မှ တရားမဝင်ကျွန်းသစ်လုံး ၂၀၀ ကျော် သိမ်းဆည်းရမိ

ထီးချိုင့် စက်တင်ဘာ ၂၃
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ညောင်ပင်သာကျေးရွာအနီး မဲဇာချောင်းအတွင်း သစ်ဖောင်နှစ်ခုမှ တရားမဝင်ကျွန်းသစ်လုံး ၂၀၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၁ ရက် ည ၁၁ နာရီခွဲခန့်တွင် ထီးချိုင့်မြို့နယ် ညောင်ပင်သာနယ်မြေ ရဲကင်းစခန်းမှူး ရဲအုပ်စန်းယု ဦးစီးသောအဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးရာဇာထွန်း ဦးစီးသောပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မဲဇာချောင်းအတွင်း တရားမဝင်သစ်ဖောင်များ မျှောချနေကြောင်း သတင်းအရ သွားရောက်ရှာဖွေဖမ်းဆီးရာ ထီးချိုင့်မြို့နယ် ညောင်ပင်သာကျေးရွာအနီး မဲဇာချောင်းအတွင်း သစ်ဖောင်နှစ်ဖောင်အတွင်းမှ တရားမဝင်ကျွန်းသစ်လုံး ၂၀၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း တောအုပ်ဦးရာဇာထွန်းက ပြောသည်။
လူအောင်(ကသာ)

မန္တလေး-မြစ်ကြီးနား ရထားပေါ်မှ ရွှေထည်ရတနာပစ္စည်းနှင့် ငွေကျပ် ၁၄၀၀၀၀ ခိုးယူသူကို ဖမ်းဆီးရမိ

မော်လူး စက်တင်ဘာ ၂၃
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးရဲစခန်းပိုင်နယ်မြေတွင် မန္တလေး-မြစ်ကြီးနား ရထားပေါ်မှ ရွှေထည်လက်ဝတ်ရတနာပစ္စည်းများနှင့် ငွေကျပ် ၁၄၀၀၀၀ ခိုးယူသူကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက မဖြိုးနန္ဒာသည် ခင်ဦးဘူတာမှ မြစ်ကြီးနားသို့ အမှတ် ၅၇ အဆန် မန္တလေး-မြစ်ကြီးနား ရထားဖြင့် စီးနင်းလိုက်ပါလာပြီး ဘေးလွယ်အိတ်အတွင်းမှ ဆွဲကြိုးတစ်ကျပ်သား တစ်ကုံး၊ ဟန်းချိန်း ငါးမူးသား တစ်ကုံး၊ ဖုန်းတစ်လုံး၊ တစ်သောင်းတန်ငွေစက္ကူ ၁၄ ရွက် (စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၂၃၅၃၀၀၀) တို့မှာ မဖြိုးနန္ဒာမှာ အိပ်ပျော်ပြီး နိုးလာစဉ် ပျောက်ဆုံးနေကြောင်း သိရသဖြင့် သက်ဆိုင်ရာအား အကြောင်းကြားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် မော်လူးနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မင်းနိုင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မျိုးသူရနှင့်အဖွဲ့တို့က ခိုးယူသူကို အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်ခဲ့ရာ မော်လူးမြို့နယ် မင်းသုခရပ်ကွက်နေ မတင်မာဝေ (ခ)သာမ ကျပန်းလုပ်ကိုင်သူသည် စက်တင်ဘာ ၂၂ ရက် ည ၁၀ နာရီခွဲက မန္တလေး-မြစ်ကြီးနား အဆန် ၅၇ ရထားဖြင့် မဖြိုးနန္ဒာလိုက်ပါလာသည့် ထိုင်ခုံဘေးတွင်ကပ်ပါလာခဲ့ကြောင်း၊ ၎င်း၏ဘေးလွယ်အိတ်အတွင်းမှ အဆိုပါပစ္စည်းများကို ခိုးယူခဲ့ကြောင်း၊ ထို့နောက် နန့်စီးအောင် ဘူတာမှတစ်ဆင့် မန္တလေး -မြစ်ကြီးနား အမှတ် ၅၈ အစုန်ရထားဖြင့် မော်လူးသို့ လိုက်ပါလာပြီး ၎င်း၏နေအိမ်ဝင်း၌ ခိုးယူခဲ့သောပစ္စည်းများကို မြေကြီးထဲတွင် မြှုပ်နှံခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မော်လူးနယ်မြေရဲစခန်းက မတင်မာဝေ(ခ)သာမအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နီတိုး**

မြန်မာ့ရုပ်မြင်သံကြား

၂၄-၉-၂၀၁၈ (တနင်္လာနေ့)

နံနက်ပိုင်း			တရားတော်
၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်	၁၄း၂၀	Tasty Trip
		၁၄း၄၅	နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၂၂)
၇း၀၀	Breakfast News		
၇း၃၀	နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်တိုက်သစ်မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကေသရာဘိဝံသ သဟောကြားတော်မူအပ်သော "ဂရုဓမ္မအခါတော်နေ့တရားတော်"	**ညပိုင်း**	
		၁၆း၂၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ-စတုတ္ထနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
		၁၇း၀၅	This Week's Special Interest
		၁၇း၃၀	Yes or No Talk Show
		၁၈း၂၅	ဥပဒေရေးရာအဖြာဖြာ "Online မုဆိုးများ" (ဒိတ်ဒိတ်၊ ဝေဖြိုးဟိန်း၊ စိုင်းရာဇာ၊ ခင်ဖြူဖြူသန့်၊ အိအိသဲ၊ ဦးစံပေါ၊ တော်မီလှိုင်၊ ဒေါ်မာမာကြည်) [ဒါရိုက်တာဝေဠု (ဝသန်)]
၈း၃၅	မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ		
၉း၁၀	အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစက ဒေါက်တာဘဒ္ဒန္တစိန္တိတာလင်္ကာရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်၊ ပစ္ဆိမာရုံစာသင်ကျောင်းတိုက် လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း	၁၉း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၄၅)
		၂၀း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၂၅	BBC Click	၂၀း၃၅	**၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်** "ပြည်သူ့အလုပ်သမားပါတီ" -"စီးပွားရေးစကားဝိုင်း" (နိုင်ငံစီးပွားခရီးသွားဖြင့် ကြီးပမ်းတိုးမြင့်ကမ္ဘာ့အဆင့်) (ပထမပိုင်း) -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း-၂၃) -အစီအစဉ်ပြီး၏။
၉း၃၅	MRTV Travelogue		
၁၀း၃၀	စိုက်ပျိုးရေးရာအဖြေရှာ "စိမ်းပြာရေညှိလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာစစ်ကိုင်းဇွန်မှာ' (အပိုင်း-၂)		
၁၀း၅၀	လုံမမှတ်စု (၅၄)		
၁၁း၂၀	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်		
၁၁း၃၅	မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်		
၁၂း၄၅	တိပိဋကဓရတိပိဋကကောဝိဒမဟာဘဏ္ဍာဂါရိကဘဒ္ဒန္တသုန္ဒရ၏ "ဘဝကိုခြယ်ကံနှစ်သွယ်"		

စက်ဘီးကိုရှောင်တိမ်းလိုက်သည့်ဘောက်ဆာယာဉ် ကြော်ငြာဘုတ်တိုင်ကို ဝင်တိုက်

ရန်ကုန် စက်တင်ဘာ ၂၃
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် စက်တင်ဘာ ၂၃ ရက် နံနက် ၇ နာရီ မိနစ် ၄၀ ခန့်က ပဲခူးမြစ်လမ်းအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာသည့် ဆီဘောက်ဆာယာဉ်သည် အိုးအိမ်လမ်းဆုံအရောက်တွင် မီးနီကိုဖြတ်နင်းလာသည့် စက်ဘီးကိုရှောင်တိမ်းရာ လက်ယာဘက်ပုဏ္ဏမီလမ်းဘေးရှိ ကြော်ငြာဘုတ်တိုင်ကို ဝင်တိုက်မိခဲ့သည်။

ကြော်ငြာဘုတ်တိုင်ကို အရှိန်ဖြင့် ဝင်တိုက်မိသည့်အတွက် ဘုတ်တိုင်ခြေမှ ကျိုးပြတ်ကာ ကြော်ငြာဘုတ်ပြားကြီးပါ လဲပြိုကျခဲ့သည်။

ထိုဖြစ်စဉ်ကြောင့် ဆီဘောက်ဆာယာဉ်မောင်း ဦးဝင်းမြင့်မောင်၏ ဒူးခေါင်း အနည်းငယ်ဒဏ်ရာရရှိခဲ့ပြီး လမ်းဘေးကွမ်းယာဆိုင်ရှေ့(လူမပါ) ရပ်တန့်ထားသည့် ဆိုင်ကယ်မှာ ပျက်စီးကျိုးပဲ့သွားခဲ့သည်။



ထို့ကြောင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းနှင့် မြို့နယ်စည်ပင်သာယာတို့က လိုအပ်သလိုစီစဉ်ဆောင်ရွက်လျက်ရှိသည်။ **မင်းမင်း(ဆိပ်ကမ်း)**

သစ်တောဥပဒေ ပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(ဃ) မည်သူမဆို ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အရ ပိုင်ဆိုင်ခွင့်ရှိသော ကျွန်းပင်များမှအပ မှတ်ပုံတင်ထားခြင်းမရှိသော ကျွန်းပင်ကို တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်း သို့မဟုတ် ခွင့်ပြုမိန့်မရရှိဘဲ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်းဖြစ်လျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(င) မည်သူမဆို ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အရ ပိုင်ဆိုင်ခွင့်ရှိသော ကျွန်းပင်ကို ခွင့်ပြုမိန့်မရရှိဘဲ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်းပြုလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ် တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်-

(က) သစ်တောဝန်ထမ်းများ အသုံးပြုသည့် တံဆိပ်တုံးတစ်ခုခုကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် တံဆိပ်တုံးအတုပြုလုပ်ခြင်း၊ တံဆိပ်တုံးအတုကို လက်ဝယ်ထားခြင်း သို့မဟုတ် တံဆိပ်တုံးအတုဖြင့် သစ်တောထွက်ပစ္စည်းတွင် ရိုက်မှတ်ခြင်း၊

(ခ) သစ်တောဝန်ထမ်းများ အသုံးပြုသည့်တံဆိပ်တုံး သို့မဟုတ် ကိုယ်ပိုင်တံဆိပ်တုံးကို သစ်တောထွက်ပစ္စည်းတွင် တရားမဝင် ရိုက်မှတ်ခြင်း၊

(ဂ) သစ်တောထွက်ပစ္စည်းတွင် သစ်တောဝန်ထမ်း သို့မဟုတ် ယင်းက တာဝန်ယူကြီးကြပ်၍ လွှဲအပ်ထားသူက ရိုက်မှတ်ထားသည့် တံဆိပ်အမှတ်အသားကို ပုံသဏ္ဌာန်ပျက်အောင် ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် မထင်ရှားစေရန် ဖျက်ပစ်ခြင်း၊

(ဃ) သစ်တောနယ်မြေ နယ်နိမိတ် အမှတ်အသားတစ်ခုခုကို ခွင့်ပြုချက်မရရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်အောင် ပြုလုပ်ခြင်း။

၄၅။ မည်သည့်သစ်တောဝန်ထမ်းမဆို ဤဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ တစ်ဦးတစ်ယောက်သောသူအား ထိခိုက်နစ်နာစေရန် သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကို မတရားသဖြင့် သိမ်းယူလျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ချမှတ်သည့် ငွေဒဏ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မတရားသဖြင့် ပစ္စည်းသိမ်းခြင်းခံရသူအား နစ်နာကြေးအဖြစ် ထုတ်ပေးနိုင်သည်။

၄၆။ မည်သည့် သစ်တောဝန်ထမ်းမဆို မိမိ၏ လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ တစ်ဦးတစ်ယောက်ထံမှ ပစ္စည်း သို့မဟုတ် ငွေကြေးကိုရယူ၍ မသမာသောနည်းဖြင့် သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်းကိစ္စတွင် ပါဝင်ပူးပေါင်းကြံစည်လျှင် အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံး ထောင်ဒဏ် တစ်ဆယ်နှစ်အထိ ကျခံစေရမည်။

၄၇။ တရားရုံးသည် ပုဒ်မ ၃၉ မှအပ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားခံအား သက်ဆိုင်ရာပြစ်မှုအတွက် ပြစ်ဒဏ်ချမှတ်ရမည့် အပြင် -

(က) ပြစ်မှုနှင့် သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်း ကိရိယာ တန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) ပြစ်မှုကျူးလွန်ခြင်းကြောင့် သစ်တောဦးစီးဌာန၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်ရမည်။

အခန်း(၁၃)

အထွေထွေ

၄၈။ ဤဥပဒေ အခန်း (၁၂) ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၉။ တရားရုံးသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် သစ်တောထွက်ပစ္စည်းများကို သစ်တော ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

၅၀။ (က) ဝန်ကြီးသည် ဤဥပဒေအရ ဝန်ကြီးဌာနအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ညွှန်ကြားရေးမှူးချုပ်အားလွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို သစ်တောအရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၅၁။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သစ်တောဝန်ထမ်းများ ဝတ်ဆင်မည့် တူညီဝတ်စုံသတ်မှတ်ခြင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းထားသည့် ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် တောတွင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် ကာကွယ်ရန်နှင့် လုပ်ငန်းအထောက်အကူပြုစေရန်အတွက် ကိုင်ဆောင်ခွင့်ရှိသော လက်နက်၊ ကိရိယာ၊ လုပ်ငန်းသုံးပစ္စည်းများကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာခွင့်ရှိသည်။

၅၂။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသောငွေများကို ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကောလိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၅၃။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းများက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၅၄။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့်အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့် အမှုတွင်ဖြစ်စေ အရေးယူခြင်းခံရသူသည် သစ်တောထွက်ပစ္စည်းနှင့်စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင်လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေထင်ရှားပြရန် တာဝန်ရှိသည်။

၅၅။ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၈/၉၂) အရ တည်ရှိဆဲ ကြိုးဝိုင်းတောများနှင့် ကြိုးပြင်ကာကွယ်တောများကို ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောများနှင့် ကြိုးပြင်ကာကွယ်တောများဖြစ်သည်ဟု မှတ်ယူရမည်။

၅၆။ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၈/၉၂) အရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများ၊ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၅၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သစ်တောဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၈။ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၈/၉၂)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုတိုထွာထွာ ဖတ်စရာ

တရားမဝင်ဆေးဝါးများရောင်းချမှုမရှိစေရေး ပညာပေး

ဖောင်းပြင်

ဖောင်းပြင်မြို့ရှိ ဆေးဆိုင်များတွင် တရားမဝင်ဆေးဝါးများရောင်းချမှု ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ရေသန့်လုပ်ငန်းများ သတ်မှတ်ထားသည့်ညွှန်ကြားချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီခွဲက မြို့တွင်းရှိ လုပ်ကိုင်ရောင်းချနေသော ဆေးဆိုင်များနှင့် ရေသန့်လုပ်ငန်းတို့အား မြို့နယ်တာဝန်ရှိသူများက စစ်ဆေးပညာပေး ဆွေးနွေးခဲ့သည်။

မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမွန်စိုးရည်က FDA မှ ရောင်းချရန်မသင့်သော ဆေးဝါးများအဖြစ် ထုတ်ပြန်ထားသော တရားမဝင်ဆေးဝါးများ၊ ရက်လွန်ဆေးဝါးများ ရောင်းချခြင်းမပြုရေး၊ သတ်မှတ်ချက်များနှင့်အညီ ကိုက်ညီသည့်ဆေးဝါးများရောင်းချရေး၊ ရေသန့်လုပ်ငန်းများ တရားဝင်ဖြစ်ရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေးတို့ကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

အကြမ်းဖက်ခြင်းမှကာကွယ်တားဆီးရေး အသိပညာပေး

သန်လျင်

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ရွှေစတားအထည်ချုပ်စက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အမျိုးသမီးများအား အကြမ်းဖက်ခြင်းမှ ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၂ ရက်က စက်ရုံခန်းမဆောင်၌ ကျင်းပသည်။

တောင်ပိုင်းခရိုင် လူမှုဝန်ထမ်းရုံးမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမြင့်က အမှာစကားပြောကြားပြီး တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအတွင်းရေးမှူး ဒေါ်နှင်းရည်ကျော်က ဥပဒေဆိုင်ရာများကိုလည်းကောင်း၊ သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်မြတ်စိုးက မှုခင်းဆိုင်ရာများကိုလည်းကောင်း၊ ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယဦးစီးမှူး ဒေါ်စိုးစိုးထိုက်က အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ဆောင်ရန်ရှောင်ရန်များကိုလည်းကောင်း အသိပညာပေးဟောပြောကြကြောင်း သိရသည်။

သန်းဝင်း (သန်လျင်)

မန္တလေးတိုင်းဒေသကြီးတွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မဟာအောင်မြေ စက်တင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ၂၀၁၈ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်ရှိ KMC ကိုယ်ပိုင်အထက်တန်းကျောင်း ဘက်စုံသုံး အားကစားခန်းမတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက ပေးပို့သည့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ သဝဏ်လွှာအား တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်သီလွင်က ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ကျော်က ကြက်ခြေနီသင်တန်းဆင်း လက်မှတ်များ ချီးမြှင့်ပြီး အခြေခံရှေးဦးပြုစုခြင်းသင်တန်းဆင်းကျောင်းသား ကျောင်းသူများက ရှေးဦးပြုစုခြင်းစွမ်းရည်များ ပြသကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီနာယက ဒေါက်တာယုယုမေ၊ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်သီလွင်နှင့် ကြီးကြပ်မှုကော်မတီဝင်များ၊ ကြက်ခြေနီမောင်မယ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

သီဟကိုကို

ပြည်မြို့တွင် အော်တစ်ဇင်ခံစားနေရသော ကလေးသူငယ်များအသိပညာပေး ဆွေးနွေးပွဲ

ပြည် စက်တင်ဘာ ၂၃

အော်တစ်ဇင်ဝေဒနာခံစားကြရသော ကလေးငယ်များ ပြုစုပျိုးထောင်ပေးနိုင်ရန် New Life Foundation နှင့် ခေတ္တရာမြေ Foundation တို့ပူးပေါင်း၍ အော်တစ်ဇင်ဖြစ်ပွားသောကလေးငယ်များလက်ခံခြင်း အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ပြည်မြို့ ရွာဘဲရပ်ကွက် ခေတ္တရာစက်မှုဇုန်(၁)ခန်းမ၌ ပြုလုပ်သည်။

အော်တစ်ဇင်ဝေဒနာ ခံစားရမှုနှင့်ပြန်လည်ပြုစုပျိုးထောင်ပေးခြင်းလုပ်ငန်းများကို မိဘများသိရှိရန် အရေးပါပုံနှင့် ပတ်သက်၍ ဒေါက်တာတင်မဖြူ (Training& Academic Department) New Life Foundation က "အော်တစ်ဇင်ဖြစ်ပွားတဲ့ ကလေးမိဘတွေအနေနဲ့ စောစီးစွာသိဖို့လိုသလို ပြန်လည်ပြုစုပျိုးထောင်ဖို့အတွက် လေ့ကျင့်သင်ကြားတဲ့ ကျောင်းကိုပို့ဖို့လိုပါတယ်။ ကိုယ့်ကလေးက သုံးနှစ်အတွင်း အော်တစ်ဇင်ခံစားနေရလား၊ ခံစားနေရတယ်လို့ သံသယရှိရင် ခုလိုမျိုးကျောင်းမှာ ကျွမ်းကျင်သူတွေနဲ့ ပြသတိုင်ပင်သင့်ပါတယ်။ ရှေးရိုးစွဲတွေနဲ့မလုပ်ပါနဲ့။ ဘာလို့လဲဆိုတော့ ကလေးအနေနဲ့ ပိုဆိုးသွားနိုင်လို့ပါ" ဟု ရှင်းလင်းပြောကြားသည်။

အော်တစ်ဇင်ဝေဒနာဖြစ်ပွားမှုကြုံခဲ့ရသော မိခင်တစ်ဦးက "ကျွန်မ ပထမတုန်းက ကလေးကို ရန်ကုန်ကို တစ်လခြားဆိုသလို သွားပြရတယ်။ ကုန်ကျစရိတ်ကများတော့ ရေရှည်မှာ အခက်အခဲတွေရှိလာတယ်။ ဒါပေမယ့် ခုလို ကိုယ့်ဒေသမှာ ကျောင်းဖွင့်နိုင်ပြီဆိုတော့ကိုယ့်လိုပဲ အခြားကလေးတွေအတွက်လည်းအများကြီး ဝမ်းသာတယ်။ အဆင်ပြေသွားတာပေါ့" ဟု ပြောသည်။

ကိုလွင်(ဆွာ)

၂၀၁၈ – ၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အပ်နှင်းနိုင်သည်။

(ဇ) ပုဒ်မခွဲ (ဆ) ပါ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဆိုသည့် စကားရပ်တွင် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရတည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ မပါဝင်စေရ။

အခန်း(၃)
နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၂၃။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံ ပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီ သုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံး ငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ဂ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဆ)အရ ငွေချေးယူလိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့်ငွေထက် မကျော်လွန်ဘဲ ချေးယူနိုင်သည်။

အခန်း(၄)
ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေး ဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည် ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်း ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၅။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၉) နှင့် (၁၀) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၆။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ဇယား (၉) နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စု အစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းများ လုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

အပိုင်း ၄
အရေးပေါ်ရန်ပုံငွေ

၂၇။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄) တွင် ဖော်ပြထားသော အရေးပေါ်ရန်ပုံငွေမှ ကျခံ သုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရက မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

အပိုင်း ၅
တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၈။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၉။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁) နှင့် (၁၂) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ၏ ဇယား (၁၁) နှင့် (၁၂) တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၁။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

အပိုင်း ၆
နေပြည်တော်ကောင်စီ

၃၂။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်၍ ရသောရငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၃။ (က) နေပြည်တော်ကောင်စီ၏ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃) နှင့် (၁၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

အာရှလူငယ်တံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ငါးနိုင်ငံဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲကျင်းပရေး ဆွေးနွေး

ချမ်းမြသာစည် စက်တင်ဘာ ၂၃

အသက် ၁၇ နှစ်နှင့် အသက် ၁၅ နှစ်အောက် အာရှလူငယ်တံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ငါးနိုင်ငံဖိတ်ခေါ် Criterium စက်ဘီးစီးပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)အစည်းအဝေးခန်းမတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ကမ္ဘာ့အဆင့်ရှိနိုင်ငံများမှ လူငယ်အားကစားသမားများ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်၍ အဖိုးမဖြတ်နိုင်သော နည်းစနစ်ကောင်းများရရှိမည်ဖြစ်ကြောင်း၊ ဧည့်ဝတ်ကျေပွန်သည့် မန္တလေးဖြစ်အောင် ကော်မတီတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြိုင်ပွဲကျင်းပရေးဆိုင်ရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံကြက်တောင်ရိုက်အဖွဲ့ချုပ်နှင့် စက်ဘီးစီးအဖွဲ့ချုပ်တို့က ပြိုင်ပွဲကိစ္စများကိုလည်းကောင်း တင်ပြပြီး တက်ရောက်လာသူများက အထွေထွေဆွေးနွေးတင်ပြကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကြက်တောင်ရိုက်အဖွဲ့ချုပ်နှင့် စက်ဘီးစီးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် အားကစားဆပ်ကော်မတီဥက္ကဋ္ဌများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ တက်ရောက်ကြသည်။

အာရှလူငယ်တံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၃ ရက်မှ ၇ ရက်ထိ မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း ကြက်တောင်အားကစားရုံတွင် ကျင်းပမည်ဖြစ်ရာ အာရှဒေသ ၁၆ နိုင်ငံမှ လူငယ်အားကစားသမား ၄၂၀ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက်တွင် အောင်မြေသာစံမြို့နယ် ၁၂ လမ်းထိပ်တွင် တာလွှတ်မည်ဖြစ်ပြီး ငါးနိုင်ငံမှစက်ဘီးအားကစားသမား ၇၂ ဦး ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ကယားပြည်နယ်ဝန်ကြီးချုပ် ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးတက်ရောက်

လွိုင်ကော် စက်တင်ဘာ ၂၃

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး အမှတ်စဉ်(၇/၂၀၁၈) ကို စက်တင်ဘာ ၂၀ ရက်နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီအရေအတွက်၊ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားများ၊ ကုမ္ပဏီတစ်ခုချင်းအလိုက် ရင်းနှီးမြှုပ်နှံငွေများ၊ ပြန်လည်ရရှိလာမည့် အကျိုးကျေးဇူးများ၊ လစဉ်တိုးတက်မှုအခြေအနေများကို လစဉ်စာရင်းချုပ်ပုံစံပြုစု၍ တင်ပြပေးသွားရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည့် အခြေအနေများ တင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော ကော်မတီဝင် ဝန်ကြီးများက ပြန်လည်ဖြည့်စွက်တင်ပြပြီး ကော်မတီဝင် ဌာနဆိုင်ရာများက ဌာနအလိုက် ဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားသို့ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်ကော်မတီဝင်များ တက်ရောက်ကြသည်။

အောင်ထွန်းလေး

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ငါးသိုင်းချောင်းမြို့ ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်

ငါးသိုင်းချောင်း စက်တင်ဘာ ၂၃

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ မြို့မရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်း အ. လ. က(ခွဲ)ကျောင်းဝင်းအတွင်း၌ ဆောက်လုပ်ပြီးစီးခဲ့သည့် (၁၀၀ × ၃၀) ပေ RC နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာများပက်ဖျန်းပြီး ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ လျှပ်စစ်စွမ်းအင်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဆရာကြီးဦးမန်းသိန်းကျော်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ဌာနဆိုင်ရာများ၊ ပညာရေးဌာနတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

စိုးမင်းဦး(ပြန်/ဆက်)

(၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

ရန်ကုန်

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်ရဲတပ်ဖွဲ့ မှူး ရဲမှူးစိုးမြင့်အောင်ဦးဆောင်၍ အရာရှိ အခြားအဆင့်တပ်ဖွဲ့ဝင် ၂၅ ဦးတို့က ယမုံနာ(၂)ရပ်ကွက် မင်္ဂလာရာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိသော သစ်ပင်များ၊ အမှိုက်များနှင့် ပေါင်းမြက်ပင်များအား ရှင်းလင်းခုတ်ထွင်ခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော သန့်ရှင်းရေး လုပ်ငန်းစဉ်များအား စက်တင်ဘာ ၂၂ ရက် နံနက် ၇ နာရီမှ ၉ နာရီထိ စုပေါင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ပွင့်သစ္စာ

ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မြို့မ အထကနှင့် အမှတ် (၁) အထကတို့၌ စက်တင်ဘာ ၂၃ ရက် နံနက် ၇ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးဝင်းကိုဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ အမှတ် ၆၂ ယာဉ်ထိန်းတပ်စု ဒုရဲမှူးဝင်းစိုးနှင့် တပ်ဖွဲ့ဝင်များ၊ မီးတပ်သတ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုစုပေါင်းအင်အား ၁၆၂ ဦးတို့သည် ကျောင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားခြင်း၊ ခြင်ဆေးပက်ဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ကျိုင်းတုံ

ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့ (ကျိုင်းတုံ) အောက်ရှိ ခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ မိသားစုဝင်များ စုပေါင်း၍ စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ကျိုင်းတုံပြည်သူ့ဆေးရုံကြီးတွင် ပြည်သူ့အကျိုးပြု စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် မြစ်ကြီးနားမြို့ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား စက်တင်ဘာ ၂၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့သာယာလှပရေးအတွက် ပြုပြင်ဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် မြို့တွင်းလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ ဧရာရပ်ကွက် ဆမားလမ်းပေါ်၌ လမ်းဘေးဝဲ/ယာလမ်းမီးတိုင်များ စိုက်ထူဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မီးတိုင်များစိုက်ထူရာတွင် စနစ်တကျရှိစေရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဆမားလမ်းနှင့် ဆွမ်ပရာဘွမ်လမ်းဆုံနေရာ၌ မီးပွိုင့်တပ်ဆင်ပြီးစီးမှုအခြေအနေနှင့် တြိဂံတုံးနေရာတွင် အလှဆင်ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ရန်ကြီးအောင်ရပ်ကွက် အံတော်ရှင်ဘုရားအနီး ရထားသံလမ်းကူးနေရာတွင် လမ်းပြုပြင်ဆောင်ရွက်နေမှု၊ ပြည်ထောင်စုလမ်းမကြီးနှင့် ဆွမ်ပရာဘွမ်လမ်းဆုံနေရာတွင် လမ်းတိုးချဲ့ဆောင်ရွက်နေမှု၊ အဆိုပါလမ်းဆုံနေရာတွင် မီးပွိုင့်များ တပ်ဆင်၍ ယာဉ်အန္တရာယ်ကင်းရှင်းရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ယုဇနရပ်ကွက်အတွင်း အနော်ရထာလမ်း AC ကတ္တရာခင်းကျင်းနေမှုနှင့် လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တပ်ကုန်းရပ်ကွက်ရှိ ရွှေလမ်းမကြီးကို ပေ ၃၀ အကျယ် လမ်းတိုးချဲ့၍ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် လမ်းဘေးဝဲ/ယာ အုတ်စီရေမြောင်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ကမ်းနားလမ်းတစ်လျှောက် အများပြည်သူ အပန်းဖြေအားကစားလေ့ကျင့်နိုင်ရေးနှင့် သန့်ရှင်းသာယာလှပစေရေးအတွက် ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဒေသနွားနှင့် ကြက်မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးပညာပေးသင်တန်းဆင်း

ရေတာရှည် စက်တင်ဘာ ၂၃

ကျေးလက်ဒေသများတွင် ဒေသနွားနှင့် ကြက်မွေးမြူရေးလုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်နိုင်ခြင်းဖြင့် စီးပွားရေးဈေးကွက်အရ တွက်ခြေကိုက်၍ လူနေမှုဘဝများဖွံ့ဖြိုးတိုးတက်စေရန် ပညာပေးသင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းအုပ်စု ရွှေပြည်ကုန်းကျေးရွာအနီးရှိ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်က ကျေးလက်ဒေသနေသူများအနေဖြင့် စီးပွားရေးအရ တွက်ခြေကိုက်သည့် မွေးမြူရေးလုပ်ငန်းများကို သင်တန်းမှပို့ချလိုက်သည့် ပညာများဖြင့် စနစ်ကျစွာဆောင်ရွက်နိုင်ပါက လူမှုဘဝအကျိုးစီးပွားများ ဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ "သင်တန်းဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျေးလက်နေသူတွေ ဒေသနွားနဲ့ ကြက်ကို စနစ်တကျမွေးမြူတဲ့အခါမှာ တစ်ပိုင်တစ်နိုင်ပဲဖြစ်ဖြစ်၊ စီးပွားဖြစ်ပဲဖြစ်ဖြစ် အခုဖွင့်လှစ်တဲ့ ပညာပေးသင်တန်းက များစွာအထောက်အကူပြုပါတယ်။ ကျွဲ၊ နွားတွေကို ပြည်ပကနေဈေးကောင်းပေးဝယ်နေတဲ့အချိန် ဖြစ်တော့ တောင်သူတွေအနေနဲ့ စီးပွားဖြစ်မွေးမြူတဲ့သူတွေများလာတဲ့အခါမှာ နည်းပညာသင်တန်းတွေပေးခြင်းဖြင့် လုပ်ငန်းဆောင်ရွက်ရာမှာ များစွာအထောက်အကူရရှိနိုင်မှာဖြစ်ပါတယ်"ဟု မြို့နယ်တိ/မွေးကုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကြည်လင်က ပြောသည်။

မင်းလွင်

ဂရုဓမ္မအခါတော်နေ့ သီလဆောက်တည် ကောင်းမှုဒါနပြုကြရာ၏

ဒေါက်တာမောင်ဖြေ

ဂရုဓမ္မသီလသည် သူတော်ကောင်းတို့က ဂရုထား၍ ကျင့်သုံးအပ်သော တရားဖြစ်သည်။ ကမ္ဘာဦးအခါက စတင်ပေါ်ပေါက်သော တရားဖြစ်၍ ပဝေဏိဓမ္မ ဟုခေါ်၏။

မြတ်ဘုရားရှင်ဟောကြားတော်မူအပ်သော ဂရုဓမ္မသီလတရားတော်သည် သူတော်စင်သူတော်မြတ်တို့ အလေးအမြတ်ထားကာ ကျင့်သုံးကြသည့် တရားဖြစ်သည်။ သူတော်စင်တို့ ဆောက်တည်နိုင်သော သီလမှာ အမျိုးအစားအားဖြင့် သုံးမျိုးရှိချေသည်။ ယင်းတို့မှာ ငါးပါးသီလ(ပဉ္စသီလ)၊ ရှစ်ပါးသီလ (ဥပေါသထသီလ)နှင့် ကိုးပါးသီလ (နဝင်္ဂသီလ)တို့ ဖြစ်သည်။

သီလတော်တို့နှင့်ပတ်သက်၍ ဧကနိပါတ်ကုလာဝကဇာတ်တွင် အိုးလုပ်သမလေး သုဇိတာသည် ငါးပါးသီလမြဲ၍ ရွှေအတိပြီးသော သစ်သီးများကို ရရှိသည်။ အသူရာမင်းကြီး၏ သမီးပျိုဘဝ၌ သူမတူအောင် ချောမောလှပသည်။ မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့သည် ငါးပါးသီလမြဲ၍ စားဝတ်နေရေး မပူရခြင်း၊ သေသူအတွက် သောကမရောက်ရခြင်း၊ သေပြီးသည့်နောက် နတ်ပြည်သို့ရောက်ရခြင်း၊ အနှစ်တစ်ထောင်သက်တမ်းစေ့နေရခြင်း စသော အကျိုးများကို ခံစားကြရသည်။ ဒသကနိပါတ်ဓမ္မပါလဇာတ်တွင် ငါးပါးသီလမြဲ၍ ဓမ္မပါလတစ်မျိုးလုံး အသက်အရွယ်ငယ်ငယ်ဖြင့် သေရိုးထုံးစံမရှိပေ။ သက်တမ်းစေ့နေကြရ၏။ မဟာသုဒဿနမင်းကြီးသည် လေးကျွန်းစကြာဝဠာမှာ လှည့်လည်၍ ငါးပါးသီလတရားကို ဓမ္မသတ်သဖွယ် ဟောဆိုညွှန်ပြဆုံးမလေ့ရှိ၏။

ဒသနိကနိပါတ်တော်ဓမ္မပါလဇာတ်တွင် ငယ်ငယ်ဖြင့် သေရိုးထုံးစံမရှိပေ။ သက်တမ်းစေ့နေကြရ၏။ ဣတိဝုတ် အဋ္ဌကထာနှင့် ဥဒ္ဒကပါဠိ၊ အဋ္ဌကထာတို့တွင် သီလမြဲခြင်း၏အကျိုး မှတ်သားဖွယ်ရာကို အကျယ်တဝင့် ပြထားသည်ကို လေ့လာနိုင်သည်။

ပဉ္စဝုဓဇာတ်တော်တွင် ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့၏ ရင်သွေးမင်းသားအား တက္ကသိုလ်ပြည်သို့ ပညာသင်စေလွှတ်ခဲ့သည်။ မင်းသားလေးသည် အဌာရသတစ်ဆယ့်ရှစ်ရပ်သော လောကီပညာကို တတ်မြောက်ခဲ့၍ ပြည်တော်ပြန်လာမည့်အချိန်မှာ တက္ကသိုလ်ဆရာကြီးက မြား၊ သန်လျက်၊ တုတ်၊ လှံ၊ တင်းပုတ်တို့ကို လက်ဆောင်ပေးလိုက်သည်။ မင်းသားလေးသည် တောအုပ်ကြီးတစ်ခုကို ဖြတ်သန်းလာစဉ် ဓေးကပ်သော အမွေးရှိသော ဘီလူးနှင့်တွေ့ရှိခဲ့သည်။ "ဟယ် အသင်လူသား သင်ကား ငါ၏ ပိုင်နက်ထဲတွင် ရောက်လာ၍ ငါ၏ အစာဖြစ်ချေပြီတကား"ဟု ကြိမ်းဝါးလေသည်။ မင်းသားလေးသည် ပါလာသော မြား၊ သန်လျက်၊ တုတ်၊ လှံ၊ တင်းပုတ်တို့ဖြင့် ဘီလူးကိုပစ်ရာ ဘီလူးကြီး၏ အမွေး၌ လက်နက်များအားလုံး ကပ်ငြိကုန်၏။ "အို လုလင် သင်ကား သေရမှာကိုမကြောက်၊ ဘာကြောင့်လဲ"ဟု မေးလေ၏။ မင်းသားလေးက "ငါ့ကိုယ်တွင်းမှာ ဝရဇိန်လက်နက်ကဲ့သို့ အစွမ်းထက်သော ကိုယ်ကျင့်သီလများရှိ၏။ ဒါကြောင့် ငါသည် သင့်ကို မကြောက်ပါ"ဟု ဖြေလေသည်။ ထိုစကားကိုကြားရသောဘီလူးသည် ကြောက်လန့်၍ မင်းသားလေးကို ပြန်လွှတ်လိုက်လေသည်။ မင်းသားလေး၏ ခန္ဓာကိုယ်၌ရှိသော ဝရဇိန်လက်နက်သည် သတ္တဝါ အသက်ကို မသတ်ခြင်း၊ သူတစ်ပါးဥစ္စာကို မခိုးခြင်း၊ အိမ်ရာသားမယား မပြစ်မှားခြင်း၊ လိမ်ညာ၍ မုသားမပြောခြင်း၊ သေရည်အရက်မသောက်ခြင်းစသော ကိုယ်ကျင့်တရားများ စောင့်ထိန်းခဲ့၍ဖြစ်သည်။ ထိုသီလတော်များကြောင့် ဘီလူးရန်မှ လွတ်မြောက်ခဲ့သည်။ သီလလက်နက်ကား တန်ခိုးထက်လှသည်။

သီလတော်များ၏ အခြားအမည်များ

သူတော်ကောင်းများကျင့်သုံးအပ်သော သီလငါးပါးကို အခြားအမည်ထူးများဖြင့် ခေါ်ဆိုကြသေးသည်။

၁။ လူတိုင်းလိုက်နာကျင့်သုံးရမည့် တရားဓမ္မဖြစ်သဖြင့် ဓမ္မတာသီလ
၂။ သူတော်ကောင်းတို့ အလေးဂရုထား၍ ကျင့်သုံးအပ်သဖြင့် ဂရုဓမ္မသီလ
၃။ စကြဝတေးမင်းတို့ ဓမ္မသတ်သဖွယ် ကျင့်သုံးသဖြင့် စက္ကဝတ္တိဓမ္မသတ်
၄။ ကုရုတိုင်းနေပြည်သူတို့ လိုက်နာကျင့်သုံးသော တရားဖြစ်သဖြင့် ကုရုဓမ္မသီလ
၅။ အရေအတွက်အားဖြင့် ငါးပါးရှိသဖြင့် ပဉ္စသီလ ဟူ၍ ခေါ်ဆိုကြသည်။

သီလအကြောင်းနှင့် အင်္ဂါရပ်တို့မှာ

ကောင်းစွာတည်ခြင်း၊ ထားခြင်းဟူသော အနက်ကြောင့် သီလမည်၏။ ကာယကံစသည်တို့ကို စောင့်စည်းသောကြောင့် သီလမည်၏။ စတုဘူမိက ကုသိုလ်တို့၏ တည်ရာဖြစ်ခြင်းကြောင့် သီလမည်၏။ ဦးခေါင်းနှင့် တူသောကြောင့် သီလမည်၏။ ငြိမ်းချမ်းအေးမြသောကြောင့် သီလမည်၏။ အကုသိုလ်တို့ကို အိပ်စက်တတ်သောကြောင့် သီလမည်၏။ အကုသိုလ်များကို တုန်လှုပ်စေတတ်သောကြောင့် သီလမည်၏။ အကုသိုလ်တရားမဖြစ်ပွားအောင် စောင့်စည်းသောကြောင့် သီလမည်၏။ ကုသိုလ်တရားတို့ ဝင်ရောက်ခိုနားရာ ကျောင်း၊ အိမ်၊ ဇရပ်နှင့် တူ၍ သီလမည်၏။

ကုသိုလ်တရားတို့ နှောင်ဖွဲ့တတ်သောကြောင့် သီလမည်၏။ သီလရှိသူတို့မှာကား မမေ့မလျော့ ကျော်စော၏။ ပရိသတ်အလယ်၌ တင့်တယ်၏။ တွေဝေ၍ မသေရ၊ ကြည်လင်စွာသေရ၏။ ဤဘဝမှ သေလျှင် သုဂတိဘုံ ရောက်ရ၏။

သီလဖြည့်ကျင့်ရမည့် နည်းလမ်းနှင့် အကျိုးတရားများ

ပစ္စည်းဥစ္စာပေါများလိုလျှင် သီလကို ကောင်းစွာစောင့်စည်းရမည်။ မိမိအား ပစ္စည်းလှူသူတို့ အကျိုးများစေလိုလျှင် သီလဖြည့်ကျင့်ရမည်။ မိမိကို အောက်မေ့သော ဆွေမျိုးပြိတ္တာများ အကျိုးများစေလိုလျှင် သီလဖြည့်ကျင့်ရမည်။ ကုသိုလ်၌ ပျင်းရိခြင်း၊ ကာမနှင့် မွေ့လျော်ခြင်းကို ပယ်လိုလျှင် သီလဖြည့်ကျင့်ရမည်။

ကြောက်လန့်ခြင်း၊ ကြောက်မက်ဖွယ်အာရုံကို ပယ်လိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။ အရူပဈာန်ကိုရလိုလျှင် သီလကိုကောင်းစွာ ဖြည့်ကျင့်ရမည်။ သောတာပန်တည်လိုလျှင် သီလကိုကောင်းစွာဖြည့်ကျင့်ရမည်။ သကဒါဂါမ်တည်လိုလျှင် သီလကိုကောင်းစွာ ဖြည့်ကျင့်ရမည်။ အနာဂါမ်တည်လိုလျှင် သီလကိုဖြည့်ကျင့်ရမည်။ ပုဗ္ဗေနိဝါသာနုဿတိဟူသော လောကီအဘိညာဏ်ကိုလိုလျှင် သီလကိုကောင်းစွာ ဖြည့်ကျင့်ရမည်။ ဒိဗ္ဗစက္ခုဟူသော လောကီအဘိညာဉ်ကိုလိုလျှင် သီလကိုကောင်းစွာ ဖြည့်ကျင့်ရမည်။ စေသာစရိယဟူသော လောကအဘိညာဉ်ကိုလိုလျှင် သီလကို ကောင်းစွာ ဖြည့်ကျင့်ရမည်။ ဣဒ္ဓိဝိဓဟူသော လောကီအဘိညာဉ်ကို လိုလျှင် သီလကို ကောင်းစွာကျင့်ဖြည့်ရမည်။

ယင်းသို့ သီလ၏ အကျိုးတရားနှင့် အင်္ဂါရပ်တို့အား ဖော်ပြ၍ မကုန်နိုင်လောက်ပေ။

ဂရုဓမ္မအခါတော်နေ့ ဖြစ်လာပုံ

တိကနိပါတ် ကုရုဓမ္မဇာတ်တွင် အမြင့်ဆုံး ရှင်ဘုရင်မှစ၍ အနိမ့်ဆုံး ပြည့်တန်ဆာအထိ ငါးပါးသီလကို စောင့်ထိန်းကြသောကြောင့် မိုးလေဝသ မှန်ကန်၏။ ကပ်ကြီးသုံးပါးမှ လွတ်ကင်းကြရ၏။ သာယာဝပြောသော နိုင်ငံတော်ကြီး ဖြစ်နေသည်။

ကလိင်္ဂတိုင်းတစ်တိုင်းလုံးတွင် မိုးခေါင်ရေရှားဖြစ်၏။ တစ်တိုင်းလုံးတွင် ငတ်မွတ်ခေါင်းပါးလျက်ရှိနေသည်။ သို့ဖြစ်၍ ကုရုနိုင်ငံတွင် မိုးလေဝသ မှန်ကန်ပြီး သာယာဝဖြိုးနေသည်မှာ ဆင်ဖြူတော်ရတနာရှိသောကြောင့်ဟု ယူဆကြသည်။ ကလိင်္ဂတိုင်းဘုရင်သည် ကုရုဘုရင်ထံမှ ဆင်ဖြူတော်ရတနာကို ရွှေစင်ရွှေပြားဖြင့် ဝယ်ယူရန် ထောက်လှမ်းကြသည်။ ကုရုဘုရင်က စာနာထောက်ထားကာ "သင်တို့ တိုင်းပြည်မှာ မိုးရွာမည်ဆိုပါက ငါ၏ ဆင်ဖြူတော်ရတနာကို ရွှေဖြင့် မရောင်းဘဲ မေတ္တာလက်ဆောင်ပေးပါမည်" ဆိုပြီး ဆင်ဖြူတော်ရတနာကို ပေးလိုက်သည်။ ကလိင်္ဂတိုင်းတွင် အဆိုပါ ဆင်ဖြူတော်ရတနာ ရောက်ရှိပါသော်လည်း မိုးကား မရွာသွန်းဘဲ မိုးခေါင်မြဲ ခေါင်နေပြန်ပါသည်။ ယင်းသို့သော ဖြစ်ရပ်အခြေအနေပေါ်ပေါက်လာသည့် အခါမှ ကုရုတိုင်းတွင် မိုးလေဝသ ညီမျှနေခြင်းမှာ ဆင်ဖြူတော်ရတနာနှင့် မသက်ဆိုင်ကြောင်း၊ ကုရုတိုင်းတွင်ရှိသော ပြည်သူများ ကျင့်သုံးနေကြသည့် ကုရုဓမ္မသီလကြောင့်ဖြစ်ကြောင်း နားလည်သဘောပေါက်သွားကြလျက် အဆိုပါ ကုရုဓမ္မတရားကို ရွှေစင်ရွှေပြားပေါ်တွင် ကူးယူခဲ့ရန် ကိုယ်စားလှယ်တော်များကို ကုရုတိုင်းသို့ ထပ်မံစေလွှတ်ပြန်သည်။

ကုရုတိုင်းမှ ကူးယူခဲ့ကာ ကုရုဓမ္မခေါ် သီလကို ရှင်ဘုရင်ကစပြီး တစ်တိုင်းတစ်ပြည်လုံး ကျင့်သုံးကြသဖြင့် ကလိင်္ဂတိုင်းတစ်တိုင်းလုံးတွင် မိုးရွာသွန်းပြီး ကပ်ကြီးသုံးပါးမှ လွတ်ကင်း၍ သာယာဝပြောသောနိုင်ငံတော် ဖြစ်လာပေတော့သည်။

ယင်းကုရုဓမ္မခေါ် ကုရုဓမ္မဇာတ်တော် ပေါ်ပေါက်လာသည့်ကာလမှာ မိုးတွင်းအခါ ဝါတွင်းကာလဖြစ်သော တော်သလင်းလပြည့်နေ့ဖြစ်ပြီး ယင်းနေ့ကို ဂရုဓမ္မသီလ အခါတော်နေ့အဖြစ် မျက်မှောက်ခေတ်တွင် ကျင်းပခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဝါတွင်းကာလဖြစ်သော တော်သလင်းလတွင် သူတော်စင်တို့၌ ရှိမြဲဖြစ်သော ဝါရိတ္တသီလဟုဆိုအပ်သော ငါးပါးသော သီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ထိန်းသိမ်းစောင့်ထိန်းကြရမည်။ တော်သလင်းလပြည့်နေ့သည် "ဂရုဓမ္မအခါတော်နေ့" ဖြစ်ခြင်းကြောင့် ယင်းနေ့တွင် ဘုရား၊ ကျောင်း၊ ဇရပ်များတွင် ဥပုသ်သီတင်းသီလဆောက်တည်၍ ဒါနပြုခြင်းဟူသော ကောင်းမှုကုသိုလ်များ မမေ့ကြရန် ရေးသားလိုက်ရပါသည်။

"ကလိင်္ဂတိုင်းတွင် အဆိုပါဆင်ဖြူတော်ရတနာ ရောက်ရှိပါသော်လည်း မိုးကား မရွာသွန်းဘဲ မိုးခေါင်မြဲ ခေါင်နေပြန်ပါသည်။ ယင်းသို့သော ဖြစ်ရပ်အခြေအနေပေါ်ပေါက်လာသည့်အခါမှ ကုရုတိုင်းတွင် မိုးလေဝသ ညီမျှနေခြင်းမှာ ဆင်ဖြူတော်ရတနာနှင့် မသက်ဆိုင်ကြောင်း၊ ကုရုတိုင်းတွင်ရှိသော ပြည်သူများ ကျင့်သုံးနေကြသည့် ကုရုဓမ္မသီလကြောင့်ဖြစ်ကြောင်း နားလည်သဘောပေါက်သွားကြလျက် အဆိုပါ ကုရုဓမ္မတရားကို ရွှေစင်ရွှေပြားပေါ်တွင် ကူးယူခဲ့ရန် ကိုယ်စားလှယ်တော်များကို ကုရုတိုင်းသို့ ထပ်မံစေလွှတ်ပြန်သည်"

ခရီးသွားပြည်သူများ ဘေးရန်ကင်းရန် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ပရိတ်ရွတ်ဖတ်

တပ်ကုန်း စက်တင်ဘာ ၂၃ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ပေါ်တွင် ယာဉ်မတော်တဆမှု အန္တရာယ်များကင်းစေရန် ရန်ကုန်မြို့ သင်္ကေတမြို့နယ် အောင်သီတာ စာသင်တိုက် ပဓာနနာယက ဂန္ထဝါစက ပဏ္ဍိတ သဒ္ဓမ္မဇောတိက ဓဇဘဒ္ဒန္တဓမ္မာစာရနှင့် သံဃာတော် ကိုးပါး၊ ယောဂီသူတော်စင် ၁၀၈ ဦးတို့ဖြင့် စက်တင်ဘာ ၂၂ ရက် နံနက် ၅ နာရီတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁) မှစတင်၍ မိုင်တိုင် (၉၀၊ ၁၈၀၊ ၂၇၀၊ ၃၆၀) တို့တွင် ပရိတ်ရွတ်ဖတ်ခြင်း၊ ကမ္မဝါစာရွတ်ဖတ်ခြင်း၊ အကျွတ်အလွတ်ပွဲများ ပေးလှူခြင်းများပြုလုပ်ပြီး ရေစက်ချ အမျှပေးဝေခြင်းများ ဆောင်ရွက်တော်မူကြကြောင်း သိရသည်။

၁၀၅

လှည့်ကင်းများဆောင်ရွက်ရာတွင် အသုံးပြုရန် ရောင်ပြန်အကျႌများပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၃

နေပြည်တော် တပ်ကုန်းမြို့နယ် အတွင်း ပြည်သူများပူးပေါင်း ပါဝင်သော လှည့်ကင်းများဆောင်ရွက်ရာတွင် အသုံးပြုရန် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တင့်က ရောင်ပြန်အကျႌများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သာဦးနှင့် စခန်းမှူးများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တင့်က မြို့ပေါ်ရပ်ကွက်အား တစ်ရပ်ကွက်လျှင် ရောင်ပြန်အကျႌ ၁၀ ထည်စီ စုစုပေါင်း အထည် ၆၀ ပေးအပ်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကိုယ်စား ဗိုလ်မင်းရောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအုန်းနွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။

တင့်ဇော်ထွန်း

ဆရာ/Tr Wilfred

'Speak English? So Easy!'
Ex-Lecturer [OMMC Medical College]
ကိုယ်တိုင်တာဝန်ယူသင်ကြားသည်

ရာသက်ပန်လက်တွေ့အသုံးချနိုင်အောင်သင်ကြားပေးမည်

"နေ့စဉ်လူမှုဘဝနှင့် Executive ရာထူးများတွင် ပိုင်ပိုင်နိုင်နိုင်ဝင်ရောက်နိုင်စေမည့် လုပ်ငန်းခွင်အထောက်အကူပြုသင်တန်းများ"

ENGLISH (4SKILLS)
(THU-FRI)5:30-7:30PM(FOUNDATION)
(2 MONTHS/32 Hrs) 54,500KS
START DATE : OCTOBER 4

သင်တန်းအသုံး၊ နေ့ ၊ လွှင်
သင်ထောက်ကူများ
တစ်ပတ်စုစစ်ပေးသွင်း
တက်ရောက်နိုင်ပါသည်

GRAMMAR & WRITING
(WED ONLY)5:30-7:30PM(FOUNDATION)
(2 MONTHS/16 Hrs) 34,500KS
START DATE : OCTOBER 10

တန်းခွဲ (၁)၃ (၁၅) ဦးသာ
edu Blank လှည်းတန်း။ အမှတ်(၁၀)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး (၅)လွှာ၊ ကမာရွတ်မြို့နယ်။
- 09 4211 53244, 09 9614 87637
ဖုံးဖြင့်ကြိုတင်စာရင်း ပေးသွင်းနိုင်ပါသည်

အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်များထံသို့ အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် – ၄၁၊ နည်းဥပဒေ – ၁၄)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၁၇ – ခုနှစ်၊ တရားမအယူခံမှုအမှတ် – ၄၇၂

ဦးတင်အေး — နှင့် — **အယူခံတရားလို**

ဒေါ်မြင့်မြင့်စိန် — **အယူခံတရားပြိုင်**

၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ တရားမကြီးမှုအမှတ်-၁၇/၂၀၁၃ကို အယူခံမှု။

အယူခံတရားပြိုင် ဒေါ်မြင့်မြင့်စိန်၊ အမှတ်-၉၇၉၊ အောင်မင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခင်လိပ်စာ၊ ယခုနေရပ်လိပ်စာမသိနေ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့် ဒီကရီကို အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်တင့်က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေကဖြစ်စေ ဤအယူခံမှုတွင် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ချိန်းဆိုထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းသိန်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ဓမ္မအလင်း (တရားပြန့်ပွားရေး)

MP 3 တရားဖွင့်စက်နှင့် တရား Memory Card
တရားအသံတော်များ ဓမ္မဒါန(အခမဲ့)သွင်းပေးသည်။
ဆိုင် (၁) M8 ဝင်ပေါက် (၂၂)၊ ယုဇနပလာဇာ မြေညီ
ဆိုင် (၂) အမှတ် (၄၄)၊ ဆူးလေဘုရားအဝိုင်း
Ph : 09 73009841 , 09 957309841

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အိတ်ဖွင့်တင်ဒါအမှတ်(၂/၂၀၁၈ – ၂၀၁၉)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၆) မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့ ပုသိမ်တံတားအမှတ်(၂) တည်ဆောက်ခြင်းလုပ်ငန်းများအတွက် Service Crane, ရေယာဉ်များ (Z-Craft နှင့် တွန်းသင်္ဘော) ငှားရမ်းခြင်းနှင့် Bored Pile တူးခြင်းလုပ်ငန်း၊ Bentonite, 2.3mm thick Thin Sheet,4mm thick M.S Plate, Binding Wire,Wire Nail,Welding Rod, 5 Ply Wood,J/Wood,Ready Mixed Concrete,Angle Iron, ကျောက်ဆူးကြိုး စသည့်ပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါ၍ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါလျှောက်လွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။	တင်ဒါပုံစံစတင် ရောင်းချမည့်ရက်	-	၂၁-၉-၂၀၁၈ရက်မှ ၂၁-၁၀-၂၀၁၈ရက်အထိ
၃။	တင်ဒါပိတ်မည့်ရက်/အချိန်	-	၂၃-၁၀-၂၀၁၈ရက်၊ ၉း၀၀နာရီ
၄။	တင်ဒါရွေးချယ်မည့်ရက်/အချိန်	-	၂၃-၁၀-၂၀၁၈ရက်၊ ၁၀း၀၀နာရီ
၅။	တင်ဒါပုံစံရောင်းချမည့်နေရာ	-	ပုသိမ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး
၆။	တင်ဒါရွေးချယ်မည့်နေရာ	-	တံတားအထူးအဖွဲ့(၁၆)၊ ပုသိမ်အခြေစိုက်ရုံး

၇။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၂၀၀၈၃၈၉၅၊ ၀၉-၄၂၂၄၅၂၃၃၈ သို့ စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
တံတားအထူးအဖွဲ့(၁၆)
ဖုန်း-၀၉-၄၂၀၀၈၃၈၉၅၊ ၀၉-၄၂၂၄၅၂၃၃၈

ကြေညာချက် ထုတ်ပြန်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၈-၉-၂၀၁၈ ရက်စွဲပါ အမိန့်ကြေညာစာအမှတ် (၄၆/၂၀၁၈)ဖြင့် ဆင့်ပွားဈေးကွက် ဖြန့်ချိရေးလုပ်ငန်း Multi Level Marketing ကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရန် တားမြစ်အမိန့်ထုတ်ပြန်လာပါသည်။

M & M Gano Trading Co.,Ltd သည် (Multi Level Marketing) ဆင့်ပွားဈေးကွက် ဖြန့်ချိရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းကို နိုင်ငံတော်မှထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအား လေးစားလိုက်နာသောအားဖြင့် ၁၈-၉-၂၀၁၈ ရက်မှစ၍ ရပ်ဆိုင်းလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Managing Director
M & M Gano Trading Co.,Ltd

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်

၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄၇၅

ဦးအောင်မော်ဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်ညွန့်) — **နှင့်** — ၁။ ဦးချမ်းမြင့် ၂။ ဒေါ်ခင်စန်းငွေ ၃။ ဦးအောင်ကိုမင်း ၄။ ဦးကျော်မြင့်

တရားလို — **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၃-ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်-၁၂၄နေ ၁-တရားပြိုင် ဦးချမ်းမြင့်(ယခုနေရပ်လိပ်စာမသိ)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၀-ရပ်ကွက်၊ လှိုင်သီတာလမ်း၊ အမှတ်-၁၀၁၁နေ ၂-တရားပြိုင် ဒေါ်ခင်စန်းငွေ၊ ၃-တရားပြိုင် ဦးအောင်ကိုမင်းနှင့် ၄-တရားပြိုင် ဦးကျော်မြင့် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ရက် (၁၃၈၀ ခုနှစ်၊ တော်သလင်းလကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန္ဒာကျော်)
ဒုတိယခရိုင်တရားသူကြီး(၁၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် – ၂၁၊ နည်းဥပဒေ – ၂၂)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်

၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၄၇နှင့် ဆက်သွယ်သည့်

၂၀၁၈ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၈၂

ဦးနိုင်ဇော်မိုး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးလှဝင်းစိန်) — **နှင့်** — ဒေါ်မြင့်မြင့်ငွေ

(တရားနိုင်) — **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း-၁၄၀၊ အမှတ်(၄၀)၊ မြေညီထပ်(ဝဲ)နေ ဒေါ်မြင့်မြင့်ငွေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄၇တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ၅ရက်၊ (၁၃၈၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန္ဒာကျော်)
ဒုတိယခရိုင်တရားသူကြီး(၁၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

RUBY အငှားဝင်းငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅)ခုံ၊ ၂၅ခုံ၊ ၁၃ ခုံ၊ ၁၀ခုံ၊ ၈ခုံ ယာဉ်များနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဝန်ထမ်းအလိုရှိသည်

ကျား/မ (၃) ဦး
(ရုံးလုပ်ငန်းများအတွက်သာ)
အသက် ၂၅နှစ်အထိ ၁၀တန်းနှင့်အထက်
No. 9 , 87လမ်း ခင်ဆောင်တောင်ညွှန့်ရုံ ကုန်း
Ph - 09, 253997740 , 09 - 5152521

ရောင်းမည်

နှစ်ထပ်တိုက် (အသစ်)
၂၆×၂၇ လမ်းကြား၊ ၈၈ လမ်း
ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း-၀၉-၇၈၉၀၂၅၁၂၀
၀၉-၇၇၀၃၅၇၂၈၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/မာန်ပြေ၊ မြေကွက်အမှတ်-၁၆၂၈/ခ၊ မြေဧရိယာ ၁၂၀၀ စတုရန်းပေ=(၂၀'×၆၀')၊ မြေကွက်တည်နေရာအမှတ်-၁၆၂၈၊ မြင်တော်သာလမ်း၊ (၃/မာန်ပြေရပ်ကွက်)၊ သာကေတမြို့နယ်၊ ဒေါ်မြင့်မြင့်မော် (DBN-၀၂၅၁၂၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်မော်(မိခင်)သည် ၂၁-၁၀-၂၀၀၅ ရက်တွင်လည်းကောင်း၊ ဦးအောင်ထွန်း (DBN-၀၂၅၈၀၁)(ဖခင်)သည် ၂၀၀၁ခုနှစ်တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ကြသဖြင့် ဦးခိုင်ဇော်ထွန်း [၁၂/သကတ(နိုင်)၁၇၁၈၄၃]မှ တစ်ဦးတည်းသောသား တော်စပ်ကြောင်း အခြားမွေးချင်းများ မွေးဖွားခဲ့ခြင်းမရှိကြောင်း၊ အခြားကိတ္တိမသားသမီးများကိုလည်း မွေးစားခဲ့ခြင်းမရှိကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ၈-၆-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဒေါ်မြင့်မြင့်မော် အမည်ပေါက် နှစ်(၆၀) ဂရန်မူရင်း GP ၈၀၈၇/ ၂၀၁၇ (၂၉-၈-၂၀၁၇)၊ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ ဦးခိုင်ဇော်ထွန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် -၈၀၈၇/၂၀၁၇(၂၉-၈-၂၀၁၇) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝတ်ရည်ဖူး [၁၂/သကတ(နိုင်)၁၇၅၄၁၂]မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် (၁)ထပ်ပျဉ်ထောင်အဆောက်အဦ (၁)လုံးရှိပြီး GP ဒေါ်ဝတ်ရည်ဖူး မိသားစုနေထိုင်ပြီး အရပ်ကတိ အရောင်းစာချုပ်ဖြင့် ဝယ်ယူထားပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၂၁၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၁၈/ခ)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်စိန်ရင် (ဗီအေ-၀၁၂၈၆၅၃) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်စိန်ရင်(မိခင်)ကွယ်လွန်ပြီး ဦးကြင်ရွှေ(ဖခင်)ပါ ကွယ်လွန်သဖြင့် ဒေါ်အေးထွေးရီ(၁၂/ဥကတ(နိုင်)၀၀၅၁၆၄)မှတစ်ဦးတည်းသောသမီးတော်စပ်ကြောင်း၊ ယင်းမြေပေါ်ရှိအဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းမှ ဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေစားအမွေခံသားသမီးတစ်ဦးတစ်ယောက်မှမရှိကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး၏ ကျမ်းကျိန်လွှာ-၁/၆၃၆/၁၀-၁-၂၀၁၆၊ အိမ်ထောင်စုစာရင်း၊ သေစာရင်းနှင့်ဂရန်မူရင်းတို့ကို တင်ပြပြီး၊ ၎င်း၏ကိုယ်စားလှယ်လွှဲစာအမှတ်-၁၁၆၀၄/၁၉-၁၂-၀၇ဖြင့် ရရှိသူ GP ဒေါ်အေးအေးမြိုမှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ၎င်းပါဝါမရုပ်သိမ်းသေးကြောင်း၊ ကျမ်းကျိန်လွှာ-၁/၆၉၅/၁၀-၁-၁၈တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ လျှောက်ထားမြေတွင် မြေကွက်အမှတ်(၂၁၈/က)နှင့် (၂၁၈/ခ)တို့ပေါင်း၍ (၂)ထပ်ပျဉ်ထောင်အဆောက်အဦးဖြင့် (က)အခြမ်းတွင် ဒေါ်မြရီနေထိုင်ပြီး၊ (ခ)အခြမ်းတွင် G.P ဒေါ်အေးအေးမြိုနေထိုင်ကာ (ခ)ခြမ်းကျွန်(၁၀'×၆၀')(၁)လုံးတွင် (၂)ထပ်ပျဉ်ထောင်အဆောက်အဦး၌ အိမ်ငှားနေထိုင်ကြောင်း၊ စိစစ်တွေ့ရှိရသဖြင့် အိမ်ငှားနေထိုင်ခြင်းနှင့်ပတ်သက်၍ တာဝန်ယူကြောင်းဝန်ခံကတိတင်ပြလာပါသဖြင့် အထက်ပါအမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ် (စီမံကိန်း-၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/စီမံကိန်း-၁)၊ မြေကွက်အမှတ် (၉၂)၊ မြေအကျယ်အဝန်း (အလျား×အနံ) (၃၀ပေ× ၆၀ပေ)၊ ဧရိယာ (၀.၀၄၁) ဧက၊ (၁၈၀၀)စတုရန်းပေရှိ ဒေါ်ငွေငွေ၊ ဒေါ်နော်ထူးထူး၊ ဒေါ်အေးစိန်၊ ဒေါ်ထူးထူး၊ ဦးမိုးကဲနှင့် ဦးပေါက်ပေါက်တို့၏အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် မြေရှင်များနှင့်ကန်ထရိုက်တာတို့ အကျိုးတူပူးပေါင်း ဆောက်လုပ်ထားသော ၂ ခန်းတွဲ ၆ထပ်တိုက်၏ မြေညီထပ် (မြေရှင်ခန်း) တွင်တည်ရှိသည့် မြေအကျယ်အဝန်း (အလျား×အနံ) (၁၅ပေ× ၅၀ပေ)ရှိ တိုက်ခန်း တစ်ခန်း၊ အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက် ရှိသည့်အကျိုးခံစားခွင့်တို့အား၊ ပိုင်ဆိုင်မှု အထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန်ထရိုက်တာအကျိုးခံစားခွင့်ရှိသည့်အခန်းအဖြစ် လက်ရောက်ပိုင်ဆိုင်ထားပြီး၊ ထပ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ကန်ထရိုက်တာ ဦးနေလင်းသိန်း (၁၂/သဃက (နိုင်) ၁၄၅၁၃၉၂)အား၊ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ စရံငွေတစ်စိတ်တစ်ဒေသကိုပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အပြီးသတ်ငွေ အပြေအကြေပေးချေပြီး၊ တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေး ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်နီလာဦး(စဉ်-၃၉၁၁၃)
L.L.B, D.B.L, B.D.S (MOFA) (Dip in English),W.I.P.O (Switzerland)
အထက်တန်းရှေ့နေ

ကန့်ကွက်လိုပါက ဆက်သွယ်ရန်လိပ်စာ
ဒေါ်ခင်ညိုမိဦး
[B.Sc, B.A(B.L), B.D.S (MOFA), C.B.L] (Dip in English),W.I.P.O (Switzerland)
အမှတ်၁၀၀၆/ ဓမ္မဇေတီလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့် ၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉ ၇၈၇၅၁၃၄၄၂

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၁၉၈)၊ ဧရိယာ(၀. ၀၆၃၈ဧက)၊(၂၉၄၀စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်သည်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဦးအောင်ဝင်း(၁၂/ဥကတ(နိုင်)၀၂၉၀၇၅)အမည်ပေါက်တည်ရှိပြီး ၎င်းမှအဆိုပါမြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားမိမိတစ်ဦးတည်းတရားဝင်ပိုင်ဆိုင်ကြောင်း၊အရှုပ်အရှင်းကင်းရှင်းကြောင်းလွှတ်လပ်စွာရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယခုကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အိမ့်မြနိုင် LL.B,D.B.L,DML — ဒေါ်ဥမ္မာဖြိုး LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၈၇၇) — အထက်တန်းရှေ့နေ (စဉ်–၄၀၇၁၄)
အမှတ်–(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉–၉၆၀၇၇၃၈၃၃၊ ၀၁–၃၉၃၁၀၇၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်အမှတ် (၁၀)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ မြေကွက်အမှတ် (၉၆၇/ခ)၊ မြေအကျယ်အဝန်း (အလျား×အနံ) (၂၀ပေ× ၆၀ပေ)၊ ဧရိယာ (၀.၀၂၈) ဧက၊ (၁၂၀၀)စတုရန်းပေရှိ ဦးဝင်းကြည်+ ဒေါ်တင်ရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ်အမှတ်-(၉၆၇/ခ)၊ ရှုခင်းသာလမ်း(လယ်)၊ (၁၀/တောင်) ရပ်ကွက်၊ သာကေတမြို့နယ်တွင်တည်ရှိသည့် တစ်ထပ် အဆောက်အဦး (Hall Type) တစ်လုံး အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက် ရှိသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ထပ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးဝင်းသန်း (၁၂/ဒဂတ(နိုင်) ၀၂၁၁၀၀)အား၊ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ စရံငွေတစ်စိတ်တစ်ဒေသကိုပေးချေ၍ဝယ်ယူထားပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အပြီးသတ်ငွေ အပြေအကြေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇) ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်နီလာဦး(စဉ်-၃၉၁၁၃)
L.L.B, D.B.L, B.D.S (MOFA) (Dip in English),W.I.P.O (Switzerland)
အထက်တန်းရှေ့နေ

ကန့်ကွက်လိုပါက ဆက်သွယ်ရန်လိပ်စာ
ဒေါ်ခင်ညိုမိဦး
[B.Sc, B.A(B.L), B.D.S (MOFA), C.B.L] (Dip in English),W.I.P.O (Switzerland)
အမှတ်၁၀၀၆/ ဓမ္မဇေတီလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့် ၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉ ၇၈၇၅၁၃၄၄၂

အပြည်ပြည်ဆိုင်ရာ အဆောက်အအုံနှင့် မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာပြပွဲ ၂၀၁၈
International Building & Urban Development Expo 2018
Sep 28 - 30, 2018
တပ်မတော်ခန်းမ၊ ရန်ကုန်
နည်းပညာမြင့် အိမ်တွင်းအလှဆင်ပစ္စည်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အရစ်ကျအတိုးနှုန်းမဲ့အပြင်ဘဏ်ချေးငွေဖြင့်သိန်း ၂၀၀ကျော်တိုက်ခန်းများမှ Luxury Condo များအထိစိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်မည့်အခွင့်အရေး။ နေ့စဉ် (၁း၃၀)တွင် ပညာရှင်ကြီးများမှလည်း မြို့ပြဆိုင်ရာဗဟုသုတရဖွယ် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်လေ့လာနိုင်သည်။ ထို့အပြင် အိမ်သုံးလျှပ်စစ်ပစ္စည်းများစွာကံစမ်းဖွင့်လှစ်ပါမည်။ T: 09 450098008
SHWE TAUNG Real Estate | M.K.T Construction Co.,Ltd | red bee | The Century | NHM | NTO | Min Dhama | MyanDECO

အဆီများ၍ ဗိုက်ချပ်လိုသူများ၊ ဝမ်းပျော့ ဝမ်းမှန်လိုသူများအတွက်...
သတ္တိမောင်
အမှတ်တံဆိပ်
ရှားစောင်းလက်ပပ်ဝမ်းပျော့ဝမ်းမှန်ဆေး
ဆိုင်တိုင်းမေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR012605(0320)
တာဆပက စာနယ်ဇင်း ၂၂၃/၀၈၁၈
ပင်ရင်း
စုဇေတနာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ၁၄/၁၉၊ မန္တလေးလမ်း၊ စက်မှုဇုန်၊ ပုသိမ်မြို့။
ဖုန်း ၀၉ ၄၉၂၃၅၈၀၈၊ ၀၉ ၂၆၁၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅

အမည်ပြောင်း

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း Grade-7(I)တွင် ပညာသင်ကြားလျက်ရှိသော ဦးအောင်ဆန်းဝင်း [၁/မညန(နိုင်)၀၀၀၀၄၈]၏သား မောင်ပြည့်ပိုင်မှူးခန့်အား မောင်စွမ်းခန့်ကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကားစီးလုံးငှားသည်။
AC-Express(45,33,25), အံ့စတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေငါး) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်ငှားပါ။
မြို့တွင်း/မြင်-ခရီးစဉ်မျိုးစုံအတွက် ကားကြီး/သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

နန်းထိုက်တော်ဝင်တားသောက်ကုန်ပညာသင်တန်း
သင်တန်းကျောင်းဖွင့်ရက် ၁.၁၀.၂၀၁၈ - စမည် (အိမ်တွင်းမှုလုပ်ငန်း)
အာလူးကြော်အစုံ၊ Snacksပေါင်းမုန့်၊ အာလူးချောင်းကြော်သွန်ပေါင်း ...
မစွေး (တစ်ပတ်သင်တန်း) ၁၄.၁၀.၂၀၁၈ - ...
သီးသန့်သင်တန်း- ကိတ်ပေါင်မုန့်မုန့်မုန့်/ လွှတ်ရည်ဆိုင်မုန့်/ ...
လမ်းခုဝပ်ရှုံး၆၆ ကျားမန္တလေး။ ၀၉-၅၁၃၄၄၈၈၈၈၀၉၄၀ ၂၂ ၂၀၀၈၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ်-၂၈/ခ၊ မြေကွက်တည်နေရာအမှတ်(၂၈/ခ)၊ ဘုရင့်နောင်လမ်း၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်(ဦးကျော်လှိုင် PGN-၁၂၇၉၃၀) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင် ဦးကျော်လှိုင်သည် ၂၀-၂-၂၀၀၃ရက်တွင်လည်းကောင်း၊ မိခင်ဒေါ်ရီသည် ၃၁-၃-၂၀၀၅ရက်တွင် လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် သားသမီးများတော်စပ်ကြသော (၁)ဦးစိုးနိုင်[၁၂/သဃက(နိုင်)၁၈၄၅၇၇]၊ (၂) ဦးအေးကို[၁၂/သဃက(နိုင်)၀၅၈၄၀၄]၊ (၃)ဒေါ်အေးအေးခိုင်[၁၂/သဃက(နိုင်)၀၅၈၀၆၄]၊ (၄)ဒေါ်ဝေဝေခိုင် [၁၂/သဃက(နိုင်)၁၅၇၉၇၄] တို့မှ ၎င်းတို့(၄)ဦးမှလွဲ၍ အခြားအမွေဆက်ခံမည့် သားသမီးတစ်ဦးမျှမရှိကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးကျမ်းကျိန်လွှာ(၇-၁၃၆၀/ ၁၆-၇-၁၈)သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ၎င်းတို့(၄)ဦးထံမှ ဦးစိုးနိုင်၊ ဒေါ်အေးအေးခိုင်၊ ဒေါ်ဝေဝေခိုင်တို့ထံမှ GP (၅၅/၂၀၁၈)နှင့် (၆၉၉၁/ ၂၀၁၈) ဖြင့်ရရှိသူ GP ဒေါ်သိန်းသိန်းမြင့်[၁၂/ သဃက(နိုင်)၁၃၃၃၈၄]မှ ဦးအေးကိုနှင့်ပူးတွဲ၍ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း ယနေ့ထက်တိုင် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး ကျမ်းကျိန်လွှာ (၇-၁၃၁၉/၁၆-၇-၁၈)နှင့် (၇-၁၃၇၅/၁၆-၇-၁၈) တို့တင်ပြ၍ ပိုင်ဆိုင်+စွန့်လွှတ်မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ တစ်ထပ်ပျဉ်ထောင်အိမ်တွင် ကိုယ်တိုင်နေထိုင်ကြောင်းတွေ့ရှိရသဖြင့် အဆိုပါ ပိုင်ဆိုင်+ စွန့်လွှတ်မြေပုံ ကူးလျှောက်ထားလာခြင်းအပေါ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၇၊ မြေကွက်အမှတ်-၈၈၀/ခ၊ မြေကွက်တည်နေရာအမှတ်-၈၈၀/ခ၊ ကောဇာမင်းလမ်း၊ (၁၀၇)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးစောအယ်ဒီဆင်စံဘွတ်[၁၂/သကတ(နိုင်)၀၇၁၈၁၃]အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက်ဦးစောအယ်ဒီဆင်စံဘွတ်[၁၂/သကတ(နိုင်)၀၇၁၈၁၃]မှ ပါမစ်မူရင်းရှိ ... (ဆက်လက်ဖော်ပြချက်များ) ... မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအား နိုင်ငံတကာအဆင့်မီ အဆင့်မြင့်တင်ပြုပြင် ဆောင်ရွက်နိုင်ရေးအတွက် Master Planရေးဆွဲခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသား လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စိတ်ပါဝင်စားသည့် ကုမ္ပဏီများအား အဆိုပြုလွှာ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ အဆိုပြုလွှာကို အောက်ပါအစီအစဉ်အတိုင်း ရုံးချိန်အတွင်း ဝယ်ယူ၊ တင်သွင်းရန်ဖြစ်ပါသည်-

(က) အဆိုပြုလွှာပုံစံစတင်ရောင်းချမည့်ရက် - ၂၆-၉-၂၀၁၈ရက်
(ခ) အဆိုပြုလွှာပုံစံအရောင်းပိတ်သိမ်းမည့်ရက် - ၂၆-၁၀-၂၀၁၈ရက်
(ဂ) အဆိုပြုလွှာတင်သွင်းရမည့်နောက်ဆုံးရက် - ၂၈-၁၂-၂၀၁၈ရက်
(ဃ) အဆိုပြုလွှာရောင်းချ/တင်သွင်းရမည့်နေရာ - အမှတ်(၂၄၅)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။

၃။ အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၁-၉၀၁၀၆၅၀၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ဖုန်း၀၉-၅၀၄၆၀၄၃၊ ၀၉-၉၆၅၁၄၈၉၅၄သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ဝဒ္ဓ သံယ San brotherhood
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
တပ်ဆင်ပြီးဈေးနှုန်း Copper Pipe 10Ft
1HP 300,000Ks
၁။ နာမည်ကြီး Brand
၂။ စိတ်ချရသည့်အာမခံ
၃။ အသုံးအာမခံ (Compressor)
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
ဇဝန (သဃ်န်းကျွန်း) 09-5148138, 09-424222217
သမိုင်း(မရမ်းကုန်း) 01-709373, 09-73116475
နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
FMI City (လှိုင်သာယာ) 01-3681854, 09-5084831
နိဗ္ဗာန်လမ်း (ကြည့်မြင်တိုင်) 01-703684, 09-43130068
ဒညင်းကုန်း (ရွှေပြည်သာ) 09-5012419, 09-73126244
သုဓမ္မာလမ်း(မ/ဥက္ကလာ) 09-5190383, 09-73251535
အင်းဝအိမ်ရာ (တ/ဒဂုံ) 01-709114, 09-5019316
ရွှေဂုံတိုင်မီးပွိုင့် (ဗဟန်း) 09-43083868, 01-703241
ကျောက်မြောင်း (တာမွေ) 09-73004800, 09-73066836
ဆင်မင်းဈေးအနီး (အလုံ) 01-704101, 09-5002738
Capital အနီး (ဒေါပုံ) 09-5053114, 01-708842
ဘုရင့်နောင်လမ်းမ (လှိုင်) 09-5024365, 09-424222218

အောင်မြေစေတနာ
အကျိုးဆောင်ကုမ္ပဏီမှ အမြန်ရောင်းမည်
ကမာရွတ်၊ သံလွင်လမ်း၊ M-1,B-2(80×80) 2RC 10000.L
ဗဟန်း၊ ဆရာစံလမ်း၊ M-5 မြင်ပြီး (45×65) 3RC 7600.L
သဃ်ကာသုဝဏ္ဏ -VIP,M-2,B-2(70×80) 2RC 5200.L
လှိုင်၊ လှိုင်ရှေ့အိမ်ရာ၊ M-4 မြင်ပြီး (30×80) 2RC 4400.L
မရမ်းကုန်း၊ ရွှေနှင်းဆီလမ်း (40×110) မြေ 3400.L
မ/ဥ၊ သုဓမ္မာလမ်းမပေါ် (20×60) 1RC 2200.L
ကမ္ဘာအေး-Villa Condo, M-1,B-2 (2200-Sqft) 4300.L
ဗဟန်း၊ ရွှေသံလွင်ကွန်ဒို၊ M-2,B-3 (3600-Sqft) 4000.L
ရန်ကင်း၊ ပညာဝတီကွန်ဒို၊ M-1,B-2 (1850-Sqft) 3450.L
အလုံ၊ ORCHID ကွန်ဒို၊ M-3 မြင်ပြီး (1760-Sqft) 2600.L
မရကာ၊ Ocean Condo, M-1,B-2,AC-3 (1350-Sqft) 1450.L
FB-Page ▸ Aung Myay Saytanar Realestate Co.,Ltd
"အိမ်၊ခြံ၊မြေ များအား အပ်နှံပေးရန် ဖိတ်ခေါ်ပါသည်"
09-5080073, 09-422888853, 09-422888852

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ထန်းနှစ်ပင်ကျောင်းလမ်း၊ အမှတ်(၄၇)နေ ဦးရဲမင်းထွန်း [၁၂/သလန(နိုင်)၀၀၉၅၃၉] ကိုင်ဆောင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၅)ရပ်ကွက်၊ သဟာဆွေ(၆)လမ်း၊ မြေကွက်အမှတ်(၃၇၃+၃၇၄)၊ မြေဧရိယာ (အလျားပေ၆၀×အနံ၅၀ပေ)ရှိ မြေကွက်(၂)ကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် (၁၅-၇-၂၀၁၅)ရက်စွဲပါ မြေငှားစာချုပ်အမှတ် ဂရသ/ လသယ-၃၆၉/၁၅၊ အမှုတွဲအမှတ်-လသယ/ဂရသ (ပျောက်) -၆၀၁၄/၁၂ ဖြင့် ဒေါ်အေးအေးဖြူ [၇/ဒဥန(နိုင်)၁၂၃၃၇၆] ကိုင်ဆောင်သူက နှစ်(၆၀)မြေငှားဂရန်စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု စကားကမ်းလှမ်းလာသည့်အတွက် ယင်းမြေကွက်(၂)ကွက်အနက် မြေကွက်အမှတ်(၃၇၄) မြေဧရိယာ(အလျားပေ၃၀×အနံ၅၀ပေ) ရှိမြေကွက်ကို အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ရောင်းချသူ ဒေါ်အေးအေးဖြူထံသို့ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးရဲမင်းထွန်း [၁၂/သလန(နိုင်)၀၀၉၅၃၉]
လွှဲအပ်ညွှန်ကြားချက်များအရ

ဒေါ်ဇင်ဇင်နိုင် LL.B,D.B.L — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၉၂)**
ဦးအောင်နိုင်စိုး(LL.B) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၈၂)**
အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်း အရှေ့၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၇၂၉၃၃၄၄၊ ၀၉-၄၄၃၁၉၃၃၄၄၊ ၀၉-၇၉၈၁၉၃၂၉၉

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက် ကန်ဦးကျောင်းလမ်း၊ ရွာသစ်အနောက်-၂၊ အမှတ်-၅၄/၅၅ဟု ခေါ်တွင်သော မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (အလျားပေ၅၀× အနံပေ၆၀)ရှိ မြေကွက်အမှတ်-၅၄/၁ကို တရားဝင်လက်ရှိ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဒေါ်လှကြည်[၁၂/မဂဒ(နိုင်)၀၁၅၄၂၀]နှင့် ဒေါ်ချိုမာကြည်[၁၂/မဂဒ(နိုင်)၀၁၅၄၆၇]တို့ထံမှ ဦးအောင်ဇော်ဦး[၁၂/အစန(နိုင်)၁၈၆၁၈၃] နှင့် ဒေါ်အိစန္ဒီအောင်[၁၂/အစန(နိုင်)၂၀၁၂၈၂]တို့က ဝယ်ယူရန်အတွက် ၇-၉-၂၀၁၈ ရက်စွဲပါ မြေကွက် အရောင်းအဝယ်စရန်ပေး ကတိစာချုပ်ကိုချုပ်ဆို၍ ရောင်းဖိုးငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်တော် (တရားလွှတ်တော်ရှေ့နေ ဦးအေးနိုင်)ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
တရားလွှတ်တော်ရှေ့နေ ဦးအေးနိုင်
LL.B.,D.B.L.,D.M.L.,Advocate
တရားလွှတ်တော်ရှေ့နေ
(စဉ်-၅၀၈၇/၉-၈-၈၉)
အမှတ်-၇၃၆/ဘီ၊ ရွှေပင့်ကူလမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၃၈၈၅၊ ၀၉-၄၂၀၀၃၁၄၁၂

ဒေါ်ထက်ထက်ခိုင် LL.B.,D.IP.L
အထက်တန်းရှေ့နေ(စဉ်-၄၅၈၁၇)
ဦးထူးဝဏ္ဏကိုကို LL.B.,D.IP.L
အထက်တန်းရှေ့နေ(စဉ်-၄၈၄၁၂)
ဒေါ်အေးဝတီကိုကို
LL.B.,D.B.L.,D.IP.L
အထက်တန်းရှေ့နေ(စဉ်-၄၈၄၈၀)
Pioneer Law Firm
တိုက်၁၅၁(ဒုထပ်)၊ ၃၈လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/သမိုင်း)၊ မြေကွက်အမှတ်(၁၂/ထ-၃+၁၂/ဒ+၁၂/ခ-၁) (အရပ်ခေါ်) မရမ်းကုန်းမြို့နယ်၊ တော်ဝင်ချယ်ရီအိမ်ရာ၊ ချယ်ရီလမ်း၊ အမှတ်(၃)ဟုခေါ်တွင်သည့် ဧရိယာ(၀.၂၄၈)ဧကရှိလ/န၃(ခ)ရပြီး၊ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို မြေအမည်ပေါက်ပိုင်ရှင် ဒေါ်သီတာတင် (၁၂/ကမတ(နိုင်)၀၀၈၀၄၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်ထွန်း LL.B.,LL.M. တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၁၆၃)
ဒေါ်ဝင်းသီတာမော် LL.B.(စဉ်-၄၇၅၇၈)
ဦးတေဇာမြိုး LL.B.(စဉ်-၄၇၄၉၆)
အထက်တန်းရှေ့နေများ

Fb Page: Aung Myay Saytanar Realestate Co.,Ltd, E-mail: aungmyayrealestate@gmail.com
☎ : 09- 5080073 , 09- 76 5080073 , 09- 69 5080073 , 09- 420 189 919
အမှတ်(၈၈၈)၊ အခန်း(၃-ဘီ)၊ မေတ္တာလမ်းကွန်ဒို၊ မေတ္တာလမ်းမ၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

မိမိတို့သင်ယူနေသော Major တက်ချင့်မရသူများအတွက် .....
အင်္ဂလန်နိုင်ငံအသိအမှတ်ပြု ဒီပလိုမာတန်းခွဲသစ်များ ကျောင်းအပ်လက်ခံပြီ

City & Guilds (UK) Engineering Diploma

- Air-Con - ၆လ
- Civil - ၁နှစ်
- EP & EC - ၁နှစ်
- Adv; Civil - ၁နှစ်

စမည့်ရက် - 8 Oct; 18

8 Oct; ထိ **5% Off**

"သင်တန်းကြေး အရစ်ကျပေးသွင်းနိုင်သည်။"

Dual Tech မှကမ္ဘာ့အသိအမှတ်အများဆုံးရရှိထားသော ဆုရှင်များ

DUAL TECH (Institute of Vocational Education)

၂၀၆/၂၊ ရန်ကင်းလမ်းမကြီး၊ ၁၂လုံးတန်းမှတ်တိုင်(မီးပွိုင့်ဆောင်)၊ ရန်ကင်းမြို့နယ်။
Ph: 09 420 313 719, 09 730 20 803 Website: dualtechmyanmar.com

COLD STORE WAREHOUSE SERVICE

အအေးခန်းဝန်ဆောင်မှုလုပ်ငန်း

- ငါး၊ ပုစွန်၊ ငါးခြောက်၊ ပုစွန်ခြောက်များနှင့် အခြားကုန်ပစ္စည်းများအား အအေးခန်းတွင် သိုလှောင်လိုသူများအတွက် HACCP, BRC လက်မှတ်ရရှိထားသော အအေးခန်းစက်ရုံမှ COLD STORE WAREHOUSE SERVICE များဝန်ဆောင်မှုပေးလျက်ရှိပါသည်။
- အအေးခန်းသိုလှောင်မှုဝန်ဆောင်ခအဖြစ် (1Kg) အတွက် တစ်ရက်လျှင် (၁ကျပ်ပြား၅၀)နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ အခန်းပြတ် ငှားရမ်းလိုသူများအတွက်လည်း ညှိနှိုင်းဆောင်ရွက်ပေးပါသည်။
- ငါး၊ပုစွန်ပြုပြင်အေးခဲပြီး (Export)ဆောင်ရွက်လိုသူများအတွက် အေးခဲခြင်း (Freezing) ဝန်ဆောင်မှုများနှင့် အေးခဲပြီးငါး၊ပုစွန်များ သယ်ယူပို့ဆောင်ခြင်းအတွက် အအေးခန်းကားများငှားရမ်းပေးခြင်း၊ (Export)တင်ခြင်းဝန်ဆောင်မှုများကို(One Stop Service) ဖြင့်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန် - Ph : 01-3685331 ,01-3685780, 01-3685320
- Hp: 09-5014727

လိပ်စာ - ရွှေယမုံအအေးခန်းစက်ရုံ
အမှတ်(174-B) ဆိပ်ကမ်းသာလမ်း၊လှိုင်သာယာ၊စက်မှုဇုန် (4) လမ်း၊ ရန်ကုန်မြို့။

* ၂၀၁၉ မေးခွန်း ပုံစံအသစ် နှင့် အဖြေများ၊ ဝါရင့်တစ်စမ်းများကြီးများနှင့် ဝါရင့်ပါမောက္ခများ ဦးစီးသော Win Education ၏ မေးနိုင်သော မေးခွန်း (၅)စုံ
* စတုတ္ထတန်း အတန်းတင်စာမေးပွဲကြီးတွင် ဂုဏ်ထူးမှတ်များနှင့် အောင်မြင်လိုပါသလား။

ဒီစာအုပ်များကို ဖတ်ပါ၊ မှတ်ပါ၊ ကြိုတင် လေ့ကျင့်ပါ။



စတုတ္ထတန်း - ဘာသာစုံ
အတန်းတင်စာမေးပွဲကြီးတွင် မေးနိုင်သောမေးခွန်း (၅)စုံ
နှင့်
အမှတ်ပေးစည်းမျဉ်း နှင့်အညီ တိကျသောအဖြေစုံ

၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈
ခုနှစ်တွင် တိုင်းနှင့်ပြည်နယ်တို့တွင် မေးခဲ့သော
စတုတ္ထတန်း - ဘာသာစုံ
မေးခွန်းပေါင်း
၆၈ စုံ
ကို အမှတ်ပေးစည်းမျဉ်းနှင့်အညီ ထူးထူးခြားခြား ရှင်းလင်းချက်များ ဖြေဆိုပုံ ဖြေဆိုနည်းပုံစံအသစ်နှင့် အဖြေများကို ဘာသာစုံ တစ်အုပ်ချင်း ရှင်းလင်းတိကျစွာ ဖြေဆိုပေးထားသည့်အတွက် ကျောင်းသူ၊ ကျောင်းသားတို့ ဂုဏ်ထူးမှတ် သေချာပေါက်ရရှိစေမည့် စာအုပ်ကောင်းများဖြစ်ပါသည်။

ထွက်ပြီ

စာပေရဲရင့်စာပေ - ၀၉-၄၅၀၀၄၄၄၇၁ ၀၁-၃၉၄၆၈၅

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်စိုးသိန်းဝင်း [၇/မညန(နိုင်)၀၇၇၄၉၆]၏ သင်္ဘောသားစာအုပ် ရန်-ခ498/07ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန်။ **မောင်စိုးသိန်းဝင်း**
ဖုန်း-၀၉-၇၉၅၆၅၂၇၆၅၊ ၀၉-၄၂၂၉၈၉၈၆၂

မြေကွက်ရောင်းမည်
နေရာကောင်း၊ အဝေးပြေးကားကွင်းနှင့် မျက်နှာချင်းဆိုင်လမ်းသစ် လမ်းမပေါ်၊ မြင်းခြံမြို့။
ရှေ့မျက်နှာစာ(အလျား) - ၂၀၅ ပေ၊
ဘေးမျက်နှာစာ(အနံ) - ၈၆ ပေ၊
ဈေးနှုန်း -သိန်း ၉၅၀၀/-(ညှိနှိုင်း)၊
ဆက်သွယ်ရန်
ဖုန်း-၀၉-၅၁၃၅၁၇၆၊ ၀၉-၅၀၁၀၅၀၉

ဖခင်အမည်မှန်
ကျိုက်မရောမြို့နယ်၊ အထက၊ တရနာ၊ ဒသမတန်း(A)မှ မိလျကက်ချား၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးမှန်စွန်း[၃/ကဆက(နိုင်)၁၂၃၇၁၁]ဖြစ်ပါကြောင်း။
ဦးမှန်စွန်း

ဖခင်အမည်မှန်
ကျိုက်မရောမြို့နယ်၊ အထက၊ တရနာ၊ ဒသမတန်း(A)မှ မအိရွှေဇင်၏ ဖခင်အမည် မှန်မှာ ဦးစန်းဝင်း[၁၀/ကမရ(နိုင်)၀၈၄၇၇၃]ဖြစ်ပါကြောင်း။
ဦးစန်းဝင်း

ပြင်ဆင်ဖတ်ရှုပါရန်
၂၃-၈-၂၀၁၈ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၂)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၂)ပါရှိ ရှိခဲ့သောအမည်ပြောင်းတွင်မြေအမည်ပေါက် ဒေါ်မြင့်စန်း(ခ)အန်မင်စန်း+ဒေါဟုအမှန်ဖတ်ရှုပါရန်။

တိုက်ခန်းရောင်းမည်။
လှိုင်-သံလမ်း/လမ်းမတန်း (၁၄'×၅၀')ဂရန်အိပ်ခန်း(၁)ခန်း Air-Con ၁လုံး၊ကြွေပြားခင်း ဗိုလ်တိုင်-သံပန်းဆန်းရိုက် ရှယ်ပြင်ပြီး၃၄၅သိန်း(ညှိနှိုင်း)
09-799576201

ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထက(ခွဲ)ဒသမတန်းမှ မလာဘ်ဝေအောင်၏ ဖခင်အမည်မှန်မှာ TKI ၁၈၄၃၁၇ ဦးလှအေးဖြစ်ပါသည်။

ကောင်းမြတ်
ယာဉ်မောင်းသင်တန်း
အချိန်တိုအတွင်း အိမ်အရောက် အမြန်သင်ပေးသည်။
09 973748149, 09 445296758

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက်.....

မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?

Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိမ်မက်ရှိပါသလား ?

ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်ချင်ပါသလား ?

ဒီအိမ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ယူကြစို့ !

ITနည်းပညာရပ်များကိုZero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် *" Only One School in Myanmar "*

IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများမှာ အလုပ်လုပ်ကြရအောင် !

Japan Style Career Education
- System Creator Course (2 years)
- Web Engineer Course (2 years)

2018 December 7 ရက်တွင် စတင် ဖွင့်လှစ်မည့် IT Course တန်းခွဲသစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ

09-262007800, 09-262007900

METRO IT & Japanese Language Centre

IT Course Seminar

Date : 30th . September . 2018 (Sunday)
Time : 1:00 pm ~ 3:00 pm
Place : Metro IT & Japanese Language Centre

စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ www.facebook.com/metrogroupmyanmar

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ရန်ကုန်အဝေးသင်တက္ကသိုလ်
ဘွဲ့နှင်းသဘင်ကျင်းပခြင်းကြေညာချက်

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၁၇ ပညာသင်နှစ်အတွက် ၂၀၁၇ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကျင်းပပြီးစီးခဲ့သော ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့နှင့်သိပ္ပံဘွဲ့စာမေးပွဲများကိုအောင်မြင်ပြီး တက်ရောက်ဘွဲ့ယူရန် ၁၀-၈-၂၀၁၈ရက်နောက်ဆုံးထား၍ လျှောက်ထားပြီးဖြစ်သော ပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားများကို ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့တက်ရောက်ယူသည့်ပွဲများတွင် အမျိုးသားများသည် မြန်မာဝတ်စုံ(အင်္ကျီလက်ရှည်ဖြစ်ရမည်)(သို့မဟုတ်)၊ တိုင်းရင်းသားဝတ်စုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ (အင်္ကျီလက်ရှည်ဖြစ်ရမည်)(သို့မဟုတ်) တိုင်းရင်းသားဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ကြမည့် ကျောင်းသူ၊ ကျောင်းသားများသည် အစမ်းလေ့ကျင့်ပွဲရက်နှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ လိုက်လျောညီထွေသော ဝတ်စားဆင်ယင်မှုရှိသူများကိုသာ ဘွဲ့နှင်းသဘင်အခမ်းအနားများ (အစမ်းလေ့ကျင့်ပွဲအပါအဝင်)သို့ တက်ရောက်ခွင့်ပြုမည်ဖြစ်သည်။

၃။ **(၁၆၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
ဥပဒေပညာ(ဂုဏ်)(၅၃-၁မှ၁၂၃အထိ)	၁၈-၁၀-၂၀၁၈	၂၀-၁၀-၂၀၁၈
ဒဿနိကဗေဒ(မော်လမြိုင်၊ ဘားအံ)	(ကြာသပတေးနေ့)	(စနေနေ့)
ပထဝီဝင်(ရန်ကုန်အရှေ့ပိုင်း)	နံနက် ၉း၀၀နာရီ	နံနက် ၉း၀၀နာရီ
မြန်မာစာ(တောင်ငူ)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
ရူပဗေဒ(မအူပင်)		
ဓာတုဗေဒ(ဘားအံ)		
ဥပဒေပညာ(ဂုဏ်)(၅၃-၁၂၄နှင့်အထက်)	၁၈-၁၀-၂၀၁၈	၂၀-၁၀-၂၀၁၈
ဒဿနိကဗေဒ(ရန်ကုန်အရှေ့ပိုင်း)	(ကြာသပတေးနေ့)	(စနေနေ့)
စိတ်ပညာ(ဂုဏ်၊ မော်လမြိုင်)	နံနက် ၉း၀၀နာရီ	မွန်းလွဲ ၂း၃၀နာရီ
မြန်မာစာ(ဘားအံ)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
သမိုင်း(မော်လမြိုင်)		
ရူပဗေဒ(ဘားအံ)		
ရုက္ခဗေဒ(ဘားအံ)		
သတ္တဗေဒ(မအူပင်)		
ဥပဒေပညာ(ရန်ကုန်အရှေ့ပိုင်း)	၁၈-၁၀-၂၀၁၈	၂၁-၁၀-၂၀၁၈
သမိုင်း(ရန်ကုန်အရှေ့ပိုင်း)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
မြန်မာစာ(မအူပင်)(၄မ-၁မှ၄၄၀အထိ)	မွန်းလွဲ ၂း၀၀နာရီ	နံနက် ၉း၀၀နာရီ
သချာ(ဘားအံ)	ခန်းမ(ရှေ့ခြမ်း)	(၃-နံနက်)
ဓာတုဗေဒ(မအူပင်)		
အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
ဥပဒေပညာ(ရန်ကုန်အနောက်ပိုင်း၊ ဟင်္သာတ၊	၁၈-၁၀-၂၀၁၈	၂၁-၁၀-၂၀၁၈
ဘားအံ)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
ဒဿနိကဗေဒ(ရန်ကုန်အနောက်ပိုင်း)	မွန်းလွဲ ၂း၀၀နာရီ	မွန်းလွဲ ၂း၃၀နာရီ
မြန်မာစာ(မအူပင်)(၄မ-၄၄၂နှင့်အထက်)	ခန်းမ(နောက်ခြမ်း)	(၃-ညနေ)
ပထဝီဝင်(ဂုဏ်)		
အင်္ဂလိပ်စာ(ဘားအံ)		
သတ္တဗေဒ(ဘားအံ)		
သချာ(မအူပင်)		
ရုက္ခဗေဒ(မအူပင်)		

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၅-၁၀-၂၀၁၈ရက် (တနင်္လာ)နေ့မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (သထုံလမ်း၊ ကမာရွတ်)ဘွဲ့နှင်းဌာနခွဲတွင်ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာထုတ်ပေးမည်မဟုတ်ပါ)

၄။ **(၁၆၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
ဥပဒေပညာ(မအူပင်)	၈-၁၁-၂၀၁၈	၁၀-၁၁-၂၀၁၈
အင်္ဂလိပ်စာ(ရန်ကုန်အရှေ့ပိုင်း)	(ကြာသပတေးနေ့)	(စနေနေ့)
(၄အ-၁မှ၂၄၀အထိ)	နံနက် ၉း၀၀နာရီ	နံနက် ၉း၀၀နာရီ
ပထဝီဝင်(ထားဝယ်)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
သမိုင်း(ဟင်္သာတ)		
မြန်မာစာ(မြိတ်)		
ရူပဗေဒ(ပုသိမ်)		
သတ္တဗေဒ(ပုသိမ်)		
ဥပဒေပညာ(ပုသိမ်)	၈-၁၁-၂၀၁၈	၁၀-၁၁-၂၀၁၈
ဒဿနိကဗေဒ(မြိတ်)	(ကြာသပတေးနေ့)	(စနေနေ့)
အင်္ဂလိပ်စာ(ရန်ကုန်အရှေ့ပိုင်း)	နံနက် ၉း၀၀နာရီ	မွန်းလွဲ ၂း၃၀နာရီ
(၄အ-၂၄၁နှင့်အထက်)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
သမိုင်း(မြိတ်)		
မြန်မာစာ(မော်လမြိုင်)		
ဓာတုဗေဒ(ပုသိမ်၊ တောင်ငူ)		
ဥပဒေပညာ(မော်လမြိုင်၊ တောင်ငူ)	၈-၁၁-၂၀၁၈	၁၁-၁၁-၂၀၁၈
ပထဝီဝင်(ဟင်္သာတ)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
သမိုင်း(ထားဝယ်)	မွန်းလွဲ ၂း၀၀နာရီ	နံနက် ၉း၀၀နာရီ
မြန်မာစာ(ရန်ကုန်အရှေ့ပိုင်း)(၄မ-၂မှ၃၁၅အထိ)	ခန်းမ(ရှေ့ခြမ်း)	(၃-နံနက်)
မြန်မာစာ(ထားဝယ်)		
သချာ(ပုသိမ်)		
ရုက္ခဗေဒ(ပုသိမ်)		
သတ္တဗေဒ(တောင်ငူ)		
အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
ဥပဒေပညာ(စစ်တွေ၊ ထားဝယ်၊ ပြည်၊ မြိတ်)	၈-၁၁-၂၀၁၈	၁၁-၁၁-၂၀၁၈
ဒဿနိကဗေဒ(ပုသိမ်)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
မြန်မာစာ(ရန်ကုန်အရှေ့ပိုင်း)	မွန်းလွဲ ၂း၀၀နာရီ	မွန်းလွဲ ၂း၃၀နာရီ
(၄မ-၃၁၆နှင့်အထက်)	ခန်းမ(နောက်ခြမ်း)	(၃-ညနေ)
သမိုင်း(ပဲခူး)		
ပထဝီဝင်(ရန်ကုန်အနောက်ပိုင်း)		
အင်္ဂလိပ်စာ(ဟင်္သာတ)		
ရူပဗေဒ(တောင်ငူ)		
သချာ(တောင်ငူ)		
ရုက္ခဗေဒ(တောင်ငူ)		

ဘွဲ့နှင်းသဘင်တက်ရောက်ရန်ဘွဲ့ဝတ်စုံထောက်ခံစာကို ၅-၁၁-၂၀၁၈ (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ်(သထုံလမ်း၊ကမာရွတ်) ဘွဲ့နှင်းဌာနခွဲတွင်ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာထုတ်ပေးမည်မဟုတ်ပါ)

၅။ **(၁၆၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
စီးပွားရေးပညာ(ရန်ကုန်အရှေ့ပိုင်း)	၂၁-၁၁-၂၀၁၈	၂၄-၁၁-၂၀၁၈
(၄စီး-၁မှ ၁၁၆အထိ)	(ဗုဒ္ဓဟူးနေ့)	(စနေနေ့)
စီးပွားစီမံ(ဟင်္သာတ)	နံနက် ၉း၀၀နာရီ	နံနက် ၉း၀၀နာရီ
အင်္ဂလိပ်စာ(ထားဝယ်)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
သမိုင်း(တောင်ကုတ်)		
မြန်မာစာ(ဟင်္သာတ)(၄မ-၂မှ၄၀၈အထိ)		
ရူပဗေဒ(ရန်ကုန်အရှေ့ပိုင်း)(၄ရပ-၁မှ ၁၈၈အထိ)		
စီးပွားရေးပညာ(ရန်ကုန်အရှေ့ပိုင်း)	၂၁-၁၁-၂၀၁၈	၂၄-၁၁-၂၀၁၈
(၄စီး-၁၁၇မှ ၂၃၅အထိ)	(ဗုဒ္ဓဟူးနေ့)	(စနေနေ့)
အင်္ဂလိပ်စာ(တောင်ငူ)	နံနက် ၉း၀၀နာရီ	မွန်းလွဲ ၂း၃၀နာရီ
မြန်မာစာ(ဟင်္သာတ)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
(၄မ-၄၁၀မှ ၈၀၄အထိ)		
ရူပဗေဒ(ရန်ကုန်အရှေ့ပိုင်း)		
(၄ရပ-၁၈၉နှင့်အထက်)		
သတ္တဗေဒ(ရန်ကုန်အရှေ့ပိုင်း)		
စီးပွားရေးပညာ(ရန်ကုန်အရှေ့ပိုင်း)	၂၁-၁၁-၂၀၁၈	၂၅-၁၁-၂၀၁၈
(၄စီး-၂၃၇နှင့်အထက်)	(ဗုဒ္ဓဟူးနေ့)	(တနင်္ဂနွေနေ့)
စီးပွားစီမံ(ပုသိမ်)	မွန်းလွဲ ၂း၀၀နာရီ	နံနက် ၉း၀၀နာရီ
ပထဝီဝင်(ပြည်)	ခန်းမ(ရှေ့ခြမ်း)	(၃-နံနက်)
သမိုင်း(ဘားအံ)		
မြန်မာစာ(ဟင်္သာတ)(၄မ-၈၀၅မှ၁၂၅၅အထိ)		
